# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် ၂၀၁၇ ခုနှစ်၊ မေ ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၃၁)


**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ပြည်သူတွေရဲ့လူမှုဘဝဖူလုံရေးသာမက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လွယ်ကူဖို့ အထောက်အပံ့ဖြစ်ပါတယ်**


စာ » ၆


**တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်နှစ်စင်း ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာ**


စာ » ၈


**ကင်ညာမြောက်ပိုင်းတွင် ရွေးကောက်ပွဲအတွက် မိန့်ခွန်းပြောကြားရန် သမ္မတရောက်ရှိလာပြီးနောက် ရှုန်းရင်းဆန်ခတ်ဖြစ်ပွား**


စာ » ၁၀


## ဘက်စုံသုံး ကွန်တိန်နာရေယာဉ် စတင်ပြေးဆွဲ



**သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၂၁**

ဧရာဝတီမြစ်ကြောင်းအတွင်း ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးလွယ်ကူချောမွေ့စေရန်နှင့် လျင်မြန်စေရန်အပြင် ကုန်သေတ္တာနှင့် ကုန်တင်အိတ်များကို စက်ယန္တရားဖြင့်အတင်အချပြုလုပ်နိုင်ရေးအတွက် ကွန်တိန်နာရေယာဉ်နှင့် တွဲရေယာဉ်များအစားထိုးကာ သယ်ယူပို့ဆောင်ရေးစနစ်အကောင်အထည်ဖော်သည့်အနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ဘက်စုံသုံးကွန်တိန်နာရေယာဉ်ကို မေလ ဒုတိယပတ်က စတင်ပြေးဆွဲနေပြီဖြစ်သည်။

ဘက်စုံသုံးကွန်တိန်နာရေယာဉ်ကို ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT ဆိပ်ခံတံတားမှ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရွှေမဲဆိပ်ကမ်းသို့ ၂၀၁၇ ခုနှစ် မတ် ၉ ရက်မှ ဧပြီ ၇ ရက်အထိ ကုန်သေတ္တာအလုံး ၄၀ အသွားအပြန်တင်ကာ


*စာမျက်နှာ ၄ ကော်လံ ၅*


## ယခုနှစ်တွင် စတင်မည့် ရန်ကုန်ကျောင်းကား (School Bus) အကြောင်း




ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မှာယူတင်သွင်းသည့် ကျောင်းကား (School Bus) ပုံစံ

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကိုဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်များတွင် ကျောင်းကားများ စနစ်တကျ ပြေးဆွဲနိုင်ရေးသည်လည်း နည်းလမ်းတစ်ခုအဖြစ် ပါဝင်လျက်ရှိနေသည်။ ဇွန် ၁ ရက်တွင် မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ ညွှန်ကြားမှုဖြင့် ယာဉ်ကြောပိတ်ဆို့နိုင်သော ရန်ကုန်မြို့တွင်းရှိ အဓိကလမ်းမကြီးများပေါ်၌ တည်ရှိသည့် ကျောင်း ၂၂ ကျောင်းအား ကျောင်းကြို၊ ကျောင်းပို့ယာဉ် (School Bus) များဖြင့် စနစ်တကျ ကြို၊ ပို့ပေးနိုင်ရန် သက်ဆိုင်ရာကျောင်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ပြောင်းလဲမည့် ကျောင်းကားစနစ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ယခုလို ပြောကြားသည် -


*စာမျက်နှာ ၅ ကော်လံ ၁*





မြန်မာ့အလင်း

# လက်တွေ့စွမ်းဆောင်မှုအဖြစ် အသွင်ပြောင်းရမည့် ခွန်အား

"ခေတ်နောက်ကျသော နိုင်ငံတစ်ခု၏ စီးပွားရေးကို တိုးတက်အောင် ပြုလုပ်ရာတွင် အခြေခံကျသော အကြောင်းတရားမှာ ယင်းနိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်များ **(Human Resource)** ကို အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံး အသုံးပြုရန်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးဖွံ့ဖြိုးမှုသည် လူသားဆိုင်ရာလုပ်ငန်းကြီးတစ်ရပ် **(Human Undertaking)** ဖြစ်ပြီး လူတို့၏အစွမ်းအစများကို တက်ကြွသော အင်အားများ **(Dynamic Force)** အဖြစ် စုစည်းဖော်ဆောင်ပေးနိုင်မှသာ အောင်မြင်နိုင်သည့် လုပ်ငန်းဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် ခိုင်မာအားကောင်းသော အမျိုးသားရေးစိတ်ဓာတ်အားမာန် **(Strong national will-power)** ရှိရန် လိုအပ်သကဲ့သို့ ယင်းအားမာန်ကို လက်တွေ့စွမ်းဆောင်မှုအဖြစ် ပြောင်းလဲနိုင်သည့် အရည်အချင်းနှင့် အရည်အသွေးများလည်း ပြည့်စုံနေရန်လိုအပ်သည်။"

အထက်ပါ ကောက်နုတ်ချက်သည် ၁၉၆၀ ပြည့်နှစ်က ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)တွင် အာဏာရယူခဲ့ပြီးနောက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူ သမ္မတပတ်ချုံဟီး ရေးသားခဲ့သည့် "နိုင်ငံတစ်ခု တည်ဆောက်ရေး" စာအုပ်မှကောက်နုတ်ချက်ဖြစ်သည်။ အာရှအရှေ့ဖျားနိုင်ငံတစ်ခုဖြစ်သည့် တောင်ကိုရီးယားသည် ၁၉၄၅ ခုနှစ် နောက်ပိုင်းတွင် တောင်-မြောက် ကိုရီးယားနှစ်နိုင်ငံကွဲခဲ့ရပြီး ၁၉၅၀ ပြည့်နှစ်တွင် ကိုရီးယားနှစ်နိုင်ငံ စစ်ပွဲဖြစ်ပွားခဲ့ကာ စစ်၏ဒဏ်ရာဒဏ်ချက်များနှင့်အတူ နိုင်ငံ့စီးပွားရေးမှာလည်း ချွတ်ခြုံကျခဲ့ရသည်။ သမ္မတပတ်ချုံဟီး အာဏာရခဲ့ပြီးနောက် နိုင်ငံစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာတွင် အထက်တွင်ဖော်ပြခဲ့သော အတွေးအခေါ်က ပဓာနကျခဲ့သည်။ ကိုရီးယားနိုင်ငံသူ၊ နိုင်ငံသားတို့၏ အစွမ်းအစများကို တက်ကြွသော အင်အားများအဖြစ် စုစည်းဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊ ခိုင်မာအားကောင်းသော အမျိုးသားရေးစိတ်ဓာတ်အားမာန်တို့ကို လက်တွေ့စွမ်းဆောင်မှုအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်းတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ၎င်း၏ရှေ့မှသွားနေသည့် ဂျပန်နိုင်ငံနောက်သို့ အမီလိုက်နိုင်ခဲ့သည်။

၁၉ ရာစုနှောင်းပိုင်း မေဂျီခေတ်တွင် ပဒေသရာဇ်စနစ်အတွင်း ခေတ်မီပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာစေရန် ဂျပန်နိုင်ငံသည် ဆယ်စုနှစ်ပေါင်း ငါးခုစာ နှစ်ပေါင်း ၅၀ ကျော် အချိန်ယူခဲ့ရသော်လည်း တောင်ကိုရီးယားမှာမူ သဘာဝသယံဇာတအရင်းအမြစ်နည်းပါးမှုနှင့် နိုင်ငံ့သမိုင်းကြောင်း အခြေအနေတို့ကြောင့် တိုးတက်ရန် အခွင့်အလမ်းနည်းပါးခဲ့သည့်တိုင်အောင် ထက်မြက်မှန်ကန်သော ဦးဆောင်ဦးရွက်ပြုမှုနှင့် ခိုင်မာအားကောင်းသော အမျိုးသားရေးစိတ်ဓာတ်အားမာန်တို့ကြောင့် ၂၅ နှစ်ခန့်မျှ ကာလအတွင်းမှာပင် စီးပွားဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနိုင်ခဲ့သည်။

အမျိုးသားရေး စိတ်ဓာတ်အားမာန်ဟူသည်မှာ ကြွေးကြော်ရုံသက်သက်၊ လှုံ့ဆော်ရုံသက်သက်၊ မြှောက်ပင့်အသုံးချရုံမျှသက်သက်သာ မဟုတ်ဘဲ မိမိနိုင်ငံ၊ မိမိလူမျိုး အမှန်တကယ်ကောင်းစားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့စွမ်းဆောင်မှုအဖြစ် အသွင်ကူးပြောင်းကြရမည့် အရှိန်အဟုန်ကြီးမားသည့် ခွန်အားတစ်ရပ်သာ ဖြစ်သင့်ပါကြောင်း။ ။




## မကွေးမြို့တွင်းလမ်းများ ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲနှင့် ချမ်းမြေ့သာယာတန်ဖိုးမျှတအိမ်ရာသစ်များ ဖွင့်ပွဲကျင်းပ

**မကွေး မေ ၂၁**

မကွေးမြို့တွင်းလမ်းများ ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲနှင့် ချမ်းမြေ့သာယာတန်ဖိုးမျှတ အိမ်ရာသစ်များဖွင့်ပွဲ အခမ်းအနားများကို မေ ၂၀ ရက် နံနက်ပိုင်းက ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ မကွေးမြို့တွင်းလမ်းများ ကတ္တရာကွန်ကရစ် လမ်းဖွင့်ပွဲကို မကွေးမြို့ မြို့တော်ခန်းမရှေ့ အထက(၁)လမ်းပေါ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒေသခံတစ်ဦးက မကွေးမြို့တွင်း အဓိကလမ်းမကြီးများဖြစ်သော ပြည်တော်သာလမ်း၊ အထက(၁)လမ်း၊ ဆေးရုံလမ်း၊ ဗိုလ်ချုပ်လမ်းမကြီးများကို ကတ္တရာကွန်ကရစ်လမ်းများခင်းပေးခဲ့သည့်အတွက် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

မကွေးမြို့တွင်း လေးလမ်းကတ္တရာကွန်ကရစ်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။




ဖွင့်လှစ်ပေးသည့် မကွေးမြို့တွင်း လေးလမ်းမှာ ပြည်တော်သာ လမ်းအရှည် ၆၈၅၇ ပေ တန်ဖိုးငွေကျပ် သန်း ၇၇၀၊ ဆေးရုံလမ်းအရှည်ပေ ၁၉၂၀ တန်ဖိုးငွေကျပ်သန်း ၂၀၀၊ အထက(၁)လမ်းအရှည် ၈၁၉၉ ပေ တန်ဖိုးငွေကျပ် သန်း ၈၀၀၊ ဗိုလ်ချုပ်လမ်းအရှည် ၁၁၂၅၃ ပေ တန်ဖိုးငွေကျပ် ၁၀၄၁ ဒသမ ၄၅ သန်း တို့ဖြစ်ပြီး အစိုးရသစ်လက်ထက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီးလမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(မကွေး) ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့က ချမ်းမြေ့သာယာတန်ဖိုးမျှတ အိမ်ရာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ချမ်းမြေ့သာယာတန်ဖိုးမျှတအိမ်ရာအား မကွေးမြို့ ပြည်သူများ အိမ်ပိုင်ရာပိုင်ဖြစ်လာစေရေးအတွက် ရည်ရွယ်ခဲ့ကြောင်း သိရသည်။ ပြည်သူများနေရေးအဆင့်မြှင့်တင်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ဖွင့်လှစ်ပြီး ကနဦးတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ပေးသွင်းစေပြီး လေးနှစ်၊ ခြောက်နှစ်၊ ရှစ်နှစ်၊ ၁၀ နှစ် အရစ်ကျစနစ်များဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ညီညီမောင် (မကွေး)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၁-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၅/၇၀၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၂၅/၇၄၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၅/၇၁၅ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၇ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၆ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၂ . ၃၂ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၃၁ |
| တရုတ် | တစ်ယွမ် | ၁၉၈ . ၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၅ . ၈၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ



## ကလေးစာပေပွဲတော်ကျင်းပမည့် တောင်ကြီးတက္ကသိုလ်၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စစ်ဆေး

**တောင်ကြီး မေ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ရှိ ကလေးစာပေပွဲတော် ကျင်းပမည့် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော် ကျင်းပမည့် တောင်ကြီးတက္ကသိုလ်အတွင်းရှိ ဘက်စုံခန်းမ အပါအဝင် ဆက်စပ်အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာယဉ်ယဉ်နွယ်နှင့် တောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

တောင်ကြီးမြို့ ကလေးစာပေပွဲတော်ကို ဇွန် ၂ ရက်မှ ၄ ရက်အထိ တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော်ကျင်းပမည့် တောင်ကြီးတက္ကသိုလ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်

## တာဝန်ယူစိတ်ဖြင့် ဆောင်ရွက်တတ်သူများဖြစ်လာစေရန် လူငယ်မူဝါဒကို ရေးဆွဲခဲ့ခြင်းဖြစ်

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ကြမည့် နိုင်ငံတော်၏ တာဝန်များကို လက်ဆင့်ကမ်းတာဝန်ယူကြမည့် လူငယ်များသည် မိမိတို့၏တန်ဖိုးရှိသော အလားအလာများကို သိမြင်ကြရန်လိုအပ်ကြောင်း၊ အရည်အသွေးပြည့်ဝ၍ မိမိတို့၏ အစွမ်းအစကို ဖော်ထုတ်ပြသနိုင်ပြီး လူမှုကျင့်ဝတ်များကို လေးစားလိုက်နာသူများအဖြစ် တာဝန်ယူစိတ်ဖြင့် ဆောင်ရွက်တတ်သူများဖြစ်လာစေရန် လူငယ်မူဝါဒကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ယနေ့လူငယ်များအတွက် လူငယ်မူဝါဒပေါ်ထွက်လာနိုင်ရေးမှာ အစိုးရ၏ရက် ၁၀၀ စီမံချက်တွင် ပါဝင်ခဲ့ပြီးလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဦးဆောင်ပြီး တစ်နိုင်ငံလုံးမှ လူငယ်များက ကိုယ်စားလှယ်များ ရွေးချယ်ကာ လူငယ်မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ၊ လူငယ်မူဝါဒ ရေးဆွဲရေးလုပ်ငန်းကော်မတီနှင့် လူငယ်မူဝါဒရေးဆွဲရေး ဗဟိုကော်မတီများဖွဲ့ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ မူကြမ်းရေးဆွဲပြီးဖြစ်၍ လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ မူကြမ်းတွင်ပါဝင်သည့် ကဏ္ဍများအလိုက် အကြောင်းအရာများကို တက်ရောက်လာကြသော သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ၎င်းတို့၏ လက်ရှိမူဝါဒ၊ လုပ်ငန်းစဉ်၊ စီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်စေရန် အကြံပြု ဆွေးနွေးကြစေလိုကြောင်း၊ ဖြစ်ပေါ်လာမည့်လူငယ်မူဝါဒသည် လူငယ်ထုအားလုံးကို လွှမ်းခြုံနိုင်မှုရှိရန် လိုအပ်ကြောင်း၊ လက်တွေ့ကျပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော မူဝါဒဖြစ်စေရန် အထူးအလေးထား ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသည်။

မြန်မာနိုင်ငံလူငယ်မူဝါဒရေးဆွဲခြင်းကို ၂၀၁၆ ခုနှစ် မေ ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဇွန်လကုန်တွင် အပြီးရေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံလူငယ်မူဝါဒ ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






## BPI ဆေးဝါးများနှင့် အရက်ပြန်ပြတ်လပ်မှုမရှိရေး ထုတ်လုပ်မှု နှစ်ဆတိုးမြှင့် ထုတ်လုပ်

ရန်ကုန် မေ ၂၁

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းတွင် ဆေးဝါးစက်ရုံ(အင်းစိန်)သို့ရောက်ရှိပြီး ဆေးဝါးသုံးအရက်ပြန်ထုတ်လုပ်ရာတွင် အလိုအလျောက်ပုလင်းဖြည့်စက်ဖြင့် ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆေးဝါးများသည် လူ့အသက်အတွက် ထုတ်လုပ်ရခြင်းဖြစ်သဖြင့် လွန်စွာအရေးကြီးကြောင်း၊ ဆေးဝါးများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသည့် WHO GMP Guide Line နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရန် လိုကြောင်းနှင့် ဈေးကွက်အတွင်း BPI ဆေးဝါးများနှင့် အရက်ပြန်ပြတ်လပ်မှုမရှိစေရေးအတွက် ထုတ်လုပ်မှု နှစ်ဆတိုးမြှင့်ထုတ်လုပ်ရန် မှာကြားသည်။

ဆက်လက်၍ ပဋိဇီဝဆေးဝါးများ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ(အင်းစိန်)BPI ဆေးဝါးအရောင်းဆိုင်ကို လှည့်လည်ကြည့်ရှုပြီး ပြည်သူလူထုကို ရောင်းချနေမှုများအား အားပေးကြည့်ရှု၍ ဆေးဝါးများအား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပန်းဆိုးတန်းလမ်းရှိ Myan House အရောင်းဆိုင်သို့ ရောက်ရှိပြီး BPI ဆေးဝါးများ ပြည်သူလူထုကို ရောင်းချနေမှုများအား ကြည့်ရှုအားပေးပြီး ဆေးဝါးလက်ဆောင်များ ပေးအပ်သည်။ ထို့အပြင် SME လုပ်ငန်းရှင်များမှ ထုတ်လုပ်ထားသော မြန်မာမှုအနုပညာနှင့် ထုတ်ကုန်ပစ္စည်းများ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနေမှုများကို လေ့လာကြည့်ရှုပြီး SME လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တီထွင်ဆန်းသစ်မှုများအပြင် ဒီဇိုင်းအသစ်များဖြင့် ဈေးကွက်ကျယ်ပြန့်စွာ ရောင်းချနိုင်စေရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးအတွက် လိုအပ်ချက်များနှင့် မြေပြင်အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

BPI ထုတ်ဆေးဝါးနှင့် အရက်ပြန်များအား ပြည်သူလူထုလက်ဝယ်သို့ လွယ်ကူလျင်မြန်စွာ ဖြန့်ဖြူးရောင်းချနိုင်စေရေးအတွက် အလားတူ BPI ဆေးဝါးအရောင်းဆိုင်များကို တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဗိုလ်ဆွန်ပက်လမ်းနှင့် ရန်ကုန်မြို့ရှိ အခြားနေရာများအပြင် နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ မကွေး၊ မုံရွာတို့၌ မကြာမီဆက်လက်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ပုဂ္ဂလိကကဏ္ဍလူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များချမှတ်

**မန္တလေး မေ ၂၁**

ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များချမှတ်ခြင်း နှီးနှောဖလှယ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်ခန်းမ၌ ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိက ချိတ်ဆက်ဆောင်ရွက်မှု ခိုင်မာအားကောင်းရေး၊ ဒေသတွင်းလုပ်ငန်းများတွင် လိုအပ်လျက်ရှိသည့် လုပ်ငန်းကျွမ်းကျင်မှု အတတ်ပညာနှင့် ဝေဖန်ပိုင်းခြား တွေးခေါ်နိုင်သောစွမ်းရည်၊ ပြဿနာဖြေရှင်းနိုင်သော စွမ်းရည်နှင့် ခွဲခြားဆန်းစစ်လေ့လာနိုင်သောစွမ်းရည် စသည့် လိုအပ်ချက်များ ဖော်ထုတ်ဆွေးနွေးရေး၊ ဒေသမှတောင်းဆိုမှုအများဆုံးဖြစ်သည့် သင်တန်းအမျိုးအစားတစ်မျိုး စတင်ဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်မည့်သင်တန်းများကို ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်မည့် အစီအစဉ်များ ဖော်ထုတ်နိုင်ရေးသည် ယနေ့ကျင်းပသည့်နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာန အနေဖြင့် ပုဂ္ဂလိကကဏ္ဍအား အထူးတန်ဖိုးထားပြီး အသက်မွေးဝမ်းကျောင်း ပညာရေး အောင်မြင်မှုသာ လူငယ်များ၊ ပြည်သူများ အလုပ်အကိုင်နှင့် လစာကောင်းကောင်းရရှိနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းသာမက ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ စိတ်ပါဝင်စားသော နယ်ပယ်များတွင်လည်း ပူးပေါင်းပါဝင်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း တိုက်တွန်းဆွေးနွေးမှာကြားသည်။




အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း ပြည်ပ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စိုးအောင်(ပညာရေး)**

# ရေနုတ်မြောင်းများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား မေ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပင်မရေနုတ်မြောင်းများ မိုးမကျမီ ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် စည်ပင်သာယာရေးအဖွဲ့ကကြီးကြပ်၍ ဆောင်ရွက်လျက်ရှိသော ခေမာသီရိရပ်ကွက်နှင့် မြို့သစ်ကြီးရပ်ကွက်တို့ရှိ ပင်မရေနုတ်မြောင်းများအား ကျောက်စီရေနုတ်မြောင်းများအဖြစ် ဆောင်ရွက်နေမှုကို မေ ၂၀ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခေမာသီရိရပ်ကွက် လမ်းသွယ်(၂)အတွင်း ဖြတ်သန်းသွားသော ပင်မရေနုတ်မြောင်းပေ ၄၂၄၀ ကို ကျောက်စီရေနုတ်မြောင်း ဆောင်ရွက်ပြီးစီးမှု၊ ကွန်ကရစ်ရေကျော်တံတားများ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် မြို့သစ်ကြီးရပ်ကွက် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားအမှတ်(၂/၂၂၈)၌ ရေနုတ်မြောင်းတူးဖော်ဆောက်လုပ်နေမှု၊ တံတားချဉ်းကပ်လမ်းဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးကြည့်ရှုကြပြီး တံတားအနီး ပြည်ထောင်စုလမ်းမကြီးနှင့် ဗန္ဓုလလမ်းဆုံ၌ အများပြည်သူယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မီးပွိုင့်တပ်ဆင်နိုင်ရေးစီစဉ်ဆောင်ရွက်သွားရန် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအားမှာကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့သစ်ကြီးရပ်ကွက်အတွင်း ဖြတ်သန်းသွားသော ပင်မရေနုတ်မြောင်း ပေ ၅၂၀၀ ကို ကျောက်စီရေနုတ်မြောင်းအဖြစ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ဆဲလုပ်ငန်းများကို မိုးမကျမီ ပြီးစီးရေးနှင့် ခိုင်မာသေသပ်စွာဆောက်လုပ်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

# စံပြမြစိမ်းရောင်ကျေးရွာဆုချီးမြှင့်ပွဲ သံတွဲ၌ ကျင်းပ

**သံတွဲ မေ ၂၁**

သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း ခရိုင်အဆင့် လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲနှင့် စံပြမြစိမ်းရောင်ကျေးရွာဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါခရိုင်ရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးလှကြည်က မြစိမ်းရောင်ကျေးရွာများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြောကြားကာ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် မြို့နယ်အလိုက် ကျေးရွာမြစိမ်းရောင်ကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ တာဝန်ရှိသူများက မြို့နယ်အလိုက် စံပြဆုရရှိသာ မြစိမ်းရောင်ကျေးရွာများသို့ ဆုနှင့်ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ရွှေဖုံးမှ**

စုစုပေါင်းအခေါက်ရေ ၁၀ ခေါက်စမ်းသပ်ပြေးဆွဲခဲ့ပြီး မေ ၁၃ ရက်မှ စတင်ကာ ကုန်သေတ္တာ ပို့ဆောင်ရေးလုပ်ငန်းများကို စတင်ခဲ့ခြင်းဖြစ်သည်။

ကုန်သေတ္တာများကို မြစ်ကြောင်းမှ သယ်ယူပို့ဆောင်နေပြီဖြစ်၍ ရန်ကုန်မြို့အတွင်း ကုန်သေတ္တာယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက် လျော့နည်းကျဆင်းစေမည်ဖြစ်သည်။ ကုန်သေတ္တာပိုင်ရှင်များအနေဖြင့်လည်း ရေကြောင်းမှ သယ်ယူပို့ဆောင်ရခြင်းအတွက် ယခင်ကထက်ငွေကြေးသက်သာပြီး အချိန်မကြန့်ကြာဘဲ ပိုမိုလျင်မြန်လာစေမည်ဖြစ်သည်။

ကုန်သေတ္တာယာဉ်များကို ရန်ကုန်မြို့တွင် ညအချိန်သို့ ပြောင်းလဲပြေးဆွဲရန် သတ်မှတ်ခြင်းကြောင့် အချိန်ကြန့်ကြာမှုအခက်အခဲများလည်း လျော့ကျစေမည်ဖြစ်၍ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးအတွက်များစွာ အထောက်အကူပြုစေမည်ဖြစ်သည်။

ဘက်စုံသုံး ကွန်တိန်နာရေယာဉ်ကို ဂျပန်နိုင်ငံ၏ကူညီထောက်ပံ့မှုဖြင့် JICA က စီမံဆောင်ရွက်သည့် စီမံကိန်းဖြစ်ပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် ကွန်တိန်နာတွဲယာဉ်တည်ဆောက်ရေးအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ခွင့်ပြုချက်ရယူကာ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အလျားမီတာ ၆၀၊ အနံ ၁၅ မီတာ၊ ဇောက် သုံးမီတာ၊ ဝန်ပေါ့ရေစူး တစ်မီတာ၊ ဝန်လေးရေစူး ၁ ဒသမ ၇ မီတာ အရွယ်အစားရှိပြီး ပေ ၄၀ အရွယ်အစားရှိသော ကုန်သေတ္တာ ၂၂ လုံး တင်ဆောင်နိုင်သည့် ကုန်သေတ္တာတွဲယာဉ်အား တည်ဆောက်ပေးရန် SA MARINE Co., မှ မြန်မာ့သင်္ဘောကျင်းသို့ ၂၀၁၅ ခုနှစ် မတ် ၂၅ ရက်က လုပ်ငန်းအပ်နှံခဲ့ခြင်းဖြစ်သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ မြန်မာ-ဗီယက်နမ် သင်္ဘောကျင်းလုပ်ငန်းမှ ဂျပန်နိုင်ငံ၏အကူအညီဖြင့် ယင်းကုန်သေတ္တာတင်တွဲယာဉ်သစ်ကို တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ပြီးစီးခဲ့သည်။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အပြီးသတ်တိုင်းတာစစ်ဆေးမှု ခံယူပြီးနောက် ကွန်တိန်နာတွဲလိုင်စင်ရရှိခဲ့ရာမှ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက SA MARINE Co., သို့ လွှဲပြောင်းပေးခဲ့သည်။

ရန်ကုန်ဆိပ်ကမ်းရှိ ကုန်သေတ္တာတင်ဆိပ်ကမ်းများမှာ ရေစူးများပြီး ကုန်တန်ချိန်များသည့် ပင်လယ်ကူးသင်္ဘောကြီးများအနေဖြင့် ကုန်သေတ္တာများအတင်အချပြုလုပ်ရန် ဝင်ရောက်နိုင်ခြင်းမရှိသဖြင့် သီလဝါဆိပ်ကမ်းသို့ ကုန်သေတ္တာတင်မော်တော်ယာဉ်များ သွားရောက်ကြရသည့်အတွက် ယာဉ်ကြောကျပ်တည်းမှုရှိခြင်း၊ ကုန်သေတ္တာတင်မော်တော်ယာဉ်များ စနစ်တကျမောင်းနှင်မှုများမရှိကြသဖြင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပေါ်ခြင်းတို့ လျော့ကျသွားနိုင်မည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်ဆိပ်ကမ်းများ၌သာမက ရေဝတီမြစ်ကြောင်း တစ်လျှောက် ပြည်တွင်းကုန်သေတ္တာ သယ်ယူပို့ဆောင်သည့်လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မိုးလေဝသအခြေအနေ

**နေပြည်တော် မေ ၂၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်ဘီမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ သံတောင်ကြီးမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ရေးမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၁ ဒသမ ၀၂ လက်မစီ၊ ဇေယျာသီရိ (သိုက်ချောင်း)နှင့် ရန်ကုန်(ကမ္ဘာအေး)တို့တွင် ၀ ဒသမ ၇၈ လက်မစီနှင့် ထားဝယ်မြို့တွင် ၀ ဒသမ ၇၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နေပြည်တော်၌ ကျင်းပခဲ့သည့် တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးချက်များ ဆင့်ပွားပြန်လည်ပို့ချမှုကို မေ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဆွေးနွေးပို့ချစဉ်**
သန့်စင်(ပဲခူး)



# ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ဖွင့်



**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် တိုးမင်းဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်ကျော်စိုးက ဝန်ထမ်းအိမ်ရာအဆောက်အအုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဝင်းတင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးတို့က မြို့နယ်ဥပဒေရုံး အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ အလျား ပေ ၁၀၀၊ အနံ ၄၆ ပေ၊ အမြင့် ၁၂ ပေရှိ ဥပဒေရုံးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် ပြီးစီးသည်။ အလျား ပေ ၂၀၊ အနံ ပေ ၇၀၊ အမြင့် ၂၃ ပေရှိ နှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် တည်ဆောက်ခဲ့ပြီး မေ ၁၈ ရက်တွင် တည်ဆောက်ပြီးစီးသည်။ စုစုပေါင်းကုန်ကျငွေ ကျပ်သန်း ၉၀ ဖြစ်သည်။

**(သတင်းစဉ်)**



ဒေါက်တာမောင်အောင်

*ရှေ့ဖုံးမှ*

**ကျောင်းဖွင့်ရာသီအမီ ကျောင်းကားစနစ်**

ရန်ကုန်မြို့ရဲ့ယာဉ်ကြောပိတ်ဆို့မှု၊ အဓိကလမ်းမကြီးတွေရဲ့ဘေးမှာရှိတဲ့ စာသင်ကျောင်းတွေမှာ ကျောင်းကားစနစ် မသုံးဘဲ ကျောင်းသားတစ်ဦး ကားတစ်စီးနဲ့ သုံးနေတာတွေ၊ နောက် Light Truck ကားတွေကို ကျောင်းကားအဖြစ် သုံးနေတာတွေ၊ ဒါတွေကိုဖယ်ရှားပြီး တဖြည်းဖြည်းနဲ့ အစားထိုးပြောင်းလဲဖို့ အခုလိုအစီအစဉ်ကို စတင်ဆောင်ရွက်တာ ဖြစ်ပါတယ်။

**ရန်ကုန်ကျောင်းကား (School Bus) စီမံချက်ဆိုတာ**

ကျောင်းကားစနစ် စီမံချက်ကိုဒီနှစ်က စမယ်။ နောက်နှစ်စာသင်နှစ်ကိုတော့ ပြီးအောင်လုပ်ဖို့ ဝန်ကြီးချုပ် လမ်းညွှန်ထားတာရှိပါတယ်။ ကျောင်းပေါင်း ၂၂ ကျောင်းပါပါမယ်။ ၂၂ ကျောင်းမှာ ကျောင်းသားဦးရေ ၅၀၀၀၀ ကျော်ရှိပါတယ်။ အဲ့ဒီထဲမှာ ကျောင်းကြိုပို့ယာဉ်နဲ့ ကျောင်းသားက ၁၉၃၄၂ ယောက် ရှိပါတယ်။ ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်တာ ၁၉၉၉ စီး ရှိပါတယ်။ ကျောင်းကားစုစုပေါင်း ၈၄၅ စီးရှိတဲ့ အထဲမှာ Light Truck ကားနဲ့ ပို့တာက ၃၄၀ ရှိတယ်။ Light Truck နဲ့ ကျောင်းတက်တာ ၁၀၀၀၀ ဝန်းကျင်ရှိတယ်လို့ ခန့်မှန်းရရှိပါတယ်။ ဒါကြောင့် ကျောင်းသူကျောင်းသားတွေ အဆင်ပြေစွာကျောင်းတက်နိုင်ရေးအတွက် အဆင့်မီတဲ့ ကျောင်းကားတွေ ပြေးဆွဲနိုင်ဖို့ကို အခုဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**ကျောင်းကား (School Bus) တွေက ဘယ်လိုပုံစံနဲ့ဘယ်လို့ဖြန့်ဝေလဲ**

ကျောင်းကားက ဟွန်ဒိုင်းအမျိုးအစားမှာ မီနီဘတ်စ် မဟုတ်ဘဲ ၂၈ ယောက်စီးနိုင်တဲ့ School Bus ပါ။ ကျောင်းကားအစီး ၂၀၀ မှာထားပါတယ်။ ကားဈေးနှုန်းက အမေရိကန်ဒေါ်လာ ၃၆၈၄၀ ပါ။ ၂၀၁၇ ဟွန်ဒိုင်းထုတ် ကားအသစ်ပါ။ ဟွန်ဒိုင်းကောင်တီ School Bus ပါ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ Korea Trade-Investment Promotion Agency နဲ့ သဘောတူတယ်။ Yangon Bus Public Company Limited ( YBPC) နဲ့ Pasco Daewoo စာချုပ်ချုပ်တယ်။ ဒီကားတွေကို တိုင်းဒေသကြီးအစိုးရက ဝယ်ယူတင်သွင်းတာဖြစ်တဲ့အတွက် အခွန်ကိုလည်း အသက် သာဆုံးဖြစ်အောင် လုပ်ဆောင်ပေးသွားမယ်။ အစိုးရချင်း ချိတ်ဆက်ဝယ်ယူတာဖြစ်တဲ့အတွက် အာမခံချက်ပိုရတယ်။ အရည်အသွေးနဲ့ ဈေးနှုန်းတွေကို သက်ဆိုင်ရာကျောင်းအုပ်ကြီးတွေနဲ့ ကျောင်းအကျိုးတော်ဆောင်တွေကို ပြောပြပြီး ဖြစ်ပါတယ်။

**ကျောင်းကား (School Bus) က မဝယ်မနေရလား**

ဒီကားတွေကို မဝယ်မနေရ၊ မလုပ်မနေရပြောတာ မဟုတ်ဘူး။ တိုင်းဒေသကြီး အစိုးရကလိုချင်တဲ့ အရည်အသွေးနဲ့ ပုံစံကို ပြောပြတာ။ စိတ်ဝင်စားရင် ဝယ်ယူနိုင်တယ်။ ဒီလိုဝယ်နိုင်အောင်လည်း ဘဏ်ချေးငွေရအောင် ဆောင်ရွက်ပေးမယ်။ အရစ်ကျသဘောနဲ့ ကာလတစ်ခုသတ်မှတ်ပြီး ချေးတာပေါ့။ အရစ်ကျဝယ်ယူလိုတယ်။ အဲ့ဒီကားတွေနဲ့ ပြေးဆွဲချင်တယ်လို့ ပြောလာတဲ့ကျောင်းတွေလည်း ရှိပါတယ်။ ကျောင်းကားဆွဲနေတဲ့ ပုဂ္ဂလိကတွေအတွက် ကျောင်းကားဝယ်ယူလိုရင် သက်ဆိုင်တဲ့ ကျောင်းအုပ်ကြီးရယ်၊ ကျောင်းအကျိုးတော်ဆောင်ရယ်၊ နောက် ကျောင်းကားလုပ်ငန်းလုပ်သူရယ် သုံးဦးက ကော်မတီဖွဲ့ပြီး ဆောင်ရွက်ရမယ်။ မဟုတ်ရင် YRTA ကနေ ဝယ်ယူပြီး ကျောင်းကားမဟုတ်တဲ့ အခြားလုပ်ငန်းတွေမှာ အသုံးပြုမှာစိုးလို့ပါ။

ဒီနှစ်မှာအများကစိုးရိမ်နေကြတဲ့ Light Truck ကားတွေနဲ့ ကျောင်းကြို၊ ကျောင်းပို့တဲ့ လုပ်ငန်းမလုပ်ရတော့ဘူးဆိုတာတော့ မဟုတ်ပါဘူး။ အဆင့်လိုက် အဆင့်လိုက် အစားထိုးပြောင်းလဲမှာပါ။ Light Truck ယာဉ်ပိုင်ရှင်တွေ ပြောင်းလဲနိုင်ဖို့ အချိန်ပေးရမယ်။ ခွင့်ပြုပေးထားတဲ့ ကာလအတွင်းမှာ ပြောင်းလဲရမယ်။ ၂၀၁၈-၂၀၁၉ စာသင်နှစ်မှာဆို Light Truck ကားနဲ့ ကျောင်းကြို၊ ကျောင်းပို့မရှိရတော့ဘူးပေ့ါ။ တကယ်လို့ Light Truck ယာဉ်ပိုင်ရှင်တွေက ကျောင်းကားကြိုပို့လုပ်ငန်းအတွက် ယာဉ်တွေ ဝယ်ချင်တယ်၊ ငှားချင်တယ်ဆိုလည်း ကျွန်တော်တို့ YRTA က ညှိနှိုင်းဆောင်ရွက်ပေးပါမယ်။

**Light Truck နဲ့ အခြားယာဉ်များကို ဘယ်အချိန်ထိ ခွင့်ပြုမလဲ**

ဆောင်ရွက်နေဆဲ ကာလအတွင်းမှာတော့ Light Truck ကိုကျောင်းကြို၊ ကျောင်းပို့ ခွင့်ပြုပေးထားပါမယ်။ ဒါပေမယ့် ဒါတွေကို တဖြည်းဖြည်းအစားထိုးမှာ ဖြစ်ပါတယ်။ အစားထိုးတဲ့နေရာမှာလည်း ဒီနှစ်သီတင်းကျွတ် ကျောင်းပိတ်ရက်အောက်တိုဘာလလောက်ဆိုရင်တော့ ကျွန်တော်တို့ ၃၀ ရာခိုင်နှုန်းလောက်လျှော့မယ်။ ဒါကိုလည်း သက်ဆိုင်ရာကျောင်းတွေက ကျောင်းအုပ်ကြီးတွေနဲ့ တာဝန်ရှိသူတွေကို အသိပေးထားပါတယ်။ ၂၀၁၈ ဇန်နဝါရီ လဆန်းကနေစပြီး Light Truck ကားတွေနဲ့ ကျောင်းကြို၊ ကျောင်းပို့မလုပ်ဖို့ ဆွေးနွေးညှိနှိုင်းပြီးပါပြီ။ ခွင့်ပြုမှာမဟုတ်ပါဘူး။ ကားတွေကို ဝယ်ယူဖို့ မတတ်နိုင်ရင်လည်း Light Truck မဟုတ်တဲ့ ကားတွေဖြစ်တဲ့ မီနီဘတ်စ်တို့၊ စူပါကာစတန်တို့၊ အန်စာတုံးတို့နဲ့ ပြေးဆွဲလို့ရတယ်။ ဒါပေမယ့် ပြေးဆွဲမယ့်ကားနဲ့ ကားရဲ့အချက်အလက်တွေကိုတော့ YRTA ကို လာရောက်တင်ပြရပါမယ်။

**ကျောင်းကားနဲ့မဟုတ်ဘဲ ကိုယ်ပိုင်ကားနဲ့ ပို့သူတွေအတွက်**

ကိုယ်ပိုင်ကားတွေနဲ့ ပို့တာကိုအချိန် သတ်မှတ်မယ်။ သတ်မှတ်ထားတဲ့ မိနစ်နဲ့ ရပ်တင်ချပုံစံပဲ ခွင့်ပြုမယ်။ ကားရပ်မယ်။ ကလေးကိုချမယ်။ ချက်ချင်းထွက်ရမယ်။ လာကြိုရင်လည်း ဒီလိုပဲ။ ယာဉ်ထိန်းကလည်း စောင့်ကြည့်မယ်။ CCTV ကင်မရာတွေလည်း တပ်ဆင်သွားမယ်။ စီမံချက်အောင်မြင်ဖို့ ကျောင်းကော်မတီအဖွဲ့ (ကျောင်းအုပ်ကြီးရယ်၊ ကျောင်းအကျိုးတော်ဆောင်ရယ်၊ နောက်ကျောင်းကားလုပ်ငန်းလုပ်သူ)က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရယ်၊ နောက် YRTA ရယ်နဲ့ လာရောက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရမယ်။ YRTA အနေနဲ့ကတော့ ကျောင်းကားလုပ်ငန်းမှာ ဝင်ရောက်ပြေးဆွဲမှာ မဟုတ်ဘူး။ ကောင်းမွန်တဲ့ စနစ်တစ်ခုဖြစ်အောင် စီစဉ်ပြီးဆောင်ရွက်တဲ့သဘောပါ။

**ကျောင်းကြိုပို့ယာဉ် (School Bus) များဖြင့် စီစဉ်သည့် ကျောင်း ၂၂ကျောင်း**

School Bus များဖြင့် စနစ်တကျ ကြိုပို့နိုင်ရန် စီစဉ်လျက်ရှိသည့် ကျောင်းများမှာ အ.ထ.က (၄) ဗိုလ်တထောင်၊ အ.ထ.က (၆) ဗိုလ်တထောင်၊ အ.ထ.က (၄) ပုဇွန်တောင်၊ အ.ထ.က (၁) လသာ၊ အ.ထ.က (၂) လသာ၊ အ.ထ.က (၁) ပန်းဘဲတန်း၊ ကမာရွတ် TTC၊ အ.ထ.က (၁)ဒဂုံ၊ အ.ထ.က (၂) ဒဂုံ၊ အ.လ.က (၁) ဒဂုံ (ဘိရှော့ဟုမ်း)၊ အ.ထ.က (၂) ဗဟန်း(နံရံကျောင်း)၊ အ.ထ.က (၁) စမ်းချောင်း၊ အ.ထ.က (၂) စမ်းချောင်း၊ အ.ထ.က (၂) မင်္ဂလာဒုံ (အောင်ဆန်းသူရိယလှသောင်းကျောင်း)၊ အ.ထ.က (၄) အလုံ၊ အ.ထ.က (၂) ကမာရွတ်(မရမ်းခြံ)၊ အ.ထ.က (၁) သင်္ဃန်းကျွန်း၊ အ.ထ.က (၁) အင်းစိန်၊ အ.ထ.က (၂) မရမ်းကုန်း၊ အ.ထ.က (၁) မင်္ဂလာတောင်ညွန့်၊ အ.မ.က (၁)ဗဟန်း၊ ILBC (အင်္ဂလိပ်ကျောင်း)တို့ ပါဝင်သည်။



## စာပေချစ်သူများ၏ စာပေဝိုင်းကို ဆက်လက်ပြုလုပ်လျက်ရှိ

**နေပြည်တော် မေ ၂၁**

နေပြည်တော်ရှိ စာရေးဆရာများ၊ သတင်းစာဆရာများနှင့် စာပေချစ်မြတ်နိုးသူများက ဦးဆောင်၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် တနင်္ဂနွေနေ့အပတ်စဉ်တိုင်း ပြုလုပ်နေကျဖြစ်သည့် နေပြည်တော် စာပေစကားဝိုင်းနှင့် စာပေရေးရာဗဟုသုတဆွေးနွေးပွဲ (နေပြည်တော်စာပေဝိုင်း)ကို မေ ၂၁ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေး ရွှေစင်မိုးစားသောက်ဆိုင်ခန်းမ၌ ပြုလုပ်သည်။

အဆိုပါ နေပြည်တော်စာပေဝိုင်းသို့ နေပြည်တော် (ရှစ်)မြို့နယ်မှ စာရေးဆရာများ၊ သတင်းစာဆရာများနှင့် စာပေဝါသနာရှင် ၃၀ ကျော်ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

"ကျွန်တော်တို့ နေပြည်တော် စာပေဝိုင်းက ရသ၊ သုတစာပေအကြောင်းအရာတွေကို အပြန်အလှန်ဆွေးနွေးကြတဲ့ပွဲတွေ ရှိပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ကျေးလက်နေပြည်သူတွေ အတွေးအခေါ်တွေ မြင့်မားပြီးတော့ သူတို့ရဲ့ လူနေမှုအဆင့်အတန်းနဲ့ ဖန်တီးနိုင်တဲ့စွမ်းအားတွေ မြင့်တက်လာမယ်။ ရည်ရွယ်ချက်ကတော့ စာဖတ်ရှိန်မြင့်မားအောင်ရည်ရွယ်ခြင်း ဖြစ်ပါတယ်"ဟု နေပြည်တော်စာပေဝိုင်း ဦးဆောင်သူအဖွဲ့ စာရေးဆရာတစ်ဦးက ပြောသည်။

လာမည့် မေ ၂၈ ရက်တွင်လည်း မြန်မာပြည်၌ ပျောက်ကွယ်လုနီးပါးဖြစ်နေသော ဇာတ်သဘင်ယဉ်ကျေးမှုနှင့် ပတ်သက်၍ ဇာတ်စာ၊ ဇာတ်စကား၊ ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## တင်ဒါအောင်မြင်ပြီး ဆောက်လုပ်နေသည့်ကုမ္ပဏီများ လိုက်နာရမည့်အချက်များကို သတ်မှတ်ညွှန်ကြားထား

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တင်ဒါအောင်မြင်ပြီး ဆောက်လုပ်နေသည့်ကုမ္ပဏီများကို တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လိုက်နာရမည့်အချက်များကို သတ်မှတ်ညွှန်ကြားထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းထံမှ သိရသည်။

တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်သော Estimate နှင့် Drawing များကို မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များသို့ လုပ်ငန်းမစတင်မီအချိန်ကပင် ပေးပို့ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်းမေးခွန်းကို ဗန်းမောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်က ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ်သည့် မေ ၁၉ ရက်က ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရာ တိုင်းဒေသကြီး ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း တင်ဒါအောင်မြင်သော ကုမ္ပဏီများအား သက်ဆိုင်ရာမြို့၏ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များကို လုပ်ငန်းမစတင်မီ အသိပေးအကြောင်းကြားစေရန်နှင့် လုပ်ငန်းစတင်သည့်အခါ သတ်မှတ်ချက်များကို ပြည့်စုံစေရန် ဆောင်ရွက်ထားရှိရန်ကိုလည်း ထပ်ဆင့်အသိပေး အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သော လုပ်ငန်းတွက်ချက်မှုပုံစံဒီဇိုင်းများဖြင့် ဆောင်ရွက်ရသည်ဖြစ်ရာ မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့များကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်များကဖြစ်စေ၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးအရာရှိကဖြစ်စေ၊ ခရိုင်၊ မြို့နယ်လက်ထောက်ညွှန်ကြားရေးမှူးများဖြင့် ဆက်သွယ်၍ လိုအပ်သည်များကို တောင်းခံကြည့်ရှုစစ်ဆေးနိုင်ကြောင်း သိရသည်။ ထိုသို့မဟုတ်ဘဲ ရုံးများသို့ သွားရန်အခက်အခဲရှိပါက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များရုံးမှ စာထုတ်ပြန်ကာ လိုအပ်သောအချက်အလက်များကို တောင်းခံကြည့်ရှုနိုင်ကြောင်း တိုင်းဒေသကြီးဝန်ကြီး ဦးသန်းညွန့်ဝင်းထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ပြည်သူတွေရဲ့ လူမှုဘဝဖူလုံရေးသာမက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လွယ်ကူဖို့ အထောက်အပံ့ဖြစ်ပါတယ်

## (မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း)

ဘာသာပြန် - သာစိန်၊ ကျော်ထိုက်စိုး

**The Global New Light of Myanmar သတင်းစာတွင် မေ ၂၁ ရက်က ဖော်ပြပါရှိသည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဘာသာပြန်ဆို ဖော်ပြအပ်ပါသည် -**

**မေး ။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းက ပဋိပက္ခတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ပြောင်းလွယ်ပြင်လွယ်ရှိသော ကိုင်တွယ်ဖြေရှင်းနည်းနဲ့ပတ်သက်ပြီး လူကြီးမင်းက ပြောဆိုခဲ့ပါတယ်။ နယ်စပ်ဒေသမှာလည်း တပ်တွေချထားတာရှိနေပါတယ်။ လူကြီးမင်းရဲ့ ထင်မြင်ချက်တွေနဲ့ မျှော်လင့်ချက်တွေက ဘာတွေဖြစ်မလဲ။ ဒါဟာ ကောင်းမွန်တဲ့ ရလဒ်တစ်ခုဖြစ်မလား၊ ဒါမှမဟုတ် ဆက်လက်ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကြောင့် ဘယ်လိုအကျိုးဆက်တွေ ပေါ်ပေါက်လာနိုင်မလဲ။**

ဖြေ ။ ။ တရုတ်နိုင်ငံက ပဋိပက္ခတွေ အများကြီးကြုံတွေ့ခဲ့ပါတယ်။ မြန်မာနိုင်ငံလည်း ပဋိပက္ခတွေ အများကြီး ကြုံတွေ့ခဲ့ပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းမှာ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းသူတွေ အများအပြားကို ခင်ဗျားတို့ မြင်တွေ့ကြရမှာပါ။ ပြည်သူတွေ ဒုက္ခကြုံတွေ့နေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အတွက် အရေးအကြီးဆုံး အလုပ်ကတော့ ပဋိပက္ခတွေ ရပ်တန့်ဖို့နဲ့ ဆွေးနွေးမှုတွေ ပြန်လည်စတင်ဖို့ ဖြစ်ပါတယ်။

### မရှိမဖြစ်လိုအပ်

သက်ဆိုင်တဲ့အဖွဲ့အစည်းတွေက ဆွေးနွေးမှု လုပ်ရိုးလုပ်စဉ်အပေါ် ဘယ်လိုကြိုတင်သတ်မှတ်ချက်မျိုးမှမထားရှိဘူးလို့ မျှော်လင့်ပါတယ်။ ဆွေးနွေးမှုစတင်မှသာ သက်ဆိုင်ရာအဖွဲ့အစည်းတွေက အချင်းချင်းသိလာနိုင်ပြီး သူတို့အချင်းချင်းအကြား အပြန်အလှန်နားလည်မှု တိုးတက်လာမယ်၊ တဖြည်းဖြည်း အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်ခြင်းအားဖြင့် ငြိမ်းချမ်းရေးကို ရှေ့ဆက်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါဟာ မရှိမဖြစ်လိုအပ်ပါတယ်။

ကျွန်တော်တို့နယ်စပ်ဒေသမှာ တပ်တွေချထားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာ တရုတ်ပြည်သူတွေရဲ့ ဖိအားပေးမှုတွေကို ရင်ဆိုင်နေရပါတယ်။ ကိုယ့်ပိုင်နက်နယ်မြေကို ကာကွယ်စောင့်ရှောက်ရမှာဖြစ်ပြီး ပြည်သူတွေရဲ့ ဘေးကင်းလုံခြုံရေးအတွက် အလေးထားရမှာဖြစ်ပါတယ်။

**မေး ။ ။ ဒီနယ်မြေမှာ နယ်စပ်ကုန်သွယ်ရေးက နှစ်နိုင်ငံစလုံးအတွက် အလွန်ကို အရေးကြီးပါတယ်။ ပဋိပက္ခတွေ ကို ရပ်တန့်နိုင်ခဲ့မယ်ဆိုရင် နယ်စပ်ကုန်သွယ်ရေးကို သေချာပေါက် တိုးမြှင့်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဘယ်လို ထင်မြင်ယူဆပါသလဲ။**

ဖြေ ။ ။ မနှစ်ကနဲ့ ဒီနှစ်မှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေက နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအပေါ် အပျက်သဘောဆောင်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်စေခဲ့ပါတယ်။ တရုတ်နိုင်ငံရော၊ မြန်မာနိုင်ငံမှာပါ ဒုက္ခများစွာ ကြုံတွေ့ခဲ့ရပါတယ်။ ပဋိပက္ခတွေ ရပ်တန့်ဖို့နဲ့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုစီးဆင်းမှု အဆင်ပြေချောမွေ့နေမှုကို ထိန်းသိမ်းဖို့၊ လက်တွဲလုပ်ဆောင်ဖို့ အလွန်ကိုအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ နှစ်နိုင်ငံပြည်သူတွေရဲ့အခြေခံကျတဲ့ အကျိုးစီးပွားနဲ့အညီ ဖြစ်ပါတယ်။

**မေး ။ ။ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေမယ့် အစီအစဉ်တွေကို ပြောပြပေးစေလိုပါတယ်။ Belt and Road Forum အတွင်း လက်မှတ်ရေးထိုးခဲ့တဲ့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တွေနဲ့ ပတ်သက်ပြီးလည်း သိလိုပါတယ်။**

ဖြေ ။ ။ Belt and Road Forum ကာလအတွင်း ကျွန်တော်တို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်နဲ့ နားလည်မှုစာချွန်လွှာစုစုပေါင်း ငါးခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ



သံအမတ်ကြီး မစ္စတာဟုန်လျန်

ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ယွမ်ငွေ သန်း ၅၀၀ အကူအညီပေးမယ့် စီးပွားရေးနဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ မြန်မာ - တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ၊ စီးပွားရေးပိုးလမ်းမ ရပ်ဝန်းတစ်ခုနဲ့ (၂၁) ရာစု ရေကြောင်းဆိုင်ရာ ပိုးလမ်းမရပ်ဝန်းတစ်ခု စီမံချက်မူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနဲ့ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့တဲ့ ပုဂံရှိ သမိုင်းဝင် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ စုစုပေါင်းငါးခုကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒီနားလည်မှုစာချွန်လွှာတွေက ကျွန်တော်တို့ရဲ့ အနာဂတ်ကာလ ပူးပေါင်းဆောင်ရွက်ရေးအတွက် အလွန်ကိုအရေးကြီးပြီး နယ်ပယ်ကဏ္ဍစုံပါဝင်ပါတယ်။

### မိတ်ဆွေကောင်းနိုင်ငံ

ချစ်ကြည်ရေး အထူးသဖြင့် ပြည်သူအချင်းချင်း ချစ်ကြည်ရေးက ကျွန်တော်တို့ရဲ့ အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးအတွက် အလွန်ကိုအရေးကြီးပြီး ပူးပေါင်းဆောင်ရွက်ဖို့ အခြေခံကျတဲ့နယ်ပယ်ဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောသလိုပါပဲ။ မြန်မာနဲ့ တရုတ်က အလွန်ကိုနီးကပ်တဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့အတွက် အချင်းချင်းခွဲထားလို့မရတဲ့ မိတ်ဆွေကောင်းနိုင်ငံတွေဖြစ်ပါတယ်။

တရုတ်နဲ့ မြန်မာနိုင်ငံအကြား အလွန်ကိုရှည်လျားတဲ့ နယ်နိမိတ်ထိစပ်နေပြီး ညီရင်းအစ်ကို မောင်ရင်းနှမတွေဖြစ်တဲ့ မြောက်မြားလှစွာသော တိုင်းရင်းသားအုပ်စုတွေက နယ်စပ်တစ်လျှောက် နေထိုင်နေကြပါတယ်။ ဒါဟာ ကျွန်တော်တို့အချင်းချင်း "ပေါက်ဖော်"လို့ ခေါ်ရတဲ့အကြောင်းရင်းပါပဲ။ ဒါဟာ တရုတ်နဲ့မြန်မာအကြား အလွန်ကိုအရေးပါတဲ့ တန်ဖိုးရှိတဲ့အရာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်က တရုတ်သံရုံးက မြန်မာနိုင်ငံမှာရှိတဲ့ ဒေသခံအသိုင်းအဝိုင်းတွေနဲ့အတူ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်တည်ထောင်ခဲ့တဲ့နေ့ဖြစ်တဲ့ ဇွန်လ ၈ ရက်နေ့က ရန်ကုန်မှာ "ပထမအကြိမ် ပေါက်ဖော်ချစ်ကြည်ရေးနေ့" အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ နောက်လမှာ ဒုတိယအကြိမ် "ပေါက်ဖော်ချစ်ကြည်ရေးနေ့" အခမ်းအနားကို ရန်ကုန်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီလို အခမ်းအနားမျိုး အနာဂတ်မှာလည်း ဆက်လက်ကျင်းပမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

### လိုအပ်ချက်ကိုဖြည့်ဆည်း

ပြည်သူအချင်းချင်းချစ်ကြည်ရေး ပိုကောင်းလာစေဖို့ တရုတ်- မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှာ ပြည်သူတွေရဲ့ အကျိုးစီးပွားကို အလေးပေးဆောင်ရွက်သင့်ပါတယ်။ တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှုက ပြည်သူတွေရဲ့အကျိုးစီးပွားကို အခြေခံသင့်ပါတယ်။ ပညာရေးနဲ့ လေ့ကျင့်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ တိုက်ဖျက်ရေး၊ လူငယ်တွေ အပြန်အလှန် လည်ပတ်ရေး အစီအစဉ်များ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနဲ့ ကယ်ဆယ်ရေး၊ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကဲ့သို့သော မြန်မာပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။

လူမှုရေးဆိုင်ရာတာဝန်တွေ တက်ကြွစွာ ပိုမိုပေးအပ်ဖို့ မြန်မာနိုင်ငံမှာရှိတဲ့ တရုတ်ကုမ္ပဏီတွေကို တရုတ်အစိုးရက အားပေးလှုံ့ဆော်နေပါတယ်။ တရုတ်ကုမ္ပဏီတွေက ဒေသခံပြည်သူတွေရဲ့ နားလည်မှုနဲ့ထောက်ခံမှုရရှိဖို့ ဒေသခံအသိုင်းအဝိုင်းနဲ့ သဟဇာတဖြစ်အောင်နေထိုင်ခြင်းအားဖြင့် မြန်မာအသိုင်းအဝိုင်းရဲ့ တစ်စိတ်တစ်ဒေသဖြစ်ရမယ်လို့ ကျွန်တော်တို့ထင်ပါတယ်။

နောက်ထပ်နောက်ထပ်သော တရုတ်ကုမ္ပဏီတွေက သူတို့ရဲ့ လူမှုရေးဆိုင်ရာတာဝန်တွေကိုပေးအပ်ဖို့ အလွန်ကို စိတ်အားထက်သန်နေကြပါတယ်။ ကျွန်တော် မြန်မာနိုင်ငံမှာ သံအမတ်ကြီးအဖြစ် တာဝန်စတင်ထမ်းဆောင်ခဲ့ချိန် မြန်မာနိုင်ငံမှာ ဆိုးရွားတဲ့ရေဘေးတွေ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး တရုတ်ကုမ္ပဏီအများအပြားကဒေသခံအသိုင်းအဝိုင်းတွေကို အကူအညီတွေပေးခဲ့ပြီး အဲဒီအကူအညီတွေကိုလည်း ဒေသခံပြည်သူတွေက ဝမ်းပန်းတသာ လက်ခံခဲ့တဲ့ ၂၀၁၅ ခုနှစ်ကို အမှတ်ရနေဆဲပါ။

အနာဂတ်ကာလမှာ ဒီလိုလုပ်ဆောင်မှုမျိုးတွေ ပိုမိုပေးအပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေတဲ့ တရုတ်ကုမ္ပဏီတွေက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက မြန်မာနိုင်ငံရဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထောက်ပံ့ပေးနေပါတယ်။

ကျွန်တော်တို့ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် နောက်ထပ်အရေးပါတဲ့ ကဏ္ဍကတော့ ဗုဒ္ဓဘာသာပဲဖြစ်ပါတယ်။ ဗုဒ္ဓဘာသာက မြန်မာနဲ့တရုတ်နိုင်ငံအတွက် အလွန်ကိုအရေးပါတဲ့ ဘာသာတစ်ခုဖြစ်ပါတယ်။ ဗုဒ္ဓစွယ်တော် မြန်မာနိုင်ငံကို လေးကြိမ်ပင့်ဆောင်ခဲ့ပါတယ်။ ဘာသာရေးဆိုင်ရာ အပြန်အလှန် လည်ပတ်ရေးအစီအစဉ်တွေက ပြည်သူအချင်းချင်း နားလည်မှုနဲ့ ချစ်ကြည်ရေးအားကောင်းစေဖို့ အလွန်ကို အရေးကြီးပါတယ်။

ကျွန်တော်တို့နှစ်နိုင်ငံအစိုးရက ပုဂံမှာရှိတဲ့ ဘုရားတွေ ပြန်လည်ပြုပြင် ထိန်းသိမ်းရေးမှာ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီခဲ့ပါတယ်။ ဒီအချက်က အလွန်ကိုသိသာထင်ရှားပြီး နှစ်နိုင်ငံပြည်သူတွေအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုကောင်းမွန်စေမှာဖြစ်ပါတယ်။

### အလွန်ပင်ပဓာနကျ

မီဒီယာတွေပါဝင်ခဲ့တဲ့အခန်းကဏ္ဍကလည်း နှစ်နိုင်ငံပြည်သူတွေအကြား ချစ်ကြည်ရင်းနှီးမှုအတွက် အလွန်အရေးပါပါတယ်။ မြန်မာနိုင်ငံက အခုချိန်မှာ မတူညီတဲ့အသံအမျိုးမျိုးရှိတဲ့ အလွန်ကိုပွင့်လင်းတဲ့ နိုင်ငံတစ်ခုဖြစ်နေပါပြီ။ တာဝန်သိတဲ့ မီဒီယာတစ်ခုအနေနဲ့ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ချစ်ကြည်ရင်းနှီးမှု နားလည်စေဖို့ ကျွန်တော်တို့ ပြည်သူတွေကို စစ်မှန်တဲ့သတင်းအချက်အလက်တွေနဲ့ မှန်ကန်တဲ့ အမြင်တွေပေးသင့်ပါတယ်။ ဒါဟာ နှစ်နိုင်ငံဆက်ဆံရေး ချောမွေ့တိုးတက်စေဖို့အတွက် အလွန်ပင် ပဓာနကျပါတယ်။

**မေး ။ ။ မြန်မာနဲ့တရုတ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် လူကြီးမင်းရဲ့ နောက်ထပ်ထင်မြင်ချက်တွေက ဘာတွေဖြစ်မလဲ။**

ဖြေ ။ ။ အခုနကလေးတင် မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ တရုတ်နိုင်ငံက ဘယ်လိုကူညီနိုင်တယ်ဆိုတာကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ အနာဂတ်မှာ အများကြီးလုပ်ဆောင်နိုင်မယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံက ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခု ဖြစ်နေလို့ပါ။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ အခြေခံကျတဲ့ ကိစ္စရပ်တွေကိုဖြေရှင်းရာမှာ အဓိကကျပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ပြည်သူတွေရဲ့ လူမှုဘဝဖူလုံရေးကို တိုးတက်စေရုံသာမက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လွယ်ကူချောမွေ့ဖို့ ကြီးမားတဲ့ အထောက်အပံ့တစ်ခု ဖြစ်စေမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုက တစ်ခုနဲ့တစ်ခု အားပေးနိုင်ပြီး အချင်းချင်း ကူညီပေးနိုင်ပါတယ်။

### အရင်းအမြစ်တွေရှိ

တရုတ်နိုင်ငံက အခုအခါမှာ မြန်မာနိုင်ငံရဲ့အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံမှာ အများဆုံးရင်းနှီးမြှုပ်နှံတဲ့ ပြည်ပနိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာမှာ အကူအညီပေးဖို့ တရုတ်နိုင်ငံက အလွန်ကို စိတ်အားထက်သန်နေပြီး အမှန်တကယ်ကို ကျွန်တော်တို့မှာ အရင်းအမြစ်တွေရှိပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာမှာကူညီဖို့ ကျွန်တော်တို့မှာ လုပ်နိုင်စွမ်းရှိပါတယ်။ အခုအခါမှာ တရုတ်နိုင်ငံက ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပြီး မြန်ဆန်တဲ့ တိုးတက်မှုနှုန်းကို ထိန်းသိမ်းထားဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံက တရုတ်နိုင်ငံရဲ့ နီးကပ်တဲ့ အိမ်နီးချင်းတိုင်းပြည်တစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးရရှိစေဖို့နဲ့ တရုတ်နိုင်ငံရဲ့ တိုးတက် ဖြစ်ထွန်းမှုတွေနဲ့ အောင်မြင်မှုတွေမျှဝေဖို့ မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့မြေမျက်နှာသွင်ပြင်ထိစပ်မှုအားသာချက် အပြည့်အဝယူသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။

ဒါဟာ မြန်မာနိုင်ငံအတွက် လက်မလွှတ်သင့်တဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။ အခုအခါမှာ ပိုးလမ်းမကြီးရပ်ဝန်း စီမံကိန်း Belt & Road Initiative အကောင်အထည်ဖော်ဆောင်ရာမှာ တရုတ်နဲ့မြန်မာနိုင်ငံက လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပိုးလမ်းမကြီးရပ်ဝန်း စီမံကိန်းက ပထမဆုံးအနေနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းသာ ဖြစ်သင့်ပြီး ဒုတိယအနေနဲ့ အများနဲ့သက်ဆိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒေသတွင်းချမ်းသာကြွယ်ဝမှုသာဖြစ်သင့်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် နောက်ထပ်အခွင့်အလမ်းဖြစ်ပါတယ်။

### ကူညီပေးနိုင်တဲ့နယ်ပယ်

လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေး၊ မြန်မာနိုင်ငံမှာ စက်မှုလုပ်ငန်းထွန်းကားရေးနဲ့ မြို့ပြပုံစံလုပ်ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ ထောက်ပံ့ပို့ဆောင်ရေးစနစ်၊ စွမ်းအင်နဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန်တွေ အထူးသဖြင့် မြန်မာနိုင်ငံနဲ့ အနီးကပ်ဆောင်ရွက်မယ့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ Belt and Road Forum ကာလအတွင်း လက်မှတ်ရေးထိုးပြီးတဲ့ နားလည်မှုစာချွန်လွှာဖြစ်တဲ့ တရုတ်-မြန်မာ နယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်ကဲ့သို့သော အရေးပါတဲ့ နယ်ပယ်များစွာက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင်မြင်စေဖို့ တရုတ်နိုင်ငံက မြန်မာနိုင်ငံကိုကူညီပေးနိုင်တဲ့ နယ်ပယ်တွေပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေးတိုးတက်အောင် ကူညီပေးရာမှာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေတဲ့ ဒေသခံကုမ္ပဏီတွေ၊ နိုင်ငံတကာကုမ္ပဏီတွေနဲ့ လက်တွဲလုပ်ဆောင်ဖို့ တရုတ်ကုမ္ပဏီတွေကို တရုတ်အစိုးရက တိုက်တွန်းနေ ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်ကုမ္ပဏီတွေ၊ မြန်မာကုမ္ပဏီတွေနဲ့ အခြားနိုင်ငံတကာကုမ္ပဏီတွေက နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ အခြေအနေ Win-Win Situation တစ်ရပ်အတွက် အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

ဒီနည်းလမ်းနဲ့သာ ရေရှည်ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ တရုတ်ကုမ္ပဏီတွေရဲ့ရေရှည်ခံတဲ့ တိုးတက်ဖြစ်ထွန်းမှုကို ကျွန်တော်တို့ သဘောပေါက်နိုင်မှာဖြစ်ပါတယ်။

**ပိုးလမ်းမကြီးရပ်ဝန်း စီမံကိန်းက ပထမဆုံးအနေနဲ့ ငြိမ်းချမ်း ရေးလမ်းကြောင်းသာ ဖြစ်သင့်ပြီး ဒုတိယအနေနဲ့ အများနဲ့သက်ဆိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒေသတွင်း ချမ်းသာကြွယ်ဝမှုသာ ဖြစ်သင့်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်ဖို့အတွက် နောက်ထပ်အခွင့်အလမ်းဖြစ်ပါတယ်။**

# ဖီမော်-လုတ်နော်ဂျန် ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

**ချီဖွေ မေ ၂၁**

ကချင်အထူးဒေသ(၁) ချီဖွေမြို့နယ် ဖီမော်ကျေးရွာအုပ်စု လုတ်နော်ဂျန်ကျေးရွာချင်းဆက်လမ်းကို ဆန်းလင်းအင်တာ နေရှင်နယ်အိတ်စ်ပို့ကုမ္ပဏီမှ ကျောက်ချောလမ်းများ ခင်းကျင်း ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ အခု ဖီမော်နဲ့ လုတ်နော်ဂျန် ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို မေလကစပြီး ခင်းကျင်း ပေးနေပါတယ်။ လုပ်ငန်းဆောင်ရွက်တဲ့ အချိန်ကစပြီး ဒီနေ့အထိ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်"ဟု ကုမ္ပဏီမှ တာဝန်ရှိသူ ဦးဇယ်ခေါင်က ပြောသည်။ လမ်းခင်းပေးတာက လည်း ကုမ္ပဏီကအကုန်အကျခံပြီး အခမဲ့လုပ်ပေးတာပါ။ အရင် က ဒီလမ်းမှာ မိုးတွင်းကာလရောက်ရင် သွားလာတဲ့နေရာမှာ အခက်အခဲရှိတယ်။ ကျေးရွာသူကျေးရွာသားတွေအနေနဲ့ ပညာ ရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်တွေ လုပ်ကိုင်ဆောင် ရွက်တဲ့နေရာမှာ အဆင်ပြေသွားလာနိုင်စေဖို့အတွက် ရည်ရွယ် ပြီး ပြုလုပ်ပေးတာပါ"ဟု ၎င်းကပြောသည်။

ဖီမော်-လုတ်နော်ဂျန် ကျေးရွာချင်းဆက်လမ်း အရှည် လေး မိုင်ခန့်ရှိပြီး အကျယ် ၂၅ ပေ၊ ကုမ္ပဏီမှ မြန်မာငွေကျပ် သိန်း နှစ်ထောင်ကျော် အကုန်အကျခံပြီး ခင်းကျင်းပေးသွားမည်ဖြစ် ကြောင်း၊ ထို့အပြင် အဆိုပါလမ်းကို ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်းအဖြစ် တိုးမြှင့်ခင်းကျင်းပေးသွားမည်ဖြစ် ကြောင်း သိရသည်။

"လမ်းခင်းပေးတာ ကုမ္ပဏီကို အလွန် ကျေးဇူးတင်တယ်၊ အလွန်အဆင်ပြေတယ်၊ အရင်ကဆို လမ်းကသွားလာတဲ့နေရာ မှာ အခက်အခဲဖြစ်တယ်၊ အချိန်ကလည်း အလွန်ပေးရတယ်၊ အခု ဖီမော်ကို ဆိုင်ကယ်နဲ့သွားတာ ၁၀ မိနစ်လောက်ပဲ ကြာတဲ့ အတွက် အလွန်အဆင်ပြေပါတယ်"ဟု လုတ်နော်ဂျန်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးလာပိုက ပြောသည်။

"ဒီလမ်းကိုတော့ ဖီမော်ကျေးရွာကနေ တရုတ်နိုင်ငံကို သွားပြီး ကျန်းမာရေးသွားရောက်ကုသတာ၊ ဈေးဝယ်တာတွေ၊ ကလေးတွေ ကျောင်းသွားကျောင်းပြန်အဖြစ် အဓိကထားပြီး အသုံးပြုတဲ့လမ်းပါ၊ ရွာကတော့ အိမ်ခြေ ၆၀ ကျော်နဲ့ လူဦးရေ ၃၀၀ ကျော် နေထိုင်ပါတယ်"ဟု ၎င်းကပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**






❊ *ကျောဖုံးမှ*

ကျားရိုင်းတစ်ကောင်လို ဝီရာဝပ်ကို အလွတ်မပေးဘဲ စောဂေါ်မူဒိုက ထပ်မံ ဖိတိုက်သဖြင့် ဒုတိယအကြိမ် အမှတ်စဉ် ရေတွက်ခံရပြန်သည်။ ယင်းပထမအချီ မှာပင် ဝီရာဝပ်(ထိုင်း) အမှတ်စဉ် နှစ်ကြိမ်ရေတွက်ခံရပြီး ပြန်အလွတ်တွင် စောဂေါ်မူဒို၏ အတင်းဝင်၊ အတင်းထွက် ပါဝါ တွဲလုံးများကို အထာသိသွားသော ဝီရာဝပ်က စောဂေါ်မူဒို အဝင်တွင် အခွာ မခံဘဲ ပူးတိုက်ရာ စောဂေါ်မူဒို၏ ကပ်ဒူး တိုက်ချက်နှင့်အတူ ခေါင်းတိုက်ချက် တစ်ချက်မိကာ စင်ပေါ်သို့ တတိယအကြိမ် ပြိုဆင်းခဲ့သဖြင့် စောဂေါ်မူဒို(မြန်မာ)က ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရ ခဲ့သည်။

မြန်မာ့ရိုးရာလက်ဝှေ့ အဓိကတွဲဆိုင်း ဖြစ်သည့် ခနဲကို(ဂျပန်)နှင့် လိုကုကု (ကွန်ဂို)တို့ပွဲတွင် ဝိတ်တန်းမတူညီမှု ကြောင့် လိုကုကု အသာစီး ထိုးသတ်သွား နိုင်ခဲ့သည်။ လိုကုကုသည် ခနဲကိုထက် အရပ်အမောင်းမြင့်သည့်အပြင် ကိုယ် ထည်ချင်းသည်လည်း ဆင်နှင့် ဆိတ်ပမာ သိသာစွာ ကွာခြားနေသည်။ အမြင်မှာ ပင် ဝိတ်တန်းမတူညီကွာခြားမှုက သိသာ နေသောကြောင့် ခနဲကို ဇွဲနပဲဖြင့် ပြိုင်ဘက်ကို ယှဉ်ပြိုင်ထိုးသတ်သော် လည်း အားမတန်၍ မာန်လျှော့လိုက် ရသည့်နှယ် သိသာလွန်းလှသည်။ ပထမ အချီမှာပင် ခနဲကို၏ လိုက်လံထိုးနှက်မှုကို လိုကုကု လွယ်လင့်တကူ ကာကွယ်နိုင် ခဲ့ပြီး တန်ပြန်တိုက်စစ်ပမာ ယှဉ်ပြိုင် ထိုးသတ်ခဲ့သည်။ ဒုတိယအချီတွင် ပြိုင်ဘက်အားနည်းချက်ကို သိလာသော လိုကုကု ကောင်တာမှ ဖိုက်တာသို့ပြောင်း ကာ တရစပ် ခနဲကိုအား လိုက်လံတိုက် ခိုက်ခဲ့သည်။ လိုကုကု၏ ပင့်၊ ဝိုက်လက်သီး တွဲလုံးများနှင့်အတူ ဒူးတိုက်ချက်များက ခနဲကို ဘယ်လိုမှ ခုခံနိုင်မှုစွမ်းအားမရှိ တော့သဖြင့် အမှတ်စဉ်ရေတွက်ခံရပြီး ဘယ်နှုတ်ခမ်းအထိနာခဲ့ရာ ဆရာဝန် ဆေးစစ်ချက်ကို ခံယူလိုက်ရသည်။ ဆရာဝန်ခွင့်ပြုချက်ဖြင့် ပြန်လည်ယှဉ်ပြိုင် ထိုးသတ်သော်လည်း လိုကုကုက ညာဒူး တိုက်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူလိုက် သဖြင့် ခနဲကိုဘယ်လိုမှ မယှဉ်ပြိုင်နိုင် တော့ဘဲ ဒုတိယအချီမှာပင် အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ အဓိကပွဲစဉ်များ မယှဉ်ပြိုင်မီ ဂျပန် လက်ဝှေ့ကျော်နှစ်ဦး၏ အပျော်တမ်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကိုလည်း ထည့် သွင်းခဲ့သဖြင့် ယနေ့ယှဉ်ပြိုင်ထိုးသတ် သော ဂျပန်နိုင်ငံ၏ ဇုန် (၆)ရိုးရာ လက်ဝှေ့ ပြိုင်ပွဲသည် ရုံပြည့်ရုံလျှံဖြင့် စည်ကား များပြားခဲ့ကြောင်း သိရသည်။



ပွဲပြီး ဆရာဝင်းဇင်ဦးနှင့် သားတပည့် စောဂေါ်မူဒို(သတ္တိ)

# သောက်သုံးရေရှားပါးသည့်ကျေးရွာများသို့ ရေလှူဒါန်း

**သံတွဲ မေ ၂၁**

သံတွဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုး ဦးဆောင်မှုဖြင့် သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ငွေမြို့နယ် ရဲတပ်ဖွဲ့မှူး၊ သံတွဲခရိုင်ရဲတပ်ဖွဲ့၊ ကျိန္တလီ ရဲတပ်ဖွဲ့၊ ဆပ်သွားကျေးရွာ ရဲတပ်ဖွဲ့တို့မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ ကျိန္တလီမြို့ မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မေ ၂၀ ရက် နံနက် ၁၀ နာရီက သောက် သုံးရေရှားပါးသည့် ငွေမြို့နယ် ဆပ်သွားကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသ နေသော လူနာများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် သောက်ရေ သန့်ဘူးကြီး ၃၅ ဘူး၊ ရေဂါလန် ၁၀၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်း ခဲ့ကြကြောင်း သိရသည်။

**သန့်ဇင် (ပြန်/ဆက်)**



## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

# မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေး နှိုးဆော်ချက်ထုတ်ပြန်

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်ပါ သည်။ မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များအန္တရာယ်ကင်းစွာ ခုတ်မောင်း သွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ် ၍ အလေးထားလိုက်နာကြရန် လိုအပ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြု ခုတ်မောင်းကြရန် လိုအပ်ပါသည်။

**သတိပြုခုတ်မောင်း**

မြစ်ရေ မြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့်ကျွန်း များ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ် နိုင်ပါသည်။ ထို့ကြောင့် ရေအနက် မလုံလောက်သော ရေမြှုပ်ပေါက်ဖြတ်လမ်းများ ကို အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသ ထားပါသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ် အသားပြသထားပြီး ညအခါ မီးနီထွန်း ပြသထားပါသည်။

**ချိတ်ဆွဲဖြတ်သန်း**

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်ခုအကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင် စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြ ရမည် ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီး များကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင် ကျမှု ဖြစ်ပေါ်သည့်အခါ ရေယာဉ် အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြု ခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေ များအတိုင်း လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

# မောင်တောမြို့၌ ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ပထမဆုံးမိုးလုံလေလုံအားကစားခန်းမကြီးတည်ဆောက်

**မောင်တော မေ ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မြို့ပေါ်နှင့် ဝန်းကျင်နေပြည်သူများ အားကစားဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ ပထမဆုံး မိုးလုံလေလုံ အားကစားခန်းမသစ်ကြီးကို မောင်တောမြို့ မြို့မအရှေ့ရပ်ကွက် မြို့မအားကစားကွင်းအတွင်း၌ စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်ရာ ရာခိုင်နှုန်း ၉၀ ကျော် ပြီးစီးနေပြီဖြစ်ကြောင်း တည်ဆောက်ရေးအဖွဲ့မှ သိရသည်။

အဆိုပါ မိုးလုံလေလုံအားကစားကွင်းကြီးကို ရခိုင်ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးကြပ်ကာ ရွှေကျွန်းသန္တာ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။ အားကစားရုံသစ်ကြီးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် စတင်အကောင်အထည်ဖော်ခဲ့ရာ စီမံကိန်းကာလကို ငါးလကြာ သတ်မှတ်လျာထားဆောင်ရွက်ခဲ့သော်လည်း နယ်မြေအခြေအနေအရ နှစ်လကြာ နောက်ဆုတ်သတ်မှတ်ခဲ့သဖြင့် ယခုမေလကုန်တွင် ရာနှုန်းပြည့် လုပ်ငန်းများ ပြီးစီးမည်ဖြစ်သဖြင့် သက်ဆိုင်ရာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း တည်ဆောက်ရေးအဖွဲ့မှ သိရသည်။



မောင်တောမြို့မအားကစားကွင်းအတွင်း တည်ဆောက်နေသော မိုးလုံလေလုံအားကစားရုံသစ်ကြီးကို တွေ့ရစဉ်

"ပြည်နယ်အစိုးရအနေနဲ့ ဒီမိုးလုံလေလုံအားကစားရုံကြီးကို အားကစားဖွံ့ဖြိုးတိုးတက်မှုရှေးရှုပြီး ရည်ရွယ်တည်ဆောက်ခဲ့တာပါ။ ဒီမောင်တောမြို့မှာ မိုးလုံလေလုံ အားကစားရုံဆိုလို့ ဒါပထမဆုံးပါပဲ။ အရင်စီမံကိန်းကာလလျာထားတာကတော့ ၂၀၁၇ မတ်လအပြီး ဆိုပြီးလျာထားခဲ့ပေမယ့် နယ်မြေအခြေအနေအရ စီမံကိန်းကာလကို နှစ်လ နောက်ဆုတ်လိုက်ရပါတယ်။ ဒီမှာက အခြားဒေသတွေလို ညလုပ်လို့လည်း မရဘူး။ ပြီးတော့ အလုပ်သမားငှားရမ်းရတာလည်း အတော်လေးကိုအခက်အခဲဖြစ်တယ်။ ခုဆိုရင်တော့ တည်ဆောက်မှုအပိုင်းအနေနဲ့ ရာခိုင်နှုန်း ၉၀ ကျော် ပြီးစီးနေပါပြီ။ အခုမေလကုန်လောက်ဆိုရင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနကို လွှဲပြောင်းအပ်နိုင်တော့မှာပါ"ဟု တည်ဆောက်ရေး စီမံကိန်းပရောဂျက်မန်နေဂျာ ဦးသိန်းလှိုင်က ပြောသည်။



ဦးသိန်းလှိုင်
တည်ဆောက်ရေးစီမံကိန်းမန်နေဂျာ

ယခု အကောင်အထည်ဖော်တည်ဆောက်နေသော မိုးလုံလေလုံအားကစားရုံသစ်ကြီးကို ပြည်နယ်အစိုးရအနေဖြင့် ဒေသန္တရစီမံကိန်းလုပ်ငန်းဆိုင်ရာမှ ငွေကျပ် ၂၉၂ သန်း အကုန်အကျခံကာ တည်ဆောက်ခြင်းဖြစ်သည်။ အားကစားရုံမှာအလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ ပေရှိပြီး အောက်ထည်မှာ သံကူကွန်ကရစ်နှင့် အပေါ်ထည်မှာ Stree Structure ဖြစ်သည်။ အတွင်းအားကစားခန်းမအကျယ်မှာ အလျားပေ ၉၀၊ အနံပေ ၆၀ လျှာထိုးပျဉ်ခင်းဖြစ်ပြီး အထူးပွဲကြည့်စင်သုံးခု ပါဝင်သည်။

ဝင်ပေါက်/ ထွက်ပေါက် နှစ်ခုပါရှိပြီး အားကစားရုံအပေါ်ပိုင်းတွင် Air Fan များ ထည့်သွင်းတပ်ဆင်ပေးထားပြီး ရေအိမ်လေးလုံးတွဲနှင့် ရေစင်ကိုလည်း ထည့်သွင်း တည်ဆောက်ပေးထားကြောင်း တည်ဆောက်ရေးအဖွဲ့မှ သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

---

❑ *ကျောဖုံးမှ*

စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တင်ဦး (လက်ထောက်ညွှန်ကြားရေးမှူး)က ပြောသည်။

ယခုဘဏ္ဍာနှစ်တွင် မောင်တောမြို့ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သာယာလှပရေး မြို့ပြ(လမ်း)၊ မြို့ပြ (တံတား)၊ မြို့ပြအခြားနှင့်မြို့ပြ(ရေပေးဝေရေး) ကဏ္ဍလေးခုခွဲကာ မြို့သာယာလှပရေး ငွေလုံးငွေရင်းလုပ်ငန်းများ အသုံးစရိတ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ မြို့ပြ(လမ်း)အပိုင်းတွင် ဦးဥတ္တမလမ်း ပခုံးနှင့် မင်းရဲကျော်စွာလမ်း ပခုံးဆောင်ရွက်ခြင်း၊ အောင်မြေဗောဓိလမ်း၊ မင်းထီးလမ်း၊ အလောင်းဘုရားလမ်း၊ စံပြလမ်းသွယ်(၁)၊ သားငါးဈေးနောက်ဘက်လမ်းနှင့် နိဗ္ဗာန်လမ်းတို့ကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများနှင့် မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းအပါအဝင် အလောင်းတော်ဘုရားလမ်း ကျောက်စီနံရံ ပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အလားတူ မြို့ပြ(တံတား)ကဏ္ဍတွင် အလောင်းဘုရားလမ်းပေါ်၌ ရေထုတ်ပြွန်နှစ်စင်း၊ လျှပ်စစ်ရုံမြောက်ဘက်လမ်းပေါ်တွင် ရေထုတ်ပြွန်တစ်စင်း၊ မင်းရဲကျော်စွာလမ်းပေါ်ရှိ ကွန်ကရစ်တံတားအကြီးစား ပြင်ဆင်ခြင်း၊ မြို့ပြ (အခြား)တွင် မြို့မဈေး ဈေးရုံမြင့်မိုရ်ပိတ်များ အသစ်တပ်ဆင်ခြင်း၊ မဟာဗန္ဓုလပန်းခြံလမ်း



မြို့နယ်
စည်ပင်သာယာရေးမှ
အမှုဆောင်အရာရှိ
ဦးမောင်တင်ဦး
(လက်ထောက်
ညွှန်ကြားရေးမှူး)

အဆင့်မြှင့်တင်ခြင်း စသည့်တို့အပြင် မြို့ပြ(ရေပေးဝေရေး) အပိုင်းတွင် မြို့တွင်းဂိတ်ဘားများလဲလှယ်ပေးခြင်း၊ မြကန်သာဆည် Conduit အသစ်တပ်ဆင်ခြင်း၊ သားငါးဈေးတွင်းရေစင်နှင့် ရေပိုက်လိုင်းများတပ်ဆင်ခြင်း၊ Intake နှင့် Conduit ဆေးကြောခြင်း၊ ရေဆိုးထုတ်ခြင်း စသည့်လုပ်ငန်းများအပြင် မြို့တွင်းရေပိုက်လိုင်းများ လဲလှယ်ခြင်းလုပ်ငန်းများကို ငွေလုံးငွေရင်း အသုံးစရိတ်မှ ခန့်မှန်းကုန်ကျငွေကျပ်သိန်းပေါင်း ၂၆၀၀ ကျော် သုံးစွဲသွားရန် လျာထားကြောင်း စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မောင်တောစည်ပင်အနေဖြင့် လတ်တလောတွင် မြို့သာယာလှပရေး အမှိုက်သိမ်းယာဉ်နှစ်စီး၊ ဝန်ထမ်းအင်အား ၁၅ ဦးဖြင့် နေစဉ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိကာ မြို့ပေါ်အရိပ်ရပင်၊ ပန်းအလှပင်များကိုလည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး သုံးမိုင်အကွာ မြကန်သာဆည်မှ ရေပေးဝေရေးလုပ်ငန်းကိုလည်း နှစ်စဉ်တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ မြကန်သာဆည်အား ၁၉၈၇ ခုနှစ်တွင် မေယုတောင်တန်းကို တစ်ဖက်ပိတ်တည်ဆောက်ကာ ၁၉၉၁ ခုနှစ်တွင် ပြည်သူများရေပေးဝေမှုကို စတင်ခဲ့သည်။ ကန်ရေပြည့်အကျယ် ၂၂ ဧက ရှိပြီး ရေသိုလှောင်မှုပမာဏမှာ ဂါလန် သန်းပေါင်း ၁၄၉ သန်းရှိ၍ နံနက် ၆ နာရီတစ်ကြိမ်၊ ၁၁ နာရီတစ်ကြိမ်၊ ညနေ ၃ နာရီတစ်ကြိမ် နေ့စဉ် မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ခရေမြိုင်၊ ရွှေဇဟိုလ်၊ နန်းရာကိုင်း၊ မြို့သစ်နှင့် ဥဒေါင်းရပ်ကွက်များသို့ ရေပေးဝေမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါရေပေးဝေရေးလုပ်ငန်းများအတွက် ယခုဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းထဲမှ ငွေကျပ်သိန်းပေါင်း ၅၀၀ ဝန်းကျင်ကို သုံးစွဲသွားမည်ဖြစ်ကြောင်း မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

---

# တနိုင်းမြို့အတွင်း ဆန်၊ လောင်စာဆီရှားပါးမှု ဈေးနှုန်းမြင့်တက်မှုအခြေအနေ သတင်းမီဒီယာအဖွဲ့ ကွင်းဆင်းလေ့လာ၍ ပြည်သူ့အကျိုးများ ဆောင်ရွက်ပေး

**တနိုင်း မေ ၂၁**

မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း (ကချင်ပြည်နယ်)ဥက္ကဋ္ဌ ဦးစိုင်းထိန်လင်း (ခွန်ကြာလင်း) ဦးစီး၍ သတင်းမီဒီယာများဖြစ်သော ဦးလှသန်းမြင့်(မောင်ပြုံးမြင့်- ဘီလူးမြို့)၊ ဦးမောင်ရီ (ဆီမီးခုံ-နန်းရီ)၊ ဦးခင်မောင်ဦး(မိုးညှင်း -သစ္စာ)၊ ဒေါ်မြင့်မြင့်ချို (မုန်းမုန်မင်း-မိုးညှင်း)၊ ဦးခင်မောင်ဆွေ (ခင်မောင်ဆွေ -မော်လူး)၊ ဦးမိုးဟိန်း ( မိုးဟိန်း -ဟိုပင်) စသည့် မီဒီယာအဖွဲ့သည် မေ ၁၉ ရက်က မြစ်ကြီးနားမြို့မှ တနိုင်းမြို့သို့ ကားဖြင့် သွားရောက်ခဲ့ကြသည်။

သတင်းမီဒီယာအဖွဲ့သည်အဆိုပါနေ့ ညနေပိုင်းတွင်မြို့ပေါ်ဆန်နှင့် စက်သုံးဆီ အရောင်းဆိုင်များသို့ သွားရောက်ခဲ့၍ ဆိုင်ပိုင်ရှင်နှင့်တွေ့ဆုံခဲ့ကြပြီး ဆန်နှင့် လောင်စာဆီများ တင်သွင်းမှု၊ ရောင်းချမှု၊ ကုန်ဈေးနှုန်းအခြေအနေများ၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ ဆန္ဒများကို တွေ့ဆုံမေးမြန်းခဲ့ကြသည်။

မေ ၁၄ ရက် ညနေပိုင်းက တနိုင်းမြို့အဝင်ဂိတ်၌ သက်ဆိုင်ရာက စက်သုံးဆီတင်ယာဉ်များကို ထိန်းသိမ်းစိစစ်ခဲ့ကြောင်း၊ တရားဝင်ခွင့်ပြုချက်၊ တင်သွင်းခွင့်ရရှိသော ဆန်ယာဉ်များ၊ လောင်စာဆီယာဉ်များသည် တနိုင်းမြို့အတွင်းသို့ သယ်ယူပို့ဆောင်တင်သွင်းခဲ့ခြင်းမရှိခဲ့၍ ဆန်နှင့်လောင်စာဆီများ ရှားပါးခဲ့ပြီး ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ ပြည်သူများမှာ ဆန်နှင့် စက်သုံးဆီများဈေးကြီးပေး၍ ဝယ်ယူသုံးစွဲနေကြရကြောင်း၊ တာဝန်ရှိသူများက တနိုင်းမြို့တွင်းသို့ ဆန်နှင့် လောင်စာဆီများကို လွတ်လပ်စွာတင်သွင်းခွင့်၊ လွတ်လပ်စွာ ဝယ်ယူခွင့်ပြုပေးစေလိုကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

လောလောဆယ် တနိုင်းမြို့တွင်းသို့ ဆန်နှင့် စက်သုံးဆီတင်သွင်းခြင်းမရှိ၍ ယခင်က ဆန်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၊ ၃၃၀၀၀ မှ မေ ၁၇ ရက်က ဆန်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ငွေကျပ် ၄၀၀၀ မှ ၄၃၀၀၊ ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၄၂၀၀ မှ ၄၅၀၀ အထိ ဈေးနှုန်းများ မြင့်တက်ခဲ့သည်။ တနိုင်းမြို့သည် လျှပ်စစ်မီးမရရှိသော ဒေသဖြစ်၍ စက်သုံးဆီများ လိုအပ်လျက်ရှိပြီး ပြည်သူများ လုံလောက်စွာ စားသုံးနိုင်ရန် ဆန်များလည်း လိုအပ်လျက်ရှိသဖြင့် ဆန်နှင့် စက်သုံးဆီများ ပိုမိုဈေးနှုန်းကြီးမြင့်ခြင်း၊ ပြတ်တောက်ခြင်းများ ဖြစ်ပေါ်မည်ကို ဒေသခံပြည်သူများက စိုးရိမ်နေကြသည်။

သတင်းမီဒီယာအဖွဲ့သည် ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ တောင်းဆိုချက် ဆန္ဒသဘောထားများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ မေ ၂၁ ရက်က အစီရင်ခံစာ တင်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

---



# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်နှစ်စင်း ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာ

**ရန်ကုန် မေ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် မေ ၁၈ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း (MITT) ၌ ဆိုက်ကပ်ရောက်ရှိလာသော တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)မှ စစ်ဆင်ရေးကွပ်ကဲရေးမှူး RADM Shen Hao ဦးဆောင်သည့် အရာရှိစစ်သည် စုစုပေါင်း ၅၅၃ ဦး လိုက်ပါလာသည့် CNS Chang Chun-DDG 150 နှင့် CNS Jingzhou-FFG 532 တို့သည် မြန်မာနိုင်ငံတွင် သုံးရက်တာခရီးအဖြစ် အထင်ကရနေရာများအား သွားရောက်လေ့လာလည်ပတ်ခဲ့ပြီးနောက် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT မှ ယနေ့ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အဆိုပါ သီလဝါဆိပ်ကမ်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ယာယီတာဝန်ခံ Mr. Chen Chen စစ်သံမှူး Capt.Xiong Shaowei နှင့် ရေတပ်သင်္ဘောကျင်းဌာနချုပ်မှူးနှင့် တပ်မတော်(ရေ)မှ အရာရှိစစ်သည်များ၊ တာဝန်ရှိသူတို့က ချစ်ခင်ရင်းနှီးစွာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တနင်္သာရီတိုင်းဒေသကြီး ကလေးလူငယ်များတွေ့ဆုံပွဲကျင်းပ

**ထားဝယ် မေ ၂၁**

ကလေးသူငယ်များကိုယ်တိုင် ၎င်းတို့၏အခွင့်အရေးများ ဖော်ထုတ်ပြောဆိုခွင့်ရရှိအောင် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ကလေးသူငယ်များအတွက် အရေးတကြီးဖြည့်ဆည်းပေးရန်နှင့် လိုအပ်နေသော အခွင့်အရေးများကို သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးလာရန် ရည်ရွယ်လျက် တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော Future Light နှင့် World Vision တို့ ပူးပေါင်းဆောင်ရွက်သည့် တိုင်းဒေသကြီးအတွင်းရှိ စီမံချက် ဒေသများမှ ကလေးသူငယ်များ တွေ့ဆုံပွဲကို ထားဝယ်မြို့ DDPC Royal Palace ခန်းမဆောင်၌ မေ ၂၀ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းရီက မိမိတို့ဆောင်ရွက်နေသည့် လူမှုဝန်ထမ်း လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး စီမံချက်ဒေသမှ ကလေးသူငယ်များဖြစ်ကြသည့် မောင်နိုင်လင်းဦးနှင့် မအိအိဖြိုးတို့က တက်ရောက်လာကြသည့် ကလေးသူငယ်များနှင့်အတူ ကလေးများ၏ရင်တွင်းစကားသံများကို သရုပ်ပြတင် ဆက်ပေးကြသည်။

ထို့နောက် ကလေးသူငယ်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း-ထားဝယ်**




ပညာရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ


# အိန္ဒိယသံအမတ်ကြီးအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တွေ့ဆုံ

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် အိန္ဒိယနိုင်ငံသံရုံး သံအမတ်ကြီး H.E. Mr.Vikram Misri ဦးဆောင်သောအဖွဲ့အား မေ ၁၉ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့လက်ခံတွေ့ဆုံရာတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းအောင်၊ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်တင်တို့လည်း ပါဝင်ခဲ့ကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆိုင်ရာများ၊ ပညာရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သဘာဝဘေးအန္တရာယ်

# ပေါက်ခေါင်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းနှင့် နေအိမ်များအမိုးလန်ပျက်စီး

**ပေါက်ခေါင်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်း မေ ၂၀ ရက် နံနက် ၁ နာရီခွဲခန့်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့နေအိမ်များ၊ ဘုန်းကြီးကျောင်းများ အမိုးလန်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပေါက်ခေါင်းမြို့နယ် မစိုးရိမ်ကျေးရွာအုပ်စု၊ အရှေ့ကြို့ကုန်းကျေးရွာအုပ်စု၊ ဗောဓိကုန်းကျေးရွာအုပ်စု၊ ညောင်တုန်းကျေးရွာအုပ်စု၊ အနောက်ကြို့ကုန်းကျေးရွာအုပ်စု၊ တောင်ရွှေလောင်းကျေးရွာအုပ်စု၊ တောင်လက်ကြီးကျေးရွာအုပ်စု၊ ဂွေးပင်ခုံအုပ်စု ကျေးရွာများမှ နေအိမ်အချို့ပြိုကျခြင်း၊ အမိုးလန်ခြင်းများဖြစ်ပွားခဲ့ပြီး ယင်းဖြစ်စဉ်ကြောင့် နေအိမ်တစ်လုံးပြိုလဲ၍ နေအိမ် ၂၄ လုံး အမိုးလန်ခြင်း၊ ဘုန်းကြီးကျောင်းသိမ်တစ်လုံးအမိုးလန်ကာ ဘုရားစေတီတစ်ဆူ ထီးတော်ကွေးညွတ်ခဲ့သည်။ ပျက်စီးဆုံးရှုံးသွားသောနေရာများသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော အဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ခင်ဦးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးများပျက်စီး

**ခင်ဦး မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း မေ ၂၀ ရက် ညနေ ၃ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု (၃) အုပ်စုရှိ ကျေးရွာလေးရွာရှိ နေအိမ်အမိုးများ ပျက်စီးခြင်းနှင့် အခြားအဆောက်အအုံ အမိုးများ ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။



လေပြင်းတိုက်ခတ်မှုကြောင့် ကဘွက်ကျေးရွာအုပ်စု ရုံးပင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဆေးပေးခန်း အမိုးလန်ခြင်း၊ သမင်ကျကျေးရွာတွင် နေအိမ်နှစ်လုံးအမိုးလန်ခြင်း၊ သင်ပေါင်းကျေးရွာအုပ်စု၊ သင်ပေါင်း ကျေးရွာတွင် လူနေအိမ် ၁၇ လုံး အမိုးလန်ခြင်း၊ နေအိမ်တစ်လုံး အုတ်ခုံကွဲအက်ခြင်း၊ နွားတဲတစ်လုံးနှင့် စျေးဆိုင်ခန်းနှစ်လုံး ပြိုကျခြင်း၊ ထနောင်းကိုင်းကြီး ကျေးရွာအုပ်စု ရွှေလူးအိုင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အမက(ခွဲ) တစ်ဆောင်နှင့် လူနေအိမ် ၂၃ လုံး အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခံရသည့် ကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# သုံးခွမြို့နယ်၌ မိုးကြိုးထိ၍ နှစ်ဦးသေဆုံး

**သုံးခွ မေ ၂၁**

ရန်ကုန်တောင်ပိုင်း သုံးခွမြို့နယ် ထုံးကြီးကျေးရွာအုပ်စုနှင့် အောင်ပန်းစိန်ကျေးရွာအုပ်စုတို့၌ မိုးကြိုးထိမှန်ခံရသူ နှစ်ဦးသေဆုံးသွားကြောင်း မေ ၂၀ ရက် ညနေ ၆ နာရီခန့်က သိရသည်။

ထုံးကြီးကျေးရွာနေ မပန်းအိဖြူ(၁၄ နှစ်)သည် ထုံးကြီးကျေးရွာ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ ဦးငွေထွန်းပိုင် လယ်ကွက်စပ်တွင် ညနေ ၅ နာရီခွဲခန့်က ကန်စွန်းရွက်ခူးနေရင်း မိုးကြိုးထိမှန်၍ ဒဏ်ရာရရှိကာ သေဆုံးသွားကြောင်းနှင့် ညနေ ၅ နာရီ ၃၅ မိနစ်ခန့်က အောင်ပန်းစိန် ကျေးရွာအုပ်စု အောင်ပန်းစိန်ကျေးရွာနေ ဦးဌေးဝင်း (၄၆နှစ်)သည် အောင်ပန်းစိန်ကျေးရွာ အနောက်မြောက်ကွင်းထဲရှိ ပေ ၅၀၀ ခန့်အကွာ ဦးအောင်မြ၏ လယ်ကွက်တွင် လယ်ကန်သင်းပြုပြင်နေစဉ် မိုးကြိုးထိမှန်ခံရ၍ ဒဏ်ရာများရရှိကာ သေဆုံးသွားသည်။

သုံးခွမြို့မရဲစခန်းက ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/ မဟုတ်၊ သေမှုသေခင်းဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကြည်စိုးလွင်-(သုံးခွ)**

# မိုးရွာပြီးလေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပြိုကျပြီးအမိုးလန်ပျက်စီးမှုဖြစ်



**ဟင်္သာတ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ မေ ၂၀ ရက် ညနေ ၄ နာရီခန့်က မိုးရွာပြီး ရုတ်တရက် လေပြင်းများတိုက်ခတ်မှုကြောင့် ရပ်ကွက်နှင့် ကျေးရွာအချို့တွင် နေအိမ်အမိုးလန်၊ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လယ်တီကွင်းရပ်ကွက်၊ အေးမြသာယာရပ်ကွက်နှင့် ပဲကြီးကျွန်း၊ ကိုင်းချောင်း၊ အိပ်ပျက်၊ လယ်တီ၊ ကျုံတုန်း၊ လက်ပံလှကျေးရွာအုပ်စုခြောက်အုပ်စုတို့တွင် နေအိမ်ပြိုကျပျက်စီးမှုများနှင့် အမိုးလန်ပျက်စီးမှု များ ဖြစ်ပွားခဲ့ကြောင်းသိရှိရပြီး ပြိုကျနေအိမ်နှင့် အမိုးလန်ပျက်စီးနေအိမ်အရေအတွက်စာရင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများက ရရှိနိုင်ရေးဆောင်ရွက်လျက်ရှိပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံး မှုမရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကူညီရေးလုပ်ငန်းများနှင့် နီးစပ်ရာဆွေးမျိုးများထံ ပြောင်းရွှေ့နေနိုင်ရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ပြိုလဲပိကျမှုဖြစ်

**ပန်းတောင်း မေ ၂၁** - ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ အကောက်တောင်ဘုရားသို့သွားသော ဧရာဝတီမြစ်ကမ်းအနီးတွင် မေ ၂၀ ရက် ညနေ ၃ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် စျေးဆိုင်တစ်ဆိုင်၊ လူနှစ်ဦးနှင့် ဘုရားဖူးယာဉ်သုံးစီးတို့အပေါ်သို့ စိန်ပန်းပင်ပြိုလဲပိကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါလေဘေးသင့်မှုအား ခရိုင်မီးသတ်တပ်ဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသတွင်း လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဝိုင်းဝန်းကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပြီး သစ်ပင်ပိခံရသူနှစ်ဦးအနက် တစ်ဦးမှာ ထုံးဘိုမြို့ တိုက်နယ်ပြည်သူ့ဆေးရုံတွင်ဆေးကုသမှုခံယူလျက်ရှိပြီး ကျန်တစ်ဦးအား တာဝန်ရှိသူများက ပြည်မြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်လေဆိပ်တွင် ဂျက်လေယာဉ်နှင့် ထရပ်ကားတိုက်မိ၍ လူများဒဏ်ရာရ

**လော့စ်အိန်ဂျလိစ် မေ ၂၁**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ယမန်နေ့က ခရီးသည်တင်ဂျက်လေယာဉ်တစ် စင်းနှင့် ထရပ်ကားတစ်စီးတို့ တိုက်မိမှု ဖြစ်ပွားခဲ့ရာ လူရှစ်ဦးဒဏ်ရာရရှိခဲ့ပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

မက္ကဆီကိုစီးတီးမှ ပျံသန်းလာသည့် အေရိုမက္ကဆီကိုဘိုးရင်း ၇၃၇ ခရီးသည်တင်ဂျက်လေယာဉ်နှင့် ပို့ဆောင်ရေး လမ်းကြောင်းပေါ်ရှိ လေဆိပ်ထောက်ပံ့ရေး ထရပ်ကားတစ်စီးတို့ လေယာဉ်ပြေး လမ်းနံပါတ် ၂၅ ညာဘက်အနီးရှိ ပို့ဆောင်ရေးလမ်းကြောင်းတွင် တိုက်မိခဲ့ခြင်း ဖြစ်ကာ ထောက်ပံ့ရေးထရပ်ကားတိမ်းမှောက်သွားခဲ့ပြီး ယာဉ်ပေါ်၌လိုက်ပါလာသည့် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီး နှစ်ဦးအပါအဝင် စုစုပေါင်း ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း လော့စ်အိန်ဂျလိစ် မီးသတ်ဌာနမှ ဘရိန်းဟန်ဖရေးက ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ခရီးသည်တင် လေယာဉ်ပေါ်၌ လိုက်ပါလာသည့် ခရီးသည်နှင့် ဝန်ထမ်းများအားလုံး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း၊ လေယာဉ် ဘယ်ဘက်တောင်ပံ အနည်းငယ်ပျက်စီးသွားခဲ့သော်လည်း လောင်စာဆီယိုစိမ့်မှုနှင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**




# မြောက်ကိုရီးယားက ဒုံးကျည်တစ်လုံးစမ်းသပ်ပစ်လွှတ်

**ဆိုးလ် မေ ၂၁**

မြောက်ကိုရီးယားသည် မေ ၂၁ ရက်က ဒုံးကျည်တစ်လုံးကို ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောခဲ့သည်။ တာလတ်ပစ်ဒုံးကျည် ပစ်လွှတ်ခဲ့ပြီး တစ်ပတ်အကြာတွင် ထိုသို့ ဒုံးကျည်တစ်လုံးပစ်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လွန်ခဲ့သောလက အောင်မြင်မှုမရှိသည့် ဒုံးကျည်ပစ်လွှတ်စမ်းသပ်ခဲ့သောနေရာဖြစ်သည့် ပက်ချန်ဒေသအနီး၌ ယခုဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဒုံးကျည်ပစ်လွှတ်ခြင်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်ကြေညာခြင်းမရှိခဲ့သော်လည်း တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားတစ်လုံးဖြစ်နိုင်ကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။




တောင်ကိုရီးယား စစ်ဘက်အရာရှိများက ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခြင်း သတင်းဖော်ပြမှုကို အတည်ပြုရန် ငြင်းဆန်ထားသော်လည်း ဒုံးကျည်ပစ်လွှတ်ခြင်းနှင့်ပတ်သက်ပြီး စုံစမ်းမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ဖော်ပြထားသည်။

မြောက်ကိုရီးယား၏ တစ်ဦးတည်းသော မဟာမိတ်ဖြစ်သည့် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာက မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုနှင့် ပတ်သက်ပြီး ဖိအားပေးမှုအားလုံးကို မြောက်ကိုရီးယားအနေဖြင့် တင်းမာစွာ ခုခံလျက်ရှိသည်။

ယခုအခါတွင် မြောက်ကိုရီးယားအနေဖြင့် အမေရိကန်အထိ ရောက်အောင်ပစ်လွှတ်နိုင်သည့် ဒုံးကျည်အစီအစဉ်တစ်ခုကို အောင်မြင်အောင် စမ်းသပ်လုပ်ဆောင်နေကြောင်း သိရသည်။

**(ရိုက်တာ)**

## မြောက်ကိုရီးယားကိုဖိအားပေးရန် ဂျပန်နှင့် အမေရိကန်ကဆောင်ရွက်နေမှုများကို နိုင်ငံပိုင်သတင်းအေဂျင်စီကဝေဖန်ရှုတ်ချ

**ပြုံယမ်း မေ ၂၁**

မြောက်ကိုရီးယားနိုင်ငံအား အကျဉ်းအကျပ်ထဲသို့ကျရောက်စေရန် ဂျပန်နှင့်အမေရိကန်တို့က မကြာသေးမီက လှုပ်ရှားဆောင်ရွက်ခဲ့မှုများအပေါ်မြောက်ကိုရီးယားမီဒီယာက အပြင်းအထန်ဝေဖန်ရှုတ်ချမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ နိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီကစနေနေ့တွင် ဝေဖန်ရှုတ်ချမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်အင်္ဂါနေ့က ဂျပန်နိုင်ငံတိုကျိုမြို့၌ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် အမေရိကန်ပစိဖိတ် စစ်ရေးညွှန်ကြားမှုအဖွဲ့အကြီးအကဲ အက်ဒမိုင်ရယ်ဟယ်ရီဟာရစ်တို့နှစ်ဦး တွေ့ဆုံပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲကို ရည်ညွှန်းလျက်ရှုတ်ချခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲအတွင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ၎င်းအနေဖြင့်အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မြောက်ကိုရီးယားအပေါ်၌ ကျရောက်နေသည့်ဖိအားများ ပိုမိုတိုးပွားလာအောင်ပြုလုပ်စေလိုကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံက ပိတ်ဆို့မှုများပြုလုပ်ရန်ကြိုးစားသည့် လှုပ်ရှားမှုများသည် မြောက်ကိုရီးယားကဂျပန်အား တိုက်ခိုက်ရေးနယ်နိမိတ်အတွင်းသို့ ဆွဲသွင်းလာစေမည့် အခြေအနေသို့ရောက်ရှိစေခဲ့သည်ဟု ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်အပါအဝင် တိုက်ခိုက်ရေးနည်းလမ်းမျိုးစုံတို့သည် အမေရိကန်နှင့် ဂျပန်နိုင်ငံရှိအမေရိကန်စစ်အခြေစိုက်စခန်းများကိုရည်ရွယ်ကြောင်း ဖော်ပြခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## ဂျပန်၌ဓားကိုင်တိုက်ခိုက်မှုကြောင့် ခြောက်ဦးဒဏ်ရာရ

**တိုကျို မေ ၂၁**

ဂျပန်နိုင်ငံအရှေ့ပိုင်း ချီဘာစီရင်စု ပန်းခြံတစ်ခု၌ မေ ၂၁ ရက်နံနက်ပိုင်းက ဓားကိုင်ဆောင်ထားသော လူတစ်ဦး၏ တိုက်ခိုက်မှုကြောင့် လူခြောက်ဦးဒဏ်ရာ ရရှိသွားခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြကြသည်။

မက်ဆူဒိုမြို့ရှိ ပန်းခြံတစ်ခု၌ ဘက်ရိုက်တံနှင့် ဓားကိုအသုံးပြု၍ လူတစ်ဦး တိုက်ခိုက်နေကြောင်း ဖုန်းခေါ်ဆိုမှုကို ဒေသတွင်းမီးသတ်ဌာနက ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။တိုက်ခိုက်သူအပါအဝင် ဒဏ်ရာရသူခြောက်ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့အနက် နှစ်ဦးမှာဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ဓားနှင့်ဘက်တံကိုင်တိုက်ခိုက်သူ၏ သတင်းအချက်အလက်များနှင့် တိုက်ခိုက်သည့် အကြောင်းကိုသိရှိရန် ရဲများကစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကင်ညာမြောက်ပိုင်းတွင် ရွေးကောက်ပွဲအတွက်မိန့်ခွန်းပြောကြားရန် သမ္မတရောက်ရှိလာပြီးနောက် ရုန်းရင်းဆန်ခတ်ဖြစ်ပွား

**နိုင်ရိုဘီ မေ ၂၁**

ကင်ညာနိုင်ငံမြောက်ပိုင်း အိုင်စီအိုလိုစီရင်စုတွင် သမ္မတ အာဟူရူကင်ရတ်တာသည် နိုင်ငံရေးဆိုင်ရာလူထုစုဝေးပွဲသို့တက်ရောက်ခဲ့ပြီးနောက် ဒေသတွင်းအစိုးရအဖွဲ့ ရာထူးနေရာများအတွက် ယှဉ်ပြိုင်ဘက်နိုင်ငံရေးကိုယ်စားလှယ်လောင်းများအား ထောက်ခံသူများက ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ရဲများကလူအုပ်အတွင်းမှလူတစ်ဦးကိုသေနတ်ဖြင့်ပစ်သတ်လိုက်ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အာဏာပိုင်များနှင့်နိုင်ငံရေးခေါင်းဆောင်များက ပြောကြားသည်မှာ လူထုစုဝေးမှုပြုလုပ်ရာနေရာသို့ သမ္မတကင်ရတ်တာ မိန့်ခွန်းပြောကြားရန်ရောက်ရှိမလာခင်ကတည်းက ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုထားသည်။

ကင်ညာ၌လာမည့်ဩဂုတ်လ ၈ ရက်တွင်ကျင်းပမည့်သမ္မတရွေးကောက်ပွဲတွင် လက်ရှိထမ်းဆောင်နေဆဲဖြစ်သည့် သမ္မတကင်ရတ်တာပါဝင်ယှဉ်ပြိုင်ရွေးကောက်ခံမည်ဖြစ်ပြီး ယင်းနေ့သည် ပါလီမန်လွှတ်တော်အဖွဲ့ဝင်များနှင့် ဒေသတွင်းအစိုးရအဖွဲ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်မည့်နေ့လည်း ဖြစ်သည်။

လူထုစုဝေးမှုအပြီးတွင် ခရိုင်အုပ်ချုပ်ရေးအဖွဲ့အတွက် ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းတစ်ဦးအား ထောက်ခံသူတစ်ဦးသည် အိုက်စီအိုလိုရှိ လမ်းပိတ်ဆို့ထားသည့်နေရာအနီးသို့ ချဉ်းကပ်လာခဲ့ပြီး ရဲအရာရှိများက အခြားတစ်ဖက်မှသွားရန်ပြောကြားသည်ကို လိုက်နာခြင်းမရှိခဲ့ကြောင်း၊ ထို့နောက်ရုန်းရင်းဆန်ခတ်ဖြစ်ပွားကာ တစ်ဦးကိုပစ်သတ်ခဲ့ရကြောင်းရဲအဖွဲ့က ပြောကြားခဲ့သည်။

**(ရိုက်တာ)**



# အနောက်သို့ခရီး

**မြင့်စိုး (နတလ)**

အနောက်သို့ခရီးဟုဆိုလိုက်သည်နှင့် မြန်မာ့ရုပ်မြင်သံကြားက အခန်းဆက်ပြသသွားသော Journey to the west ဇာတ်လမ်းတွဲအား ပြေး၍သတိရမိသည်။ ထျန်းစန်းကိုယ်တော်နှင့် သူ၏ တပည့်များဖြစ်သော စွန်းဝူခုန်း၊ ပါကျဲ၊ ရှားဝူကျင့် အစရှိသူတို့၏ အနောက်သို့ခရီးစဉ်တွင် စိတ်ဝင် စားဖွယ်ရာများ၊ အံ့သြထိတ်လန့်ဖွယ်ရာများ၊ ကျေနပ်ဝမ်းမြောက်ဖွယ်ရာများ စသည့်စသည့် စိတ်ခံစားမှုအမျိုးမျိုးကို ရရှိစေခဲ့သော ဇာတ်လမ်းတွဲဖြစ်သည်။ ကလေးများကအစ သက်ကြီးရွယ်အိုများအဆုံး မြန်မာပရိသတ်အားလုံး နှစ်သက်သဘောကျစွာ ကြည့်ရှုခဲ့ကြသော ဇာတ်လမ်းတွဲဟု ပြောလျှင်လည်း မမှားတန်ရာ။ သို့သော် ကျွန်တော်ရည်ညွှန်းလိုသော အနောက်သို့ခရီးကတော့ ဤဇာတ်လမ်းတွဲ၏ အမည်မဟုတ်သည်မှာ အလွန်သေချာသည်။ ကျွန်တော်တို့ငယ်စဉ်က တိတိကျကျပြောရလျှင် ၁၉၆၀ ပြည့်လွန် အချိန်ကာလများဆီက မိမိတို့ မူလတန်းကျောင်းသားအရွယ်တွင် မွေးရပ်ဇာတိမြေဖြစ်သော ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ လူတော်တော်များများသည် နယ်မြေချင်းထိစပ်နေသော ရခိုင်ပြည်နယ် ဂွ၊ ကျိန္တလီ၊ သံတွဲဒေသများကို အနောက်ဟုခေါ်ခဲ့ကြသည်။ မိမိတို့ရွာမှနေ၍ အနောက်ရိုးမကိုကျော်ကာ ခြေကျင်သွားရသောကြောင့် ထိုခရီးကို အနောက်သို့သွားသည်ဟုသာ သူတို့ပြောဆိုခဲ့ကြခြင်းဖြစ်သည်။ ထိုအချိန်၌ ပုသိမ်-မုံရွာ ကားလမ်းမကြီးမရှိသေးသလို၊ ငါးသိုင်းချောင်းအနီး ရေနံသာမှခွဲ၍သွားရသော ငါးသိုင်းချောင်း-ဂွ ကားလမ်းသည်လည်း မပေါ်ပေါက်သေးပါ။ လူတော်တော်များများက ထိုခရီးကို နွားလှည်းနှင့်တစ်မျိုး၊ ခြေကျင်ဖြင့်တစ်ဖုံ သွားခဲ့ကြခြင်းဖြစ်၏။

ဤသို့ဤနှယ် ငယ်စဉ်ကတည်းက နှုတ်ကျိုးနေသော အနောက် ၊ အနောက်ဘက်ဒေသဖြစ်သည့် ရခိုင်ပြည်နယ်ရှိ မြို့ရွာများသို့ ယခုတလောဌာနဆိုင်ရာတာဝန်ဖြင့် မကြာမကြာ ရောက်ရှိတတ်သဖြင့် ကျွန်တော်၏ဆောင်းပါးခေါင်းစဉ်ကို အနောက်သို့ခရီးဟု တင်စားခေါ်ဝေါ်လိုက်ခြင်းရယ်သာ။ ကျွန်တော်၏ ဆောင်းပါးများထဲတွင် ကျောက်ပန်းတောင်းဒေသက မကြာခဏပါနေသဖြင့် ကလောင်နာမည်ကိုပင် မြင့်စိုး(နတလ) ဟု မပေးတော့ဘဲ မြင့်စိုး (ကျောက်ပန်းတောင်း)ဟု ပေးဖို့သင့်ပြီဖြစ်ကြောင်း ရင်းနှီးသောမိတ်ဆွေတချို့က ရယ်မောနောက်ပြောင်ပြောဆိုခဲ့ကြသည်။ သူတို့ပြောလောက်အောင်လည်း ကျွန်တော့်အတွက် ရခိုင်ဒေသအနောက်သို့ခရီးက အတန်ငယ်စိပ်လာသည်မှာ အမှန်ပဲဖြစ်၏။ ယခု တစ်ခေါက်ခရီးစဉ်မှာလည်း စစ်တွေ ရေချမ်းပြင်ဆိပ်မှနေ၍ ပင်လယ်ဝကို ဖြတ်၊ တစ်ဖက်ကမ်း အငူမော်မှတက်ကာ ကျောက်ပန်းတောင်းသို့ကားဖြင့် ရောက်အောင်သွားပြီး ရခိုင်တိုင်းရင်းသားများအတွက် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုခဲ့ပါသေးသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းမှ ပလ္လင်ပြင်-အောင်ဒိုင်-ကျက်တောပြင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း(၃/၁)မိုင်ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ယင်းအခမ်းအနားသို့ ရခိုင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်ခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်အား ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည့် မြင်ကွင်းအပြင် လမ်းဖွင့်ပွဲအပြီး ကျက်တောပြင်ကျေးရွာမှ ရွာသူ ရွာသားအချို့ ဝမ်းသာလွန်းသောကြောင့်ဟုဆိုကာ အသံချဲ့စက်မှ ဖွင့်ထားသော ရခိုင်တေးသွားများနှင့်အတူ ပျော်ရွှင်စွာကခုန်နေကြသည့် မြင်ကွင်းကိုလည်း မြင်ခဲ့ရသည်။ အလွန်သဘောကျ၍ မှတ်တမ်းဓာတ်ပုံရိုက်ခဲ့သည်။ ခရီးစဉ်မှ ပြန်ရောက်ချိန်၌ လမ်းဖွင့်ပွဲသတင်းနှင့်အတူ သူတို့ပျော်ရွှင်စွာ ကခုန်နေသည့်ဓာတ်ပုံများကိုပါ Facebook ပေါ်မှာ တင်ပေးလိုက်ပါသည်။ ထိုအခါ မိတ်ဆွေတစ်ဦးက သူတို့ကနေသောအကကို ဘာအကဟုခေါ်ပါသလဲ၊ ဘေလေး ဆပ်အကလားဟု Comment ရေးကာ မေးလာခဲ့သည်။ အလိုလေး... ဆရာရေ ဒီရွာမှာ ဘေလေးဆပ်အကကို ကဖို့ မပြောနဲ့ ကိုယ့်အမျိုးဂုဏ်ကို စောင့်ထိန်းဖို့ရာ ရွာဦးကျောင်း ဆရာတော်က ဘယ်လိုမှာကြားဆုံးမထားသလဲဆိုတာ ဖတ်သာကြည့်တော့ဟု ပြန်ရေးလိုက်ပြီး ကျွန်တော်မှတ်တမ်းယူလာခဲ့သော ဆိုင်းဘုတ်တစ်ခု၏ ဓာတ်ပုံကို ပြပေးလိုက်သည်။ ရွာလယ်၌ စိုက်ထူထားသော ထိုဆိုင်းဘုတ်တွင်ရေးသားထား သည်မှာ ဤရွာသည် အမိကို မေမေခေါ်၍ မျိုးဖျက်သော ရွာမဟုတ်။ အမိခေါ်၍ မျိုးစောင့်သောရွာဖြစ်သည်။ သင့်ကြောင့် အဘ၊ အဘာ၊ ဘာဘာ၊ ဘားဘား မပျောက်ပါစီနှင့်။ အမိ၊ အမင်၊ အီးယောင်၊ အီးယေ မပျောက်ပါစီနှင့်။ (ကျက်တောပြင် ဆရာတော်) ဟူ၍ ဖြစ်ပါသည်။ ထိုဆိုင်းဘုတ်အနီး၌လည်း အလှူရှင် အေးကိုနိုင်နှင့်ဇနီး ခိုင်စောနွယ်တို့က ဆောက်လုပ်လှူဒါန်းထားသော ရေချမ်းစင်တစ်ခုကို တွေ့ခဲ့ရသည်။ ထို ရေချမ်းစင်ကိုလည်း ရခိုင်ဘာသာဖြင့်ပင် ရေးသားထားသည်မှာ ရီဖုန်းစင်ဟူ၍ ဖြစ်ပါသည်။ လမ်းဖွင့်ပွဲသွားရင်း ရခိုင်ဘာသာနှင့် ပတ်သက်၍ ဗဟုသုတတစ်မျိုးတိုးခဲ့ရပါသည်။




မေ ၈ ရက်ကလည်း ကျောက်တော်နှင့် မြောက်ဦး ကားလမ်း နံဘေး၊ မြောက်ဦး မြို့အနီး လက္ကာကျေးရွာအဝင်၌ ပေ ၆၀ ကွန်ကရစ်တံတား တစ်စင်းဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ပါသေးသည်။ ထိုအခမ်းအနားကိုမူ ကျွန်တော်နှင့်အတူ မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်တို့နှင့်အတူ ဒေသခံရွာသူ၊ ရွာသားများ တပျော်တပါး တက်ရောက်ခဲ့ကြ သည်။ မိမိတို့ဦးစီးဌာန၏ဝန်ထမ်းများဖြစ်သော ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ထွဋ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးသီတာမြင့်နှင့် ဝန်ထမ်း များ၊ မြောက်ဦးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ရွာသူ၊ ရွာသားများအား ၎င်းတို့ကျေးရွာသို့ အဝင်မြေလမ်း လေးဖာလုံခန့်ကို နတလမှ ပြန်လည်ပြုပြင်ပေးနိုင်ရေး ပြည်ထောင်စုဝန်ကြီးထံ တင်ပြပေးပါမည်ဟု ကတိပြုပြောကြားလိုက်သောအခါ သူတို့အလွန်ပျော်သွားသည့် မြင်ကွင်းကို တွေ့မြင်ခဲ့ရသည်။

နယ်စပ်ဒေသအသီးသီးမှာ လမ်းတွေပေါက်သွားသဖြင့် လည်းကောင်း၊ ကျောင်းတွေ၊ ဆေးရုံ၊ ဆေးခန်းတွေတည်ဆောက်ပေးသောကြောင့် လည်းကောင်း၊ သောက်သုံးရေများ သွယ်ယူပေးသဖြင့် လည်းကောင်း၊ ပင်မဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းပေးခြင်း၊ ဆိုလာမီးများ တပ်ဆင်ပေးခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ တပ်ဖွဲ့ဝင်မိသားစုများနေထိုင်ရန် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးခြင်းကြောင့်လည်းကောင်း၊ ပြုံးပျော်သွားကြသော၊ ပီတိဖုံးလွှမ်းသွားကြသော အပျော်မျက်နှာ၊ အပြုံးမျက်နှာများကို မကြာခဏကျွန်တော် တွေ့ဖူး၊ မြင်ဖူးခဲ့ပြီဖြစ်ပါသည်။ သူတို့ဆီက အပျော်တွေကိုလည်းကူးစက်ရယူခံစားခဲ့ဖူးပါပြီ။ ထို့ထက်ပို၍ ခံစားရသည်မှာ မိမိတို့ နယ်စပ်ဝန်ထမ်းများ(ဝန်ကြီးဌာနအားလုံးမှဝန်ထမ်းများကိုရည်ညွှန်းပါသည်။) အနေဖြင့် နိုင်ငံတော်အစိုးရမှ ခွင့်ပြုပေးသောဘဏ္ဍာငွေကို အရင်းပြုကာ မဖွံ့ဖြိုး၊ မတိုးတက်သေးသော နယ်စပ်ဒေသ အသီးသီးတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသောကြောင့် အလိုလိုကုသိုလ်တွေ ရနေခြင်းပင်ဖြစ်ပါသည်။ ထို့အတွက်လည်း ဝန်ထမ်းထဲကဝန်ထမ်းဖြစ်နေသည့် ကျွန်တော်တို့ကိုယ်တိုင် ကျေနပ်ဝမ်းမြောက်မိပါသည်။

အနောက်သို့ခရီးလို့ပဲပြောပြော၊ ရခိုင်ခရီးစဉ်လို့ပဲဆိုဆို၊ ယခုတစ်ခေါက် ရခိုင်ပြည်နယ် ခရီးစဉ်ကို ကျွန်တော်အလွန်ကျေးဇူးတင်ဝမ်းမြောက်စွာသွားခဲ့ရသည်လို့ပဲ မှတ်ယူမိပါသည်။ ကျေးဇူးတင်ရသည့် အကြောင်းအရင်းမှာ စစ်တွေမှဝန်ထမ်းများအပြင်၊ မင်းပြားမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်း၊ မြောက်ဦးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများဖြစ်သော ဦးကျော်မျိုးမြင့်၊ မိုးမိုးအေး၊ ဆုနှင်းနှင်းဝေတို့၏ အကူအညီပေးမှုကြောင့် ကျောက်တော်မြို့ရှိ မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီး၊ မြောက်ဦးမြို့မှ သျှစ်သောင်းပုထိုးတော်ကြီး၊ ကိုးသောင်းပုထိုးတော်ကြီး၊ ထုက္ကန့်သိမ်ပုထိုးတော်ကြီး၊ မာရ်ငါးဆူ ဘုရားဖြစ်သော မဂ်မာရ်အောင်၊ သကျမာရ်အောင်၊ ရတနာမာရ်အောင်၊ လောကမာရ်အောင်၊ ဇိနမာရ်အောင်ဘုရား စေတီများကို လည်းကောင်း၊ စန္ဒာမုနိကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူနေသော မြတ်ဗုဒ္ဓ၏ လက်ဝဲအောက်အံတော်ကိုလည်းကောင်း ဖူးမြော်ကြည်ညိုခွင့်ရခဲ့သောကြောင့် ဖြစ်ပါသည်။

ကိုးသောင်းပုထိုးတော်ကြီးကို ဖူးမြော်ရန် သွားရောက်စဉ် လွန်ခဲ့သည့် နှစ်များစွာကတည်းက ကျွန်တော့်ရင်ထဲမှာ ပြင်းပြစွာဖြစ်ပေါ်နေသော ဆန္ဒတစ်ခုပြည့်ဝလာခဲ့ပါသည်။ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ထုတ်ဝေခဲ့သော နတလဦးစီးဌာန ပြက္ခဒိန်၌ ရုပ်ပွားတော်မြတ်ကြီးတစ်ဆူရှေ့တွင် ရခိုင်တိုင်းရင်းသူလေးတစ်ဦး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူနေသည့် ဓာတ်ပုံတစ်ပုံ ကျွန်တော်အသုံးပြုခဲ့သည်။ Photo City မှ ဓာတ်ပုံပညာရှင်ကိုဖေမြင့်ဦး လက်စွမ်းပြထားသော ဓာတ်ပုံဖြစ်သည်။ ပန်း၊ ဆီမီးကပ်လှူ ရခိုင်တိုင်းရင်းသူဟူ၍ ဓာတ်ပုံအတွက် ပုံစာရေးခဲ့သည်ကိုလည်း အမှတ်ရနေမိပါသည်။ သို့သော် ထိုရုပ်ပွားတော်ကြီး ဘယ်အနားတွင်ရှိနေမှန်း ကျွန်တော်မသိ။ ကိုးသောင်းပုထိုးတော်ကြီးအနီး တောင်ကုန်းလေးတစ်ခုအပေါ်၌ တည်ရှိနေပြီး နေပူခံဘုရားဟု ဒေသခံများက ဘွဲ့အမည်ပေးထားကြောင်းသိရ၍ တက်ရောက်ဖူးမြော်ခွင့်ရခဲ့သည်။ ဘုရားအာရုံခံတန်ဆောင်း ပြုလုပ်၍မရကြောင်း၊ မိုးကြိုးခဏခဏ ပစ်ကြောင်းလည်း သိလိုက်ရ၏။ သည့်အတွက်ကြောင့် နေပူခံဘုရားဟု ဘွဲ့မည်နာမတော် ပေးထားကြသည်လားမသိ။ ခြုံငုံ၍ တင်ပြရလျှင် ယခုတစ်ခေါက် ရခိုင်ဒေသခရီးစဉ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခွင့်ရခဲ့သည်။ အနှစ်နှစ်အလလကတည်းက ဖူးမြော်ရန်စိတ်ဆန္ဒပြင်းပြနေသော ဘုရား၊ စေတီ၊ ပုထိုးများစွာကိုလည်း ဖူးမြော်ခွင့်ရခဲ့သည်။ ပျော်ရွှင်ချမ်းမြေ့ခဲ့ရပါသည် ဝတီလေးရပ်တို့ တည်ရှိရာ အနောက်သို့ ခရီးစဉ် ...။

**နယ်စပ်ဒေသအသီးသီးမှာ လမ်းတွေပေါက်သွားသဖြင့် လည်းကောင်း၊ ကျောင်းတွေ၊ ဆေးရုံ၊ ဆေးခန်းတွေတည်ဆောက်ပေးသောကြောင့် လည်းကောင်း၊ သောက်သုံးရေများ သွယ်ယူပေးသဖြင့် လည်းကောင်း၊ ပင်မဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းပေးခြင်း၊ ဆိုလာမီးများ တပ်ဆင်ပေးခြင်းကြောင့် လည်းကောင်း**



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် တင်မင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များနှင့် ညောင်လိန်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက်က သဲဖြူကျေးရွာသို့ သွားရောက်ပြီး အိမ်ထောင်စု ၁၀၀ အတွက် သောက်သုံးရေ ဂါလန် ၈၀၀ အား သွားရောက်လှူဒါန်းခဲ့စဉ် ကိုရဲ

# မြန်မာပလာဇာ၌ ပန်းချီဓာတ်ပုံပြပွဲကျင်းပမည်

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြို့ရှိ ဗီယက်နမ်သံရုံးကစီစဉ်ကျင်းပသည့် CHARM AND BEAUTY EXHIBITION အမည်ရှိ ပန်းချီဓာတ်ပုံပြပွဲကို ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ မြန်မာပလာဇာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ပထမဦးဆုံးဆက်ဆံရေးရုံးကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခြင်း နှစ်(၇၀)မြောက် အထိမ်းအမှတ်နှင့် မြန်မာနှင့် ဗီယက်နမ် သံတမန်ဆက်ဆံရေး (၄၂)မြောက် အထိမ်းအမှတ်အဖြစ် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပန်းချီနှင့်ဓာတ်ပုံပြပွဲဖွင့်ပွဲကို မေ ၂၃ ရက် ညနေ ၃ နာရီတွင် မြန်မာပလာဇာမြေညီထပ်၌ ကျင်းပသွားမည်ဖြစ်ကာ မေ ၂၄ ရက်တွင် နှစ်နိုင်ငံပန်းချီဆရာများ၏ လက်တွေ့ပန်းချီရေးဆွဲခြင်းအစီအစဉ်ကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) သရဖီဆောင် အနုပညာခန်းမ(၁)၌ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ဗီယက်နမ်နိုင်ငံမှ ပန်းချီပညာရှင်၁၂ ဦးနှင့် ဓာတ်ပုံပညာရှင်နှစ်ဦး ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပန်းချီပညာဌာနမှ ဆရာ ဆရာမ ခုနစ်ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပန်းချီပညာဌာနမှ ဆရာမ နှစ်ဦး၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)မှ ဆရာနှစ်ဦး၊ ပြင်ပပန်းချီပညာရှင်သုံးဦး၊ ဓာတ်ပုံပညာရှင် နှစ်ဦးတို့ ပါဝင်ပြသကြမည်ဖြစ်သည်။ ယခုပြပွဲသည် အများပြည်သူ လာရောက်လေ့ရှိသော လူစည်ကားရာဈေးဝယ်စင်တာ၌ ပြုလုပ်သော ပထမဦးဆုံး ပန်းချီဓာတ်ပုံပြပွဲဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# လယ်ယာစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဘာသာရပ်ဆိုင်ရာသင်တန်းဆင်း



**နေပြည်တော် မေ ၂၁**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးစီးပွားပညာဌာနတွင် မေ ၁၅ ရက်မှ ၁၉ ရက်အထိ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ဆရာ ဆရာမ ၃၀ အား အရည်အသွေးပိုမိုတိုးတက်မြင့်မားရေးအတွက် လယ်ယာစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဘာသာရပ်ဆိုင်ရာ သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။ **(ယာပုံ)**

သင်တန်းဆင်းပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က သင်တန်းတက်ရောက်အောင်မြင်ခဲ့သော သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး အမှာစကားပြောကြားရာ၌ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများသည် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအပြန်အလှန် ဆက်စပ်အထောက်အကူပြုလျက်ရှိကြောင်း၊ ယခုကဲ့သို့ စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် သင်ကြားမည့်ဘာသာရပ်များ ပြန်လည်ပြင်ဆင်မွမ်းမံခြင်း၊ ဆွေးနွေးမှုများ ပြုလုပ်ခြင်းသည် သင်ကြားရေးတွင် အထောက်အကူပြုသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး စိုက်ပျိုးရေးသိပ္ပံများအတွက် လွန်စွာအကျိုးပြုမည်ဖြစ်ကြောင်း၊ နောက်နောင်ကာလများတွင်လည်း ဤကဲ့သို့ သင်တန်းများကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ဓာတ်ပုံ-မေမိုးသဲ**

# လုပ်ခလစာမရရှိမှုကို အလုပ်ရှင်နှင့်ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် ရရှိသည့်လုပ်အားခများ သက်ဆိုင်သူအလုပ်သမားထံလွှဲပြောင်းပေးအပ်

**တာချီလိတ် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မှ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တွင် အိမ်အကူလုပ်ငန်း လာရောက်လုပ်ကိုင်နေကြသည့် မအေးမျိုးသူနှင့် မအိအိဖြိုးတို့က ၎င်းတို့၏ အလုပ်ရှင်ဖြစ်သူက လုပ်ခလစာများမရှင်းပေးသည့်အတွက် လုပ်ခလစာများရရှိစေရေး ကူညီပေးရန် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (cncmc)သို့ လာရောက် အကူအညီတောင်းခံသည့်အတွက် cncmcကော်မတီနှင့် ထိုင်း-မြန်မာ နယ်ခြားကော်မတီတို့ ပူးပေါင်း၍ မယ်ဆိုင်မြို့နေ အဆိုပါလုပ်ငန်းရှင်နှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကြရာ အဆိုပါလုပ်ငန်းရှင်က စီးပွားရေးအခက်အခဲကြောင့် လစာများအား တစ်လုံးတစ်ခဲတည်းပေးအပ်ရန် မတတ်နိုင်သည့်အတွက် အရစ်ကျခွဲပေးခွင့်ပြုပါရန် မေတ္တာရပ်ခံလာသည့်အတွက် ကာယကံရှင်များ၏ သဘောတူညီချက်အရ အရစ်ကျပေးချေလာသည့် ထိုင်းဘတ်ငွေ တစ်သောင်းသုံးထောင်အား မေ ၂၁ ရက် နံနက်ပိုင်းက cncmc ကော်မတီတာဝန်ရှိသူများက မအေးမျိုးသူနှင့် အိအိဖြိုးတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်ကြသည့် မြန်မာနိုင်ငံသားများ ထိုင်းနိုင်ငံအတွင်း ဥပဒေမဲ့ပြုမှုခံရပါက ကူညီစောင့်ရှောက်နိုင်ရေးအတွက် တာချီလိတ်မြို့ အမှတ်(၁)ချစ်ကြည်ရေးတံတားတွင် cncmc ကော်မတီရုံးခန်းကို ဖွင့်လှစ်ကာ ကော်မတီဝင်များက နေ့စဉ်အလှည့်ကျရုံးထိုင်ပြီး ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏အခက်အခဲကို ဥပဒေဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ပလပ်မြေပေါ် အဆောက်အအုံဆောက်လုပ်နေမှု ရပ်ကွက်ပြည်သူများ ကျေနပ်မှုမရှိသဖြင့် ဆန္ဒဖော်ထုတ်



**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သရေခေတ္တရာ ၂၁ လမ်းနှင့် ၂၂ လမ်းမှ ပြည်သူ ၅၀ ခန့်သည် မေ ၂၁ ရက် နံနက် ၉ နာရီမှ ၁၀ နာရီကျော်ထိ သရေခေတ္တရာလမ်းမီးတားကွင်း၌ လူစု၍ မြို့နယ်စည်ပင် သာယာအုပ်ချုပ်ရေးမှူးရုံးအထိ အသွားအပြန် ဦးအေးဝင်းနှင့် ဦးအေးလွင် ဦးဆောင်၍ ဒေါက်တာစောနိုင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) တို့ပါဝင်သော ပြည်သူများသည် ဆိုင်းဘုတ်များကိုင် ဆောင်ကာ ကြွေးကြော်လျက် သုမင်္ဂလာလမ်းတစ်လျှောက် ဆန္ဒဖော်ထုတ်ကြသည်။

ဆန္ဒဖော်ထုတ်ရသည့် အကြောင်းရင်းမှာ အဆိုပါသရေခေတ္တရာ ၂၁ လမ်းနှင့် ၂၂ လမ်းကြား အလျား ပေ ၈၀၊ အနံ ပေ ၆၀ ပလပ်မြေအား ဦးအောင်ကျော်မြင့်ဆိုသူအမည်ဖြင့် ၂၀၁၃ ခုနှစ်တွင် နှစ် ၆၀ မြေငှားဂရန်(အထူးဂရန်) ချထားပေးပြီး အဆောက်အအုံဆောက်လုပ်ခြင်း စတင်နေခြင်းကို ပြည်သူများ မကျေနပ်၍ ယခုကဲ့သို့ ဆန္ဒပြရခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ထွန်း (တောင်ဥက္ကလာ)**

## နိုင်ငံတကာအားကစား

# ချယ်လ်ဆီးတို့ ပရီမီယာလိဂ်ဖလား ခြောက်ကြိမ်မြောက် ဆွတ်ခူး

**သီဟ**

၂၀၁၆-၂၀၁၇ ရာသီ ပရီမီယာလိဂ်ဖလားမှာ ယခုအပတ်နောက်ဆုံးပွဲစဉ်(၃၈) မတိုင်မီကပင် ချယ်လ်ဆီးတို့ ဆွတ်ခူးရရှိခဲ့ပြီဖြစ်သည်။ ချယ်လ်ဆီးအတွက် ပရီမီယာလိဂ်ဖလား ခြောက်ကြိမ်မြောက် ရရှိမှုဖြစ်သည်။

သို့သော်လည်း ရမှတ်အဆင့်အလိုက် ဆုကြေးများ ချီးမြှင့်ပေးမှုကြောင့် ပြိုင်ပွဲများမှာ အသက်ဝင်လျက်ရှိပြီး ချန်ပီယံချယ်လ်ဆီးက ရာသီပိတ်နောက်ဆုံးပွဲကို အိမ်ကွင်း၌ တန်းဆင်းသွားရပြီဖြစ်သည့် ဆန်းဒါးလန်းနှင့် ယှဉ်ပြိုင်ကစားရသော်လည်း နိုင်ပွဲရရှိရေး ကြိုးစားခဲ့ရသည်။

ချယ်လ်ဆီးနှင့်ဆန်းဒါးလန်းပွဲတွင် ငါးဂိုး- တစ်ဂိုးဖြင့် ချယ်လ်ဆီးက အနိုင်ရရှိပြီး အဖွင့်ဂိုးကို ပွဲချိန်သုံးမိနစ်တွင် ဆန်းဒါးလန်းက သွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် ချေပဂိုးကို ရှစ်မိနစ်တွင် ဝီလီယံက သွင်းယူပေးပြီး ၆၁ မိနစ်တွင် ဟားဇက်က ဒုတိယဂိုး သွင်းယူခဲ့သည်။ ၇၇ မိနစ်တွင် ရိုဒရီဂွက်ဇ်က တတိယဂိုး သွင်းယူပေးပြီး လူငယ်တိုက်စစ်မှူး ဘက်ရှူဝါယီက ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် နှစ်ဂိုးဆက်တိုက် သွင်းယူပေးသည်။

ချယ်လ်ဆီးအသင်းသို့ ယခုနှစ်မှပြောင်းလာသည့် ကွင်းလယ်ကစားသမား ကန်တီမှာ ပြီးခဲ့သည့်နှစ်ကလည်း လက်စတာအသင်းနှင့် ဖလားရရှိခဲ့သဖြင့် နှစ်နှစ်ဆက်တိုက် အသင်းနှစ်သင်းနှင့် ပရီမီယာလိဂ်ဖလား ရယူနိုင်မှုမှာ ထူးခြားမှုဖြစ်သည်။

ဒုတိယနေရာမှ စပါးကအဝေးကွင်း၌ ဟားလ်စီးတီးကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် နိုင်သည်။ မန်စီးတီးကလည်း အဝေးကွင်း၌ ဝက်ဖို့ဒ်ကို ငါးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး၊ လီဗာပူးက မစ်ဒယ်ဘရော့ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

အာဆင်နယ်က အဲဗာတန်ကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး မန်ယူကလည်း ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။

ဘန်လေကို ဝက်စ်ဟမ်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ လက်စတာနှင့် ဘုန်းမောက်ပွဲမှာ တစ်ဂိုးစီသရေဖြစ်ခဲ့သည်။ ဆောက်သမ်တန်နှင့် စတုတ်ပွဲမှာ စတုတ်က တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရသည်။ ဆွမ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် ဝက်စ်ဘရွန်းကို အနိုင်ရခဲ့သည်။

၂၀၁၆-၂၀၁၇ ပရီမီယာလိဂ် ရာသီအပြီးတွင် ချယ်လ်ဆီးက ရမှတ် ၉၃ မှတ်ဖြင့် ဗိုလ်စွဲပြီး စပါးက ရမှတ် ၈၆ မှတ်ဖြင့် အဆင့်(၂)၊ မန်စီးတီးက ရမှတ် ၇၈ မှတ်ဖြင့် အဆင့်(၃)၊ လီဗာပူးက ရမှတ် ၇၆ မှတ်ဖြင့် အဆင့်(၄)၊အာဆင်နယ်က ရမှတ် ၇၅ မှတ်ဖြင့် အဆင့်(၅)၊ မန်ယူက ရမှတ် ၆၉ မှတ်ဖြင့် အဆင့်(၆)ရရှိခဲ့သည်။ စပါးမှ တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းဂိုး ၂၉ ဂိုးဖြင့် ဂိုးသွင်းအများဆုံး ရွှေဖိနပ်ဆုရရှိခဲ့သည်။ ဟားလ်စီးတီး အဆင့်(၁၈)၊ မစ်ဒယ်ဘရော့ အဆင့်(၁၉)နှင့် ဆန်းဒါးလန်း အဆင့်(၂၀) တို့မှာ တန်းဆင်းသွားရပြီဖြစ်သည်။



ချယ်လ်ဆီးအသင်းသားများ ပရီမီယာလိဂ်ဖလားနှင့်အတူ ပျော်ရွှင်စွာ အောင်ပွဲခံနေသည်ကို တွေ့ရစဉ်

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၇၂ စီး၊ သွင်းကုန် ၅၈၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈ ဒသမ ၅၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉ ဒသမ ၈၅၁၁ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၁မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ ဒသမ ၃၅၁၁ သန်းခန့်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၀ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Toyota Estima ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ မော်တော်ယာဉ်ထိုင်ခုံအောက်၊ အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်အစား မျိုးစုံ ၄၇ တုံး၆၃၀ ကီလိုဂရမ်နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ယာဉ်ထိုင်ခုံအောက်၊ အံဝှက်ပြုလုပ်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ

## (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၌ တရားမဝင်သစ်များ တင်ဆောင်လာသောယာဉ်တစ်စီး ဖမ်းမိ

**မူဆယ် မေ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အတွင်း၌ မေ ၂၁ ရက် နံနက် ၃ နာရီက တရားမဝင် တမလန်းသစ်များသယ်ဆောင်လာသော မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လားရှိုးမှမူဆယ်ဘက်သို့ တရားမဝင်သစ်များသယ်ဆောင်မောင်းနှင်လာသော ခြောက်ဘီးယာဉ်တစ်စီးသည် မူဆယ် (၁၀၅) မိုင် တိုးဂိတ်အကျော် မိုင်းယု (၁၀၅) မိုင် ကျေးရွာလမ်းအတိုင်း မောင်းနှင်ခဲ့ရာ မူဆယ်မောင်းတံအနီး၌ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်သွားလာလျက်ရှိကြောင်း ကုန်သွယ်ရေးဇုန်တာဝန်ခံညွှန်ကြားရေးမှူး ဦးမြင့်သူရဦးစီးအဖွဲ့က သတင်းများရရှိ၍ OSS ရဲတပ်ဖွဲ့ဖြင့် တားဆီးခဲ့ရာ တရားမဝင် တမလန်းသစ်ပိတောက်တုံးရောရာများ သယ်ဆောင်လာသည့် မော်တော်ယာဉ် MDY 1L/---ယာဉ်ကို ဖမ်းဆီးနိုင်ခဲ့သည်။

ဖမ်းဆီးရမိသော တမလန်းသစ်ပိတောက်တုံး ၅၀ ခန့်နှင့် မော်တော်ယာဉ်အား (၁၀၅) မိုင် ကုန်သွယ်ရေးဦးစီးဌာနမှ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။ ဆက်လက်၍ အကောက်ခွန်မှ ခရိုင်သစ်တောဦးစီးဌာနသို့ ဆက်လက်လွှဲပြောင်းပေးခဲ့ရာ သစ်တောဦးစီးဌာနက စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## မာလာဆောင်ရှေ့ယာဉ်တိုက်မှုမှ ညပ်နေသူ နှစ်ဦးအား စက်ယန္တရားအသုံးပြု ကယ်ဆယ်ခဲ့ရ

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းမကြီး မာလာဆောင်အရှေ့လူကူးကားလမ်းခုံးကျော်တံတားအနီး၌ မေ ၁၉ ရက် ညနေ ၆ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

လှည်းတန်းဘက်မှ ပြည်လမ်းမကြီးအတိုင်း မောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် မာလာဆောင်ရှေ့အရောက် ယာဘက် လူသွားစင်္ကြံပလက်ဖောင်းပေါ်သို့ ကျော်တက်စဉ် အရှိန်ကြောင့် လူကူးတံတားအောက်ခြေ သံကူကွန်ကရစ်အုတ်တိုင်ကို တိုက်မိခဲ့သည်။

ထိုသို့တိုက်မိမှုကြောင့် ယာဉ်မှာပျက်စီးသွားပြီး ယာဉ်မောင်းနှင့် လူငယ်တစ်ဦး ဒဏ်ရာများရရှိ ညပ်မိနေသဖြင့် စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ အချိန်မီရောက်ရှိကာ စက်ယန္တရားများအသုံးပြု၍ ကယ်ဆယ်ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ၎င်းတို့အား ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ တင်ပို့ပေးခဲ့ကြောင်း မရမ်းကုန်းမြို့နယ် အခမဲ့လူမှုကူညီရေးအထောက်အကူပြုအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

## မုံရွာမြို့အစွန်ရှိ အမှိုက်ပုံကြီး မီးလောင်၊ ပတ်ဝန်းကျင်ထိခိုက်နေမှုကြောင့် အမြန်ငြိမ်းသတ်လျက်ရှိ

**မုံရွာ မေ ၂၁**



မုံရွာမြို့သာစည်လမ်းတောင်ဘက် ချမ်းမြဝတီရပ်ကွက်အရှေ့ဖျား မုံရွာမြို့ပြင်ရှိ မုံရွာမြို့မှထွက်သမျှသော အမှိုက်များ စွန့်ပစ်ပုံရာ အမှိုက်ပုံကြီး၌ မီးလောင်မှုဖြစ်ပွားနေသောကြောင့် ပတ်ဝန်းကျင်နေရာအများစုတွင် အမှိုက်မီးလောင်သည့် ညှော်နံ့များ ဆိုးရွားစွာရှူရှိုက်နေကြရသောကြောင့် မေ ၂၀ရက် မွန်းလွဲ ၁ နာရီခန့်မှ စတင်ကာ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နေကြရာ နောက်နှစ်ရက်ခန့် နေ့ညမနား ငြိမ်းသတ်ရဖွယ်ရှိကြောင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

မီးလောင်မှုကြောင့် ထွက်လာသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရပ်ကွက်နေသူအများစုသည် ဝေးရာနေရာသို့ ခေတ္တရှောင်ရှားနေကြရခြင်း မျိုးများရှိသကဲ့သို့ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များအနေဖြင့် မီးလောင်အနံ့ဆိုးကြောင့် မသန့်ရှင်းသည့်လေများ ရှူမိကာ နေထိုင်မကောင်းမှုများနှင့် ကိုယ်ဝန်ဆောင်မိခင်များ ဝေးရာဒေသသို့ သွားရောက်နေထိုင်ရခြင်းများ ရှိနေကြောင်း ချမ်းမြဝတီရပ်ကွက်နှင့် အက်တောကျေးရွာ ဒေသခံများထံမှ သိရသည်။

"မုံရွာမြို့နယ် မီးသတ်တပ်ဖွဲ့ဆီကို မေ ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်မှာ အမှိုက်ပုံ မီးလောင်နေတယ်ဆိုတဲ့သတင်းရတဲ့အတွက် မုံရွာခရိုင် မီးသတ်ဦးစီးမှူးဦးစီးပြီး မုံရွာစက်မှုဇုန်ကား၊ ထန်းတောကား စတဲ့ မီးသတ်ကား ငါးစီးနဲ့ ငြိမ်းသတ်စေခဲ့ပါတယ်။ ဒါပေမယ့် ညပိုင်း မှာ ညှော်နံ့တွေက ပိုများလာတဲ့အတွက် တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ ဦးစီးမှူးဦးစီး၍ နောက်ထပ် ကားငါးစီး ထပ်တိုးပြီး ၁၀ စီးနဲ့ တစ်ညလုံး ငြိမ်းပေမယ့် လက်ရှိ မေ ၂၁ ရက် မွန်းလွဲပိုင်းအထိ မီးထိန်းနိုင်တဲ့အဆင့် သာရှိပြီး နောက်ထပ် မီးသတ်ကား၊ ရေသယ်ယာဉ် ၁၅ စီး စုစုပေါင်း ၂၅ စီး ထုတ်ပြီး ငြိမ်းသတ်မှုလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ အခုလို ငြိမ်းသတ်ပေးနေတဲ့အတွက် လေထု ညစ်ညမ်းမှုကတော့ အတော်အတန် လျော့သွားပါတယ်။ ရေဂါလန်က တစ်စီး ကို ၁၆၀၀ နဲ့ ၁၀ စီး ငြိမ်းနေတာဆိုတော့ စုစုပေါင်း သုံးစွဲခဲ့တဲ့ ရေဂါလန် ငါးသောင်း ကျော် သုံးခဲ့ပြီးပြီ" ဟု တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူး ဦးမင်းစမ်းအေးက ပြောသည်။

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကလည်း ဘက်ဟိုးယာဉ်ဖြင့် အမှိုက်များကိုရှင်းလင်းကာ မီးငြိမ်းသတ်နိုင်ရန် လမ်းကြောင်းဖော်ခြင်းနှင့် အမှိုက်များ ဖယ်ရှားခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အမှိုက်ပုံထုထည်နဲ့ ပြန့်ကျဲနေတဲ့ ဧရိယာအနေဖြင့် ၂၅ ဧကခန့်ရှိပြီး အမှိုက်ပုံအနီး ဖိနပ်တာယာများခွာသည့်အဖွဲ့က မီးအသုံးပြု၍ မငြိမ်းသတ်ဘဲထားရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်နိုင်ကြောင်း ဦးမင်းစမ်းအေးက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဧပြီလ နောက်ပိုင်းက စပြီး တစ်ရက်လျှင် အမှိုက် တန် ၁၀၀ ခန့် စွန့်ပစ်လျက်ရှိသည်။ ယခင်က မုံရွာမြို့မသုသာန်၌ အမှိုက်စွန့်ပစ်ခဲ့ရာမှ ချမ်းမြဝတီရပ် အရှေ့မြောက်ဘက် မြို့ပြင်နေရာသို့ အမှိုက်များ နေ့စဉ်ပစ်ခဲ့ခြင်းဖြစ်ရာ လက်ရှိတွင် အမှိုက်ထုထည်သည် များသထက်များလာခြင်းဖြစ်ကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၁**

စင်းခန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက်က ဇမ္ဗူသီရိမြို့နယ် ကောင်းတုံကျေးရွာနေ မောင်ထွေးနှင့်ဇနီး မရွှယ်နောင်တို့၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၅၀နှင့် ငွေကျပ် ၇၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## သစ်တင်ကားတစ်စီး တောင်ကုန်းအတက်၌တိမ်းမှောက် နှစ်ဦးသေ၊ ငါးဦးပြင်းထန်စွာဒဏ်ရာရ

**ပုသိမ် မေ ၂၁**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအုပ်စု သစ်တောကြိုးဝိုင်းသို့ သွားရာလမ်းအနီး ဆင်ကျုံးလမ်းကုန်းအတက်၌ မေ ၁၈ ရက်က သစ်တင်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်မောင်း အောင်မင်းနိုင် (၂၇ နှစ်) မြန်အောင်မြို့နယ်နေသူ မောင်းနှင်ပြီး မျှင်ဝါးတောင်ကျေးရွာအုပ်စုနေ အေးဇော်အောင် (၂၂ နှစ်)၊ ခရီးကြုံလိုက်ပါလာသော ပန်းထိုက်ကျေးရွာနေ ခုနစ်ဦးနှင့် သစ်နှစ်တန်ခန့် တင်ဆောင်လာသော J/----- ဒေါင်ဖန်းယာဉ်မှာ ဆင်ကျုံးကျေးရွာအတက်၌ တိမ်းမှောက်သွားရာ နှစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာပြင်းထန်စွာရရှိကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ အင်ပင်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ပုသိမ်(လှကြည်)**




### ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့မှ တာဝန်ယူဆောင်ရွက်သော ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဂန့်ဂေါ-အိုက္ကားလမ်း၊ ဟားခါး- မတူပီလမ်း၊ ရှာတလိုင်း-လိုတောလမ်း၊ ထန်တလန်-နှာရိန်-ရေဇွာ-မတူပီလမ်းများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ ၁၂၊ ဂန့်ဂေါမြို့မှ တာဝန်ယူဆောင်ရွက်သော ဟားခါး-ဂန့်ဂေါလမ်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်ရွယ်စုံ၊ ဂန့်ဂေါသဲ၊ ကလေးသဲ၊ ဘိလပ်မြေ(ထိုင်းဆင်)၊သံချောင်းရွယ်စုံ (နိုင်ငံခြားဖြစ်)၊ ကတ္တရာ(၈၀/၁၀၀) (အီရန်နိုင်ငံထုတ်)၊ ဒီဇယ်ဆီ(ပရီမီယံ)၊ ကျောက်ပွစသည့်ပစ္စည်းမျိုးစုံအား လမ်းအလိုက်၊ လုပ်ငန်းအလိုက်၊ Lot အလိုက် (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| **လျှောက်လွှာဝယ်ယူနိုင်သည့်ရက်** | - | ၂၅-၅-၂၀၁၇ ရက် (ရုံးချိန်အတွင်း) |
| **လျှောက်လွှာပိတ်မည့်ရက်** | - | ၂၃-၆-၂၀၁၇ ရက်(၁၆:၀၀နာရီ) |
| **တင်ဒါဖွင့်မည့်ရက်** | - | ၂၇-၆-၂၀၁၇ ရက် |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - | လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့ |

အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံများကို ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၂၄၅**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၂)၊ ဂန့်ဂေါမြို့၊ ဖုန်း-၀၉-၂၅၃၈၇၄၄၅၄**

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာတွင်နေထိုင်သူ IMLC ကိုယ်ပိုင်ကျောင်းတွင် Grade-10 အောင်မြင်ပြီးသူ (ဘ)ဦးအိုက်ဆမ်(မိ)ဒေါ်သီရိဖြိုးတို့၏သမီးမမေကြည်ဝင်းဆမ်အား မဂုဏ်ရည်မိုးဇော်ဟုပြောင်းလဲ ခေါ်ပါရန်။

**ဒေါ်သီရိဖြိုး ၁/မကန(နိုင်)၁၄၇၈၂၁**

### အမည်ပြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ အထက(၇) တက္ကသိုလ်ဝင်တန်းမှ ဦးဇော်ဝင်း၁၂/တကန(နိုင်) ၀၈၃၃၁၆ ၏သား မောင်ငြိမ်းချမ်းအောင်အား မောင်နေဖြိုးဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်နေဖြိုးဇော်**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဘဲကုန်းကျေးရွာနေ (ဦးစိုးစိုးဝင်း)-ဒေါ်လှလှရီတို့၏သမီး မမေထက်စိုး ၁၂/သကတ(နိုင်) ၁၇၆၃၇၄သည် မိဘ၊ ညီအစ်ကိုမောင်နှမများ၏ ဆိုဆုံးမမှုကို နားမထောင်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်း၏ကိစ္စရပ်ကို(လုံးဝ)တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

**မိဘညီအစ်ကိုမောင်နှမများ**

### ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

- ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲကို သစ်တောဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊ ရုံးအမှတ်(၃၉) နေပြည်တော်၌ ၂၀၁၇ခုနှစ် မေလ ၂၅ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပါသည်။
- အဆိုပါ ဆွေးနွေးပွဲသို့ ပုဂ္ဂလိကသစ်တောစိုက်ခင်းစိုက်ပျိုးလုပ်ကိုင်ကြသည့် ကုမ္ပဏီလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါသည်။
- အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲတွင် တက်ရောက်လိုသူများအနေဖြင့် မေလ ၂၃ရက်အထိ ရုံးချိန်အတွင်း သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၁၀၇၊ ဖက်စ်-၀၆၇-၄၀၅၁၁၁၊ ၀၆၇-၄၀၅၀၈၂၊ Email nfpd405082@gmail.com သို့ အချိန်မီဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

# ကျွန်တော်နဲ့ စီးပွားရေးအလားအလာ



**ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်**

အစိုးရသစ် နိုင်ငံ့တာဝန်ယူခဲ့တာ တစ်နှစ်ကျော်ခဲ့ပြီ။ အောင်မြင်မှုတွေရှိခဲ့သလို စိန်ခေါ်မှုတွေကိုလည်း ရင်ဆိုင်ရဆဲ။ အထူးသဖြင့် စီးပွားရေးအခြေအနေက မျှော်လင့်သလို မဖြစ်လာခဲ့ဘူး။ အစကတည်းက မျှော်လင့်ချက်တွေကလည်း မြင့်မားခဲ့လို့ ဖြစ်နိုင်တယ်။ ပြည်သူ့ဆန္ဒအရ တက်လာတဲ့ အစိုးရအပေါ် အားကိုးတဲ့စိတ်တွေက များခဲ့တယ်။ နေ့ချင်းညချင်းမက်လာတဲ့ အိပ်မက်တွေ ပြည့်လိမ့်မယ်လို့ ယူဆခဲ့ကြတယ်။ ထင်သလိုမဖြစ်လာတော့ စိုးရိမ်လာကြတယ်။ ကုန်ဈေးနှုန်းတွေ တက်လာတယ်။ မြန်မာငွေတန်ဖိုး လျော့ကျလာတယ်။ ပို့ကုန်တွေ လျော့နည်းလာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ ထင်သလောက် မဝင်လာခဲ့ဘူး။ စီးပွားရေးမူဝါဒကို ချမှတ်ခဲ့ပေမယ့် ယေဘုယျဆန်ဆန်ဖြစ်နေတာမို့ အားမလိုအားမရ ဖြစ်ခဲ့ကြတယ်။ ဒါပေမယ့် ပြည်သူတွေကတော့ ယုံကြည်အားကိုးမှု မလျော့ကျခဲ့ဘဲ သည်းခံခွင့်လွှတ်ခဲ့တယ်။ ဒီအခြေအနေကို အမြန်ဆုံးကုစားဖို့ တာဝန်ရှိသူတွေကလည်း ကြိုးစားနေတယ်။ အနာသိမှဆေးရှိတယ်ဆိုသလို ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာကို နားလည်ဖို့လိုမှာ ဖြစ်တယ်။ နားလည်မှုကို အခြေခံပြီး လုံလောက်ပြည့်စုံတဲ့ အဖြေတွေ ရှာဖွေဖို့လိုမှာဖြစ်တယ်။

ကျွန်တော်ဟာ ဘွဲ့လွန်ပါရဂူဘွဲ့အတွက် သုတေသနကို ဂျာမနီနိုင်ငံမှာ သုံးနှစ်နီးပါး ဆောင်ရွက်ခဲ့တယ်။ အထူးပြုခဲ့တာက စီးပွားရေးသမိုင်းပညာ။ ဒီပညာက အသစ်အဆန်း။ ငယ်ငယ်တုန်းက သင်ခွင့်မရခဲ့ဘူး။ ဘွဲ့လွန်ပါရဂူ သုတေသနအတွက် ဆောင်ရွက်တဲ့အခါမှ လေ့လာခွင့်ရတာ။ လေ့လာရတာကလည်း မြန်မာ့စီးပွားရေးလောက။ အမှန်တော့ မျက်မှောက်ခေတ် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို လေ့လာချင်တာ။ အကြောင်းကြောင်းကြောင့် လေ့လာခွင့်မရခဲ့တာမို့ အတိတ်ကာလကို လေ့လာခဲ့တာ။ မြန်မာ့စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုဟာ ပထမမြန်မာ-အင်္ဂလိပ်စစ်ပွဲပြီးချိန်က စတင်ခဲ့တယ်။

အထူးသဖြင့် ဧရာဝတီဒေသမှာ ဆန်စပါးအကြီးအကျယ်ထွက်ရှိအောင် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ၊ ငွေကြေးထောက်ပံ့မှုတွေ၊ နိုင်ငံတကာကုန်သွယ်မှုနှင့် ချိတ်ဆက်နိုင်ခဲ့တာမို့ နိုင်ငံတကာရဲ့စပါးကျီ ဖြစ်ခဲ့တယ်။ တစ်ဖက်မှာလည်း မြန်မာနိုင်ငံအလယ်ပိုင်းမှာရှိတဲ့ ရေနံတွင်းကို ခေတ်မီနည်းစနစ်တွေနဲ့ ဖော်ထုတ်နိုင်ခဲ့တယ်။ ကမ္ဘာကျော်ကျွန်းသစ်တွေကို တင်ပို့ရောင်းချနိုင်ခဲ့တယ်။ ရန်ကုန်မြို့ရဲ့ဆိပ်ကမ်းအဝင်အထွက်ဟာ နယူးယောက် ဆိပ်ကမ်းထက်များကြောင်း မှတ်တမ်းတင်ခဲ့တယ်။ ကိုလိုနီခေတ် မြန်မာ့စီးပွားရေးစနစ်ဟာ "နိုင်ငံချမ်းသာပြီး ပြည်သူတွေဆင်းရဲ"တဲ့ အခြေအနေကို ကြုံခဲ့ရတာ။ ဒီခေတ်မှာ လူ့ပတ်ဝန်းကျင်မှာ အလွှာသုံးခုရှိခဲ့တယ်။

အပေါ်ဆုံးအလွှာက အနောက်နိုင်ငံသားတွေ။ အထူးသဖြင့် ဗြိတိသျှကုန်သည်လုပ်ငန်းရှင်ကြီးတွေ။ ထူးခြားချက်တစ်ခုက ၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်မဖြစ်မီ မြန်မာနိုင်ငံမှာ ဂျာမနီက လုပ်ငန်းရှင်တွေ အမြောက်အမြားရှိခဲ့တယ်။ အထူးသဖြင့် ဆန်စက်လုပ်ငန်းတွေမှာ ပါဝင်လှုပ်ရှားခဲ့တာ။ ဒုတိယအလွှာက အရှေ့တိုင်းသားဖြစ်တဲ့ အိန္ဒိယလူမျိုးနဲ့ တရုတ်လူမျိုးတွေ။ သူတို့ဟာ ပွဲစားအလုပ်တွေမှာ ပါဝင်ခဲ့ကြတယ်။ အောက်ဆုံးအလွှာကတော့ မြန်မာတွေဖြစ်တယ်။ တောင်သူလယ်သမားတွေ၊ ဝန်ထမ်းတွေ၊ တချို့ကတော့ ပွဲစားလုပ်ငန်းနဲ့ ကြီးပွားချမ်းသာခဲ့ကြတယ်။

ကိုလိုနီစီးပွားရေးစနစ်ရဲ့ဒဏ်ကိုခံခဲ့ရတဲ့ မြန်မာတွေဟာ ဓနရှင်စနစ်ဆိုးကြောင့် ဖြစ်ရတယ်လို့ သုံးသပ်ခဲ့ကြတယ်။ ဒါကြောင့်လည်း ဝံသာနုလှုပ်ရှားမှုတွေ ပေါ်ပေါက်လာခဲ့တယ်။ နိုင်ငံခြား လက်ဝါးကြီးအုပ်စိုးမှုကို မုန်းတီးရွံရှာခဲ့တယ်။

> **စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အစိုးရရဲ့တာဝန်နဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ အစိတ်အပိုင်းကို ခွဲခြားဖို့လိုတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးလုပ်တဲ့ ပုဂ္ဂလိကကဏ္ဍကို ရှေ့တန်းတင်ပြီး အားပေးရမယ်။ စီးပွားရေးလုပ်တဲ့သူတွေ လွယ်ကူအောင် မလိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို ဖြေလျှော့ရမယ်။ ဖြစ်နိုင်ရင် ပါမစ်စနစ်ကို စွန့်လွှတ်ဖို့ လိုလိမ့်မယ်**

တို့ဗမာအစည်းအရုံးနဲ့ သခင်လှုပ်ရှားမှုမှာ ပါဝင်ကြတဲ့ သူတွေဟာ အရင်းရှင်ဆန့်ကျင်တဲ့ သူတွေဖြစ်လာကြပြီး ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်တို့ကို မျက်စိကျခဲ့ကြတယ်။

လွတ်လပ်ရေးရပြီးကာလမှာ ဖဆပလအစိုးရဟာ တစ်ဖက်က ပုဂ္ဂလိကစီးပွားရေးစနစ်ကို အားပေးခဲ့ပေမယ့် စီးပွားရေးစနစ်အပေါ် အစိုးရက တိုက်ရိုက်ပါဝင်ပြီး လှုပ်ရှားခဲ့တယ်။ တစ်နည်းပြောရရင် အရောစီးပွားရေးစနစ်ကို ကျင့်သုံးလာခဲ့တယ်။ ဗဟိုအစိုးရက စီမံကိန်းတွေရေးဆွဲပြီး စီးပွားရေးဘဝကို ပဲ့ထိန်းနိုင်မယ်လို့ ယုံကြည်ခဲ့ကြတာ။ ၁၉၆၂-၁၉၈၈ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ လက်ဝဲ အစွန်းဝါဒကို လက်စွဲပြီး ပုဂ္ဂလိကကဏ္ဍတစ်ခုလုံးကို ဖျက်ဆီးလိုက်တယ်။ စက်ရုံ၊အလုပ်ရုံတွေကို ပြည်သူပိုင်သိမ်းခဲ့တယ်။ တချို့နေရာတွေမှာ အသေးစား အလတ်စား လုပ်ငန်းတွေကိုတောင် ပြည်သူပိုင်သိမ်းခဲ့တယ်။ စီးပွားရေးစီမံကိန်းတွေကို ငါးနှစ်တစ်ကြိမ် ရေးဆွဲပြီး ဆောင်ရွက်ခဲ့တယ်။ ဈေးကွက်ပျောက်အောင် လုပ်နိုင်ခဲ့တယ်။ လက်တွေ့မှာတော့ ပြည်သူတွေဟာ ခါးစည်းခံခဲ့ရတယ်။ ထွက်ပေါက်က မှောင်ခိုစီးပွားရေးစနစ်။ ရှားပါးနေတဲ့ ပစ္စည်းတွေကို အိမ်နီးချင်းနိုင်ငံက တစ်ဆင့် မှောင်ခိုလမ်းကြောင်းနဲ့ တင်သွင်းခဲ့သလို နိုင်ငံထွက်ကုန်တွေဟာလည်း မှောင်ခိုလမ်းကြောင်းက တစ်ဆင့် ပြည်ပကို တင်ပို့ခဲ့တယ်။

သမဝါယမစနစ်ကို ဒုတိယမဏ္ဍိုင်အဖြစ် သတ်မှတ်ခဲ့ပေမယ့် ဗဟိုချုပ်ကိုင်မှု မြင့်မားမှုကြောင့် မအောင်မြင်ခဲ့ဘူး။ အမှန်တော့ သမဝါယမစနစ်ဟာ မျက်မှောက်ခေတ်မှာတော့ လူမှုစီးပွားရေးစနစ်လို့ သတ်မှတ်ပြီး လက်ခံအသိအမှတ်ပြုနေတာတွေ့ရတယ်။ တစ်ချိန်ကတော့ သမဝါယမစနစ်တစ်ခုလုံးဟာ လမ်းစဉ်ပါတီအုပ်ချုပ်မှုအောက်မှာ လုံးလုံးလျားလျားကျရောက်ခဲ့ပြီး သမဝါယမ အခြေခံသဘောတရားတွေကို လက်လွှတ်ခဲ့ရတယ်။ သမဝါယမဆိုတာက အတ္တပရသဘောဖြစ်ပြီး စိတ်တူ၊ သဘောတူ၊ ဆန္ဒတူသူတွေ စုပေါင်းဆောင်ရွက်ကြတဲ့ လူမှုရေးလုပ်ငန်း။ မြို့နယ်သမဝါယမဆေးခန်းတွေ မြို့နယ်တိုင်းမှာ ဖွင့်လှစ်ခဲ့တယ်။ သမဝါယမစစ်စစ်ဆိုရင် ဆရာဝန်၊ သူနာပြု ဆရာမတွေ၊ အတတ်ပညာရှင်တွေ စုစည်းပြီး လုပ်ရမယ့်အလုပ်။ ဒါပေမယ့် လက်တွေ့မှာ မြို့နယ်ပါတီယူနစ်က ဆေးခန်းထောင်ပြီး ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊ အတတ်ပညာရှင်တွေကို လခစားတွေ ခန့်ထားပြီး ဖွင့်လှစ်ခဲ့တာ။ အနှစ်သာရ လုံးဝပျက်သုဉ်းခဲ့ရတယ်။

တစ်ခုတော့ အသိအမှတ်ပြုရမယ်။ ဒီက ရေနံတွေ၊ ခဲတ်ငွေ့တွေ၊ သစ်တွေ၊ ကျောက်တွေရှိပေမယ့် အစွမ်းကုန်ထုတ်လုပ်တာမျိုး မလုပ်ခဲ့ဘူး။ ဒါပေမယ့် ရွေးချယ်ခဲ့တဲ့ စီးပွားရေး ပေါ်လစီဟာ မှားယွင်းခဲ့တာမို့ ၁၉၈၇ခုနှစ်မှာ အဆင်းရဲဆုံးနိုင်ငံစာရင်းဝင် ဖြစ်ခဲ့တယ်။ စီးပွားရေး ယိုယွင်းလာမှုကြောင့် နိုင်ငံရေးမတည်ငြိမ်မှုတွေဖြစ်ပေါ်လာပြီး နောက်ဆုံး ၁၉၈၈ အရေးအခင်းနဲ့ကြုံခဲ့ရတယ်။

၁၉၈၈ မှ ၂၀၁၀ ကာလအထိ တပ်မတော်အစိုးရလက်ထက်မှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ မှောင်ခိုလုပ်ငန်းတွေကို ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ အစားထိုးခဲ့တယ်။ ဒါပေမယ့် ပုဂ္ဂလိကကဏ္ဍကို စနစ်တကျ မဖွဲ့စည်းနိုင်ခဲ့ဘူး။ အဆက်အသွယ်ကို အခြေခံတဲ့ စီးပွားရေးအခွင့်အလမ်းတွေဖော်ထုတ်ပေးခဲ့တယ်။ တစ်ဖက်က လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် နိုင်ငံတကာရဲ့နိုင်ငံရေး၊ စီးပွားရေးပိတ်ဆို့မှုတွေ ခံရတယ်။ ထွက်ပေါက်အနေနဲ့ လူ့အခွင့်အရေးကို အာရုံမရှိတဲ့ နိုင်ငံတွေ၊ လုပ်ငန်းကုမ္ပဏီတွေနဲ့ ဆက်ဆံခဲ့ရတယ်။

နိုင်ငံတော်ဘဏ္ဍာငွေကို ရေနံ၊ သစ်၊ ကျောက်မျက်၊ ဓာတ်ငွေ့တွေ ရောင်းချပြီး ဖြည့်ဆည်းခဲ့တယ်။ ဈေးကွက်စီးပွားရေးစနစ်ရဲ့အခြေခံက ယှဉ်ပြိုင်မှုဖြစ်တယ်။ ယှဉ်ပြိုင်မှုဆိုတဲ့နေရာမှာ မြေညီကွင်းရှိဖို့ လိုအပ်တယ်။ ဦးစားပေးတာတို့၊ ဘက်လိုက်တာတို့ ကင်းရှင်းရမယ်။ လက်တွေ့မှာတော့ ဆွေမျိုး၊ သူငယ်ချင်း၊ အပေါင်းအသင်း၊ အသိုင်းအဝိုင်းတွေ ကောင်းစားခဲ့တယ်။ အဆိုးဆုံးကတော့ စီးပွားရေးသီအိုရီမှာသာ သိခဲ့ဖူးတဲ့ (rent seeking) အပြုအမူဖြစ်တယ်။ အဓိပ္ပာယ်က အိမ်ရှင်က အသာစီးယူပြီး အိမ်ခန်းခတွေကို ပုံမှန်ထက်မြင့်မားအောင် လုပ်တဲ့စနစ်။ ၂၀၁၇ ခုနှစ်မှာ လက်ကိုင်တယ်လီဖုန်းအတွက် ဆင်းကတ်က ကျပ် ၁၅၀၀ နဲ့ ကြိုက်တဲ့နေရာမှာ ဝယ်ယူနိုင်ပေမယ့်၂၀၀၇ ခုနှစ်တုန်းက ကျပ် ၂၅ သိန်းပေးခဲ့ရတယ်။ အမှန်တော့ ဒီဆင်းကတ်တွေကို အာဏာရှိတဲ့သူတွေ လက်ထက်မှာ အများကြီးကိုင်ထားပြီး ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို အလကားပေးခဲ့တာ။ အလကားရတဲ့ အခွင့်ထူးခံလူတန်းစားတွေက ဈေးကွက်ထဲမှာ ကျပ် ၂၅ သိန်းနဲ့ဈေးမြှင့်ပြီး ရောင်းချခဲ့တာ။ ဒီလိုပဲ တာဝန်ရှိတဲ့သူတွေကို ကားဝယ်ခွင့် ပေးခဲ့တယ်။ ပါမစ်တွေ ထုတ်ပေးခဲ့တယ်။ မူလတန်ဖိုးထက် အဆမတန်ကြီးမားတဲ့ ဈေးနဲ့ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်ခဲ့တယ်။

ဒါကြောင့်လည်း ကားဈေးတွေ အဆမတန်ကြီးခဲ့တာ။ အခြေခံ စားကုန်တင်သွင်းခွင့်ကို ရင်းနှီးတဲ့သူတွေကို ပေးခဲ့တယ်။ အခုလို ဆောင်ရွက်ခဲ့တာမို့ သဘာဝသယံဇာတ ဂေဟစနစ် ပျက်သုဉ်းခဲ့တယ်။ စီမံချက်တွေ အကြောင်းပြပြီး မြေတွေ မတရားသိမ်းခဲ့တယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေဟာလည်း ပရမ်းပတာဖြစ်ခဲ့တယ်။ တရားဥပဒေစိုးမိုးမှုဟာ အာဏာရှိတဲ့သူတွေရဲ့ လက်ထဲကျရောက်ခဲ့တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးတယ်ဆိုပေမယ့် ဈေးကွက်ကို ယုံကြည်မှုမရှိဘဲ ဗဟိုချုပ်ကိုင်မှုကိုသာ အားကိုးအားထားပြုခဲ့တယ်။ နိုင်ငံတော်က စီးပွားရေးလုပ်ငန်းတွေမှာ ပါဝင်လှုပ်ရှားခဲ့ကြတယ်။

၂၀၁၀ ပြည့် ရွေးကောက်ပွဲအပြီး တက်လာတဲ့အစိုးရဟာ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ခဲ့တယ်။ ဆက်သွယ်ရေးကဏ္ဍကို ဖွင့်ပေးခဲ့တယ်။ ကားတင်သွင်းမှုတွေကို ခွင့်ပြုခဲ့တယ်။ ဒါပေမယ့် တစ်ဖက်က အဂတိလိုက်စားမှုကို မကိုင်တွယ်နိုင်ခဲ့ဘူး။ အာဏာကို အခြေခံပြီး စီးပွားရေးအခွင့်အရေးတွေကို ဆက်လက်ပြီး ယူခဲ့ကြတယ်။ တစ်ချိန်က ကျင့်သုံးလာတဲ့စနစ်ကို အနည်းငယ်ပြုပြင်လိုက်တာမို့ သိသာမှုတွေ၊ ဖြေလျှော့မှုတွေကို အများပြည်သူက ခံစားခဲ့ရတယ်။ ဒါပေမယ့် ပြုပြင်ပြောင်းလဲမှုတွေဟာ ကာလတိုအမြင်ကိုသာ ဆုပ်ကိုင်ခဲ့တာမို့ မလိုအပ်တဲ့အကျိုးဆက်တွေကို ယခုထိခံစားနေကြရတယ်။

မော်တော်ယာဉ်တွေကို မဆင်မခြင် တင်သွင်းခွင့်ပေးတာမို့ ရန်ကုန်မြို့နဲ့ မြို့ကြီးတွေမှာ ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ပြီး လူမှုရေး၊ စီးပွားရေးဒဏ်တွေကို ခံနေရတယ်။ ပတ်သက်တဲ့သူတွေကို အခွင့်အရေးပေးမှုကို ဆက်ပြီးဆောင်ရွက်ခဲ့တယ်။

အတိတ်က ဖြတ်သန်းလာတဲ့ စီးပွားရေးအခင်းအကျင်းတွေ သုံးသပ်ပြီး အစိုးရသစ်ဟာ သင်ခန်းစာတွေရယူနိုင်တယ်။ အားသာချက်တစ်ခုကတော့ အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး အာမခံနိုင်တဲ့ ကိစ္စ။ ဒါက အခြေခံဖြစ်တယ်။ ဒါပေမယ့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ အစိုးရရဲ့တာဝန်နဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ အစိတ်အပိုင်းကို ခွဲခြားဖို့လိုတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးလုပ်တဲ့ ပုဂ္ဂလိကကဏ္ဍကို ရှေ့တန်းတင်ပြီး အားပေးရမယ်။ စီးပွားရေးလုပ်တဲ့သူတွေ လွယ်ကူအောင် မလိုအပ်တဲ့ လုပ်ထုံး လုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို ဖြေလျှော့ရမယ်။ ဖြစ်နိုင်ရင် ပါမစ်စနစ်ကို စွန့်လွှတ်ဖို့လိုလိမ့်မယ်။

အရေးအကြီးဆုံးကတော့ စီးပွားရေးတိုးတက်မှုကို စီမံကိန်းစီးပွားရေးစနစ်ပုံစံနဲ့ ကိုင်တွယ်မယ်ဆိုတဲ့အမြင်ကို ပြန်သုံးသပ်ရမှာ။ အိန္ဒိယနိုင်ငံမှာ တစ်ချိန်က စီမံကိန်းကော်မရှင်ဖွဲ့စည်းခဲ့တယ်။ အာဏာရပါတီက ဗဟိုထိန်းချုပ်မှုကို အာရုံရှိတဲ့ အဖွဲ့အစည်း။ ယခုဝန်ကြီးချုပ်မိုဒီလက်ထက်မှာ ဒီစီမံကိန်း ကော်မရှင်ကို ဖျက်လိုက်တယ်။ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း တွေကို လွတ်လပ်စွာ အစီအစဉ်တွေ ရေးဆွဲခွင့်ပြုခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍရှင်သန်မှ စီးပွားရေးတိုးတက်မှာဖြစ်တယ်။ ဒါပေမယ့် ပုဂ္ဂလိကလုပ်ငန်းတွေဟာ လူမှုရေးတာဝန်ကျေပွန်ရမယ်။ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရမယ်။ အဂတိလိုက်စားမှုကို ရှောင်ရမယ်။ ဝန်ထမ်းတွေကို ဂရုစိုက်ရမယ်။ မိမိအကျိုးအပြစ် တစ်ခုတည်း အခြေခံပြီး စီးပွားရေးလုပ်ခွင့် မပြုသင့်ဘူး။

ပြိုင်ဆိုင်မှုကို အားပေးရတယ်။ ပြည်တွင်းပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုရမယ်။ စီးပွားရေးနဲ့ ပတ်သက်လာရင် ပြည်တွင်းလုပ်ငန်းတွေကို ကာကွယ်ရမယ်ဆိုတဲ့ အယူအဆကို ပြင်ဆင်ရမယ်။ ဈေးကွက်ထဲမှာ သန့်ရှင်းတဲ့ ယှဉ်ပြိုင်မှုကို အားပေးရမယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ယုံကြည်မှုအပြည့်နဲ့ ကျင့်သုံးရမယ်။ တစ်ဖက်ကလည်း စီးပွားရေးအင်အားကြီးမားတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆက်သွယ်ဆောင်ရွက်ရမယ်။ ပထဝီ အနေအထားရဲ့အားသာချက်ကို အခွင့်အရေးယူရမယ်။

မြန်မာနိုင်ငံဟာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုရှိတဲ့ နိုင်ငံ။ မိမိရဲ့စိုက်ပျိုးရေးကဏ္ဍကို တိုးတက်အောင်ဆောင်ရွက်ပြီး အာဆီယံနိုင်ငံ ၊ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့အတွက် စားနပ်ရိက္ခာဖူလုံမှုကို ဦးတည်ပြီး ဆောင်ရွက်ရတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအချက်က စိတ်ထားပဲဖြစ်တယ်။ ပြည်သူတွေအနေနဲ့ နိုင်ငံရေးအသီးအပွင့်တွေကို မြင်တွေ့ခံစားရပြီးချိန်မှာ စီးပွားရေး အကျိုးခံစားရအောင် ပြည်သူတွေအားလုံးဝိုင်းလုပ်ကြရမှာဖြစ်တယ်။ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍကို နေရာမှန်၊ လူမှန်အဖြစ် ရှေ့တန်းတင်ရမှာသာ ဖြစ်ပါတယ်။ ။

## ဇမ္ဗူသီရိမြို့နယ်အတွင်း တီဘီရောဂါဝေဒနာရှင်များအား ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာတင်မြထွေးနှင့် ဒေါက်တာ ဖြူစင်တို့ ဦးဆောင်သော တီဘီရောဂါကွင်းဆင်း ရှာဖွေကုသရေးအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တီဘီရောဂါကုသရေးဆေးရုံမှ နယ်လှည့်တီဘီရောဂါ စစ်ဆေးရှာဖွေ ကုသရေးအဖွဲ့တို့ ပူးပေါင်းပြီး ဇမ္ဗူသီရိမြို့နယ် မြို့မဈေးဓမ္မာရုံ၌ မေ ၁၆ ရက်မှ ၁၉ ရက်အထိ တီဘီရောဂါဝေဒနာရှင်များနှင့် ရောဂါမဖြစ်ပွားသေးသည့် ပြည်သူများအတွက် ရောဂါရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ပြီး တီဘီရောဂါအကြောင်းနှင့် ပတ်သက်၍ ပညာပေး ဟောပြောဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောဂါရှာဖွေစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ တီဘီရောဂါကုသရေး ဆေးရုံမှနယ်လှည့် တီဘီရောဂါ စစ်ဆေးရှာဖွေကုသရေး ဆရာဝန်ကြီးများအဖွဲ့က ဈေးသူဈေးသားများနှင့် ပြည်သူများအား ဓာတ်မှန်ရိုက် စစ်ဆေးပေးခြင်းနှင့် သလိပ်စစ်ဆေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးပြီး ရောဂါရှာဖွေတွေ့ရှိသူများကို ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါကွင်းဆင်း ရှာဖွေကုသရေးအဖွဲ့က အခမဲ့ ဆေးဝါးတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

**ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ မေ ၁၉ ရက်မှ စတင်ပြီး သီပေါဒုဋ္ဌဝတီတံတားကြီးအဝင်နှင့် မန်ဟဲတိုးဂိတ်အထွက်တို့တွင် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စု (သီပေါ)တာဝန်ခံတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် ပူးပေါင်းအဖွဲ့များက ယာဉ်မောင်းနှင်သူများအား ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ ဟောပြောစဉ်**

စိုင်း(သီပေါ)



# ရိတ်သိမ်းချိန်မမှန်မှုကြောင့် စပါးတစ်ကေလျှင် ၁၅ ရာခိုင်နှုန်းခန့် ဆုံးရှုံးနေ

**သတင်းဆောင်းပါး- ကျော်သူဝင်း၊ ဓာတ်ပုံ-သက်ထက်**

မြန်မာနိုင်ငံ၌ ဆန်စပါးများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးပြီး ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ အခြောက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ကြိတ်ခွဲခြင်း စသည်တို့ကဲ့သို့သော ရိတ်သိမ်းချိန်လွန်လုပ်ငန်းများတွင် မမှန်မကန် လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ဆန်စပါး အရေအတွက်နှင့် အရည်အသွေးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရိတ်သိမ်းချိန်လွန်ကာလအတွင်း ဆုံးရှုံးမှုသည် စုစုပေါင်း ထုတ်လုပ်သည့် ပမာဏ၏ ၁၅ ရာခိုင်နှုန်း ဆုံးရှုံးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ကမ္ဘာ့ဆန်စပါးလိုအပ်ချက်သည် လာမည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လတ်တလောပို့ကုန်၏ ၉၅ ရာနှုန်းရှိသော အရည်အသွေးနိမ့်သည့် ဆန်မှာ ကမ္ဘာ့ဝယ်လိုအားကျဆင်းလျက်ရှိသည်။ မြန်မာနိုင်ငံထွက် ဆန်စပါးများသည် အရည်အသွေးနိမ့်သောကြောင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်တို့ကဲ့သို့ ဈေးကွက်မရရှိဘဲ တရုတ်နိုင်ငံသို့သာ တင်ပို့နေရသည်။

ထို့ကြောင့် မြန်မာ့ဆန်စပါးများ အရည်အသွေးပြည့်မီကာ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာများက အဓိကဖြစ်လာလေသည်။ မြန်မာ့ဆန်စပါးအရည်အသွေးပြည့်မီရေးအတွက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ (FAO) က လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု၊ ဖွံ့ဖြိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဆန်စပါးသီးနှံရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် သင်တန်းများ ပို့ချပေးလျက်ရှိကြောင်း သိရသည်။



ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့မှ ဦးခင်မောင်ဝင်း

တောင်သူများအနေဖြင့် စပါးရိတ်သိမ်းချိန်ကာလသည် ဈေးကွက်ထဲတွင် စပါးပိုလျှံချိန်ဖြစ်သဖြင့် ရိတ်သိမ်းပြီးပြီးချင်း ရောင်းချကြကြောင်း၊ အဆိုပါဆန်စပါးကို အချိန်ကာလတစ်ခုအထိ သိုလှောင်ပြီး စပါးမပေါ်သည့် ရာသီဈေးကွက်တွင် ရောင်းလိုအားကျဆင်း၍ ရောင်းချလျှင် ဈေးနှုန်းမြင့်တတ်သည်ကိုသိရှိသော်လည်း ချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် ရောင်းချရကြောင်း၊ ထို့ကြောင့် တောင်သူများ အကြွေးသံသရာမှ သက်သာရန်နှင့် ဝင်ငွေတိုးတက်စေရန် လက်ရှိဖြစ်ပေါ်နေသောဈေးကွက်စနစ်ကို ပိုမိုကောင်းမွန်လာအောင် မဖြစ်မနေပြုလုပ်ပေးရန် အရေးကြီးကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်သူများသည် လုံလောက်သည့် လေ့ကျင့်မှုမရှိသဖြင့် သိပ္ပံနည်းကျ ရိတ်သိမ်းခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာများကို အသုံးပြုခြင်း၊ ကြိတ်ခွဲခြင်းနှင့် ထုပ်ပိုးနည်းစနစ်များအား ကျင့်သုံးရန် ဝန်လေးတတ်ကြောင်း၊ ထိုအချက်ကြောင့် ရိတ်သိမ်းပြီးနောက်ပိုင်း ပျက်စီးဆုံးရှုံးမှုများ မြင့်မားရုံသာမက ထုတ်ကုန်အရည်အသွေးနှင့် အစားအစာဘေးကင်းလုံခြုံရေးကိုပါ ကျဆင်းတတ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။

“တပ်ကုန်းမြို့နယ်မှာရှိတဲ့ ကျေးရွာ ၁၀ ရွာကို တစ်ရက်နှုန်းဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ရိတ်သိမ်းချိန်လွန်နည်းပညာတွေ သင်တန်းပေးနေပါတယ်။ အရင်နှစ်ကလည်း နေပြည်တော် ငါးမြို့နယ်မှာ သင်တန်းတွေ ပေးခဲ့ပါတယ်။ နွေစပါးအတွက်ရော၊ မိုးစပါးအတွက်ပါ တောင်သူတွေအတွက် ဒီသင်တန်းက အတော် အကျိုးရှိပါတယ်။ အရင်က ရိတ်သိမ်းချိန်မမှန်တော့ တောင်သူတွေမှာ လေလွင့်ဆုံးရှုံးမှုတွေ၊ ပျက်စီးမှုတွေ၊ ရိတ်သိမ်းချိန်စောတာတွေ၊ နောက်ကျတာတွေကြောင့် အထွက်နှုန်းလျော့ပြီး ဆန်အကျိုးအကြေများတဲ့အတွက် ဝယ်ယူသူဘက်က ဈေးနှိမ်တာတွေ ရှိပါတယ်။ အခုဒီသင်တန်းမှာ တောင်သူတွေအထွက်နှုန်းတက်အောင် မောင်းညိုချိန်တွေ ဒီလိုလုပ်ရပါမယ်။ ရိတ်သိမ်းချိန် မစောရဘူး။ နောက်မကျရဘူး။ ရိတ်ချိန်မမှန်တာ၊ ရိတ်ပြီးချက်ချင်းမခြွေတာ၊ခြွေပြီးရင်လည်း မြန်မြန်အခြောက်လှန်းတာ စတာတွေကို သင်ကြားပေးပါတယ်။ သင်တန်းပေးပြီးနောက်မှာ လေ့လာချက်အရ တစ်ဧကေ ၁၀ တင်းလောက် ဆုံးရှုံးမှုသက်သာလာတဲ့အပြင် အရည်အသွေးပိုင်းမှာလည်း ကျဆင်းမှုသက်သာလာပါတယ်။ နိုင်ငံတကာဈေး ထိုးဖောက်နိုင်အောင် သင်တန်းပေးမှုတွေ၊ ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးနေတာ ဖြစ်ပါတယ်”ဟု တပ်ကုန်းမြို့နယ်တွင် သင်တန်းလာရောက်ပို့ချနေသော ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့မှဦးခင်မောင်ဝင်းက ပြောပြသည်။




ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကို ဧရာဝတီတိုင်းဒေသကြီးတွင် ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်ရှိ ကျေးရွာများနှင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ကျေးရွာများ၌ ကွင်းဆင်း၍ သင်တန်းများ ပို့ချပေးလျက်ရှိကြောင်း၊ ဆန်စပါးများစနစ်တကျသိုလှောင်နိုင်ရန် အိတ်များ အခမဲ့ထောက်ပံ့ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

ဆန်စပါး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်စိုက်ပျိုးပေးမှုကလည်း နိုင်ငံတကာဈေးသို့ ထိုးဖောက်နိုင်ရေးမှာ တစ်ဖက်တစ်လမ်းမှ ပါဝင်လျက်ရှိသည်။ တောင်သူများ အသုံးပြုနိုင်သည့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်မှသာ စိုက်ပျိုးသူရောရောင်းချသူကုန်သည်များအတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ ဆန်အရည်အသွေးပြည့်မီပါမှ ဈေးကောင်းရရှိမည်ဖြစ်ကြောင်း၊ ယခုနောက်ပိုင်းတွင် ဆန်စက်များသည်ခေတ်မီဆန်စက်များ အသုံးပြုလာမှုကြောင့် ဆန်စက်ကြောင့်ဖြစ်သည့် အရည်အသွေးနိမ့်ကျမှုများ နည်းပါးလာကြောင်း၊ တောင်သူများဘက်မှ အရည်အသွေးမီ ဆန်စပါးများထွက်ရှိရေး ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ရမည်ဖြစ်ကြောင်း ဆန်ကုန်သည်တစ်ဦးက ပြောသည်။

တချို့တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမှုကြောင့် အရည်အသွေးမီ၊ ဈေးကွက်ဝင် ဆန်စပါးများ ဖြစ်လာသော်လည်း ကုန်သည်များက အရည်အသွေးညံ့ ဆန်စပါးများနှင့် ဈေးကွက်တစ်တန်းပေးမှုကြောင့် နစ်နာရကြောင်း၊ ထို့ကြောင့် ဝယ်ယူရေးဘက်မှ ကုန်သည်များကို နိုင်ငံတော်အပိုင်းက ထိန်းကျောင်းမှုများ ပြုလုပ်ပါမှ တောင်သူများအတွက် ဈေးကောင်းရရှိမည်ဖြစ်ကြောင်း၊ တောင်သူများဘက်မှ ပြုပြင်မှုများ ပြုလုပ်သလို သွင်းအားစုများဖြစ်သည့် မြေသြဇာ၊ ပိုးသတ်ဆေးအရောင်းဆိုင်များမှ ပစ္စည်းများကလည်း အရည်အသွေးမီပြီး သင့်တင့်သော ဈေးနှုန်းရှိရန်လိုကြောင်း တပ်ကုန်းမြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

# မေ ၁၅ ရက်မှ မေ ၁၉ ရက်အထိ တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သော သီးနှံများ

**ကေဇူး(AMIA)၊ ဓာတ်ပုံ-သိမ်**

ဒီတစ်ပတ်မှာတော့ မတ်ပဲနဲ့ ပဲစင်းငုံတို့ ဈေးအနည်းငယ်ကျ သွားပါတယ်။ ဧပြီလတစ်လလုံး ဈေးအမြင့်ဆုံးအထိရောက်ခဲ့တဲ့ ကြက်သွန်ဖြူ (ကြူကုတ်) က မေလမှာတော့ အဆမတန် ဈေးကျဆင်းခဲ့ပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့ ဈေးအနည်းငယ်ကျဆင်း**

အရင်အပတ်ထက်စာရင် ဈေးအနည်းငယ်တက်ခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ် ဈေးပိတ်ချိန်မှာတော့ အနည်းငယ် ကျဆင်းခဲ့ပါတယ်။ ဈေးကျဆင်းတယ် ဆိုပေမယ့် ဧပြီလနောက်ဆုံးပတ်နဲ့ ယှဉ်ရင်တော့ ဈေးကွက်ကအနည်းငယ် ပြန်လှုပ်နေတယ်လို့ ပြောလို့ရပါတယ်။

ဈေးဆက်တိုက်ကျဆင်းနေခဲ့လို့ တောင်သူအချို့ဈေးထပ်ကျမှာစိုးရိမ်နေပြီး နေ့စဉ်ရောင်းထုတ်နေတဲ့အတွက် တစ်ရက်ကို အိတ် ၅၀၀ လောက်အထိ ပုံမှန် အရောင်းအဝယ်ကတော့ ရှိနေပါတယ်။ လက်ရှိပေါက်ဈေးကတော့ တစ်တန်ကို ငွေကျပ် ၉၅၇၀၀၀ ဈေးရှိပါတယ်။

အိန္ဒိယနိုင်ငံရဲ့ တစ်ပတ်စာ ပဲဈေးကွက်သုံးသပ်ချက်မှာတော့ ပြည်တွင်းပြည်ပ မတ်ပဲဈေးက လက်ရှိပေါက်ဈေးထက် အနည်းငယ်တက်နိုင်မယ်လို့ သုံးသပ်ထားပါတယ်။






**ပဲစင်းငုံ**

တနင်္လာနေ့မှာ ငွေကျပ် ၆၉၀၀၀၀ ကျော်နဲ့ အတက်ဈေးစဖွင့်ခဲ့တဲ့ ပဲစင်းငုံက ကြားရက်တွေမှာ အတက်အကျ တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ မေလဒုတိယပတ်နဲ့ နှိုင်းယှဉ်လိုက်ရင်တော့ ဒီတစ်ပတ်က ဈေးကျသယောင်နဲ့ ဈေးအနည်းငယ်တက်လာတာကို တွေ့ရပါတယ်။

ရန်ကုန်ထဲကို ပဲအဝင်မရှိတော့ပေမယ့် လက်ကျန်ပဲတွေ များနေတဲ့အတွက်ကြောင့် ပဲစင်းငုံကအကျဈေးနဲ့ ဈေးငြိမ်နေတာပါ။ လက်ရှိပေါက်ဈေးကတော့ တစ်တန်ကို ငွေကျပ် ၆၆၀၀၀၀ ဈေးရှိပါတယ်။

**ပဲကြီး (ရွှေကျွန်း၊ကမ်းနား)**

ပဲကြီးကလည်းကုလားပဲနဲ့ အပြိုင်ဈေးရရှိနေတာပဲ ဖြစ်ပါတယ်။ ဧပြီလကုန်ပိုင်းကနေစပြီး တရိပ်ရိပ်တက်လာခဲ့တာဖြစ်ပြီးတော့ မေလတတိယအပတ်မှာတော့ တစ်ပိဿာကိုငွေကျပ် ၂၀၀ လောက်အထိ ဈေးမြင့်တက်ခဲ့ပါတယ်။ လက်ရှိ ပေါက်ဈေးကတော့ တစ်ပိဿာကို ငွေကျပ် ၂၀၀၀ ကနေ ငွေကျပ် ၂၅၇၀ အထိ ဈေးရှိနေပါတယ်။

**ကြက်သွန်ဖြူ (ကြူကုတ်)**

တစ်ပိဿာ ငွေကျပ် ၆၇၀၀ အထိ ဈေးအမြင့်ဆုံးရရှိခဲ့ ကြက်သွန်ဖြူ (ကြူကုတ်) က ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၃၃၀၀ အထိ ဈေးကျဆင်းခဲ့ပါတယ်။သောကြာနေ့ ဈေးပိတ်ချိန်မှာတော့ ကြက်သွန်ဖြူ (ကြူကုတ်)က တစ်ပိဿာကို ငွေကျပ် ၃၆၀၀ ဈေးရှိနေပါတယ်။

**စားအုန်းဆီဈေးဆက်တိုက် တက်**

စားအုန်းဆီကတော့ ဈေးဆက်တိုက် တက်နေပါတယ်။ မလေးရှားနိုင်ငံမှာ စားအုန်းဆီထုတ်လုပ်မှုကလည်း ဆက်တိုက် ကျဆင်းနေတဲ့အတွက် အခုလို ဈေးတက်နေတာဖြစ်ပါတယ်။

လက်ရှိပေါက်ဈေးနှုန်းကတော့ တစ်ပိဿာကို ငွေကျပ် ၁၉၃၀ ပေါက်ဈေးရှိနေပြီး မေလအတွင်းမှာ ငွေကျပ် ၁၀၀ လောက် ဈေးမြင့်တက်လာနေပါတယ်။

**ဂျုံ**

ဂျုံကတော့ ဒီတစ်ပတ်မှာ တစ်အိတ်ကို ငွေကျပ် ၂၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။ ဧပြီလဆန်းပိုင်းကတည်းက ဈေးမြင့်တက်နေတာဖြစ်ပြီး လက်တလောပေါက်ဈေးကတော့ တစ်အိတ်ကို ငွေကျပ် ၄၈၀၀၀ ကနေ ငွေကျပ် ၆၂၀၀၀ အထိ ဈေးမြင့်တက်နေပါတယ်။

## ရော်ဘာစိုက်ပျိုးတောင်သူများ ဓာတ်မြေသြဇာနှင့် မြေဆီလွှာ ထိန်းသိမ်းခြင်းအသိပညာပေး

**မုဒုံ မေ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ပြီး GRO Myanmar အထောက်အပံ့ဖြင့် မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းနှင့် ပူးပေါင်း ဖွင့်လှစ်သော ဓာတ်မြေသြဇာစနစ်တကျ အသုံးပြုခြင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်း သင်တန်းကို မုဒုံမြို့နယ် ကွမ်လှာကျေးရွာ ဘုန်းတော်ကြီးကျောင်း ရော်ဘာခြံ၌ မေ ၁၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းလတ်က ရော်ဘာမျိုးကောင်းမျိုးသန့်စိုက်ပျိုးရာတွင် မြေဆီလွှာနှင့် အာဟာရစီမံခန့်ခွဲမှုသည် အရေးကြီးကြောင်း၊ ရော်ဘာပင်အတွက် ပြုပြင်ပြီးသော မြေနေရာတွင် အာဟာရ ၁၄ မျိုး လိုအပ်ပြီး အဓိကကျသော အာဟာရမှာ နိုက်ထရိုဂျင်၊ ဖော့စဖောရပ်၊ ပိုတက်စီယမ်နှင့်မဂ္ဂနီစီယမ်တို့ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တောင်စောင်းကဲ့သို့ နေရာနှင့် မြေပြန့်၌ စိုက်ပျိုး ထားသည့် ရော်ဘာပင်များကို မြေသြဇာတိုက်ကျွေးနည်း၊ မြေနမူနာယူနည်း၊ မြေချဉ်ငန်ဓာတ်စစ်ဆေးနည်းများကို လက်တွေ့ပြသခဲ့ကြောင်းသိရသည်။ **မုဒုံ-မောင်မောင်**

# တောင်သူများအနေဖြင့် စပ်မျိုးများ မိမိတို့စိုက်နေကျမျိုးများထက် ဈေးပိုနေသောကြောင့် အခက်တွေ့

ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-မေမိုးသဲ

ပြောင်းလဲလာသည့်ခေတ်တွင် စိုက်ပျိုးရေးတောင်သူများအတွက် မျိုးကောင်းမျိုးသန့်များနှင့် အထွက်နှုန်းကောင်းသည့် စပ်မျိုးများကို သက်ဆိုင်ရာမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်ကို တွေ့မြင်နေရသည်။ ယခုအခါ တောင်သူ အများစုမှာလည်း မိမိတို့၏ မိရိုးဖလာမျိုးများပင် မဟုတ်ဘဲ စပ်မျိုးများကို ပြောင်းလဲ စိုက်ပျိုးမှုများရှိလာပြီး သီးနှံအထွက်နှုန်းများ ယခင်ကထက် ပိုမိုထွက်ရှိနေသည်ကိုလည်း ကြားသိနေရသည်။ သို့သော် တောင်သူအချို့မှာ စပ်မျိုးများမှာ ယခင်မိမိတို့စိုက်ပျိုးနေသည့် မိရိုးဖလာမျိုးများထက် ဈေးမြင့်မားမှုကြောင့် မသုံးစွဲနိုင်ကြောင်း သိရသည်။



ရေဆင်းစပ်မျိုးထုတ်ကွင်းများတွင် မျိုးရွေးချယ်နေစဉ်

မအူပင်မြို့နယ်မှ တောင်သူ ဦးဌေးဝင်းက "တောင်သူတွေက တကယ်တော့ စပါးဘယ်လောက် ထွက်မလဲဆိုတဲ့ သီးနှံအထွက်တိုးတဲ့ နောက်ပဲလိုက်နေတာ။ မျိုးကောင်းမျိုးသန့်ကိုကျတော့ ခေါင်းထဲမှာမရှိဘူး။ ခုတော့ သက်ဆိုင်ရာဌာနတွေကနေ တောင်သူတွေကိုယ်တိုင်မျိုးထုတ်နိုင်တဲ့အဆင့်အထိ၊ ကိုယ့်မျိုးကို ပြန်ထားနိုင်တဲ့အထိ သင်တန်းတွေ ပို့ချပေးနေတာတွေကို တွေ့ရတော့ အလွန်ဝမ်းသာမိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တက်ရောက်သင်ကြားခဲ့ပါတယ်။ အရင်သင်တန်းမတက်ခင်ကတော့ မှော်ဘီစိုက်ကွင်းကနေမျိုးယူပြီး စိုက်ပျိုးရပါတယ်။ ဒါပေမယ့် မျိုးတွေကများတဲ့အတွက် တောင်သူတွေရဲ့လိုအပ်ချက် ပြည့်မီအောင်အထိ စိုက်ကွင်းက မထုတ်ပေးနိုင်တဲ့ အနေအထားတွေရှိတယ်။

စိုက်ခင်းတစ်ခင်း ကောင်းဖို့အတွက်ဆိုတာကတော့ ဓာတ်မြေဩဇာအချိုးကျကျသုံးစွဲနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေထားပြီး စိုက်ပျိုးနိုင်ဖို့ လိုအပ်ပါတယ်။ အရင်ကဆို ကျွန်တော်တို့က ဓာတ်မြေဩဇာဆိုလည်း အချိုးအစားမသိဘူး။ ပုလဲဆိုလည်း ပုလဲပဲ ပက်တာ။ တောင်သူအခေါ် အသီးဩဇာအတွက် ပက်ဖျန်းတာမျိုးတွေမရှိခဲ့ဘူး။ ယူရီးယားတစ်မျိုးပဲသုံးတဲ့အခါကျတော့ စပါးပင်ကစားချင်တာတစ်မျိုး၊ အခုကျွေးတာကတစ်မျိုးဖြစ်နေတာတွေရှိခဲ့တယ်။ အခုတော့ သင်တန်းတွေက ပို့ချချက်တွေအရ အပင်တောင့်တင်းဖို့ဆိုရင် ပိုတက်ဆီယမ်လိုတယ်၊ အသီးအဆန် ပြည့်ဝဖို့ဆိုရင် အသီးမြေဩဇာ လိုအပ်တယ်ဆိုတာတွေ သိလာရတယ်။ ပိုးမွှားရောဂါကျတာဆိုတာကလည်း အစာထည့်တဲ့ပေါ်မှာမူတည်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ သီးထပ်ရင်စပါးမျိုး၊ ဆင်းသုခစပါးမျိုး၊ ပေါ်ဆန်းတွေကို အများဆုံးစိုက်ပျိုးပါတယ်။ ပြောင်းလဲလာတဲ့ခေတ်မှာ မိရိုးဖလာမျိုးတွေထက်စာရင် စပ်မျိုးတွေက အထွက်တိုးမှန်းသိတော့ တောင်သူတွေက ပြောင်းလဲစိုက်ပျိုးလာကြပါပြီ" ဟု ပြောသည်။

သီးနှံစိုက်ခင်းများ ကောင်းမွန်ရန်အတွက် ဓာတ်မြေဩဇာအချိုးကျကျ သုံးစွဲနိုင်ရန်နှင့် မျိုးကောင်း မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန်မှာ အရေးကြီးကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူအများစုကတော့ သက်ဆိုင်ရာကနေ မျိုးသစ်တွေ ထုတ်လုပ်ဖြန့်ဖြူးပေးနေတာကို ကြိုဆိုပါတယ်။ ဒါပေမယ့် ရာသီဥတုဖောက်ပြန်မှုတွေ မကြာခဏ ဖြစ်ပေါ်နေတော့ စိုက်ပျိုးရေးမှာ ဒုက္ခရောက်တယ်။ မိုးမလိုအပ်တဲ့အခါ မိုးကရွာချလိုက်၊ အပူချိန်ကလည်း အရင်ကထက် ပိုပိုမြင့်လာတော့ သီးနှံတွေဖြစ်ထွန်းသင့်သလောက်မဖြစ်ထွန်းဘူး။ ခုတော့ သက်ဆိုင်ရာကနေ ရာသီဥတုဒဏ်ခံနိုင်တဲ့မျိုး၊ ရေမြုပ်ဒဏ်ခံနိုင်တဲ့မျိုး၊ အပူဒဏ်ခံနိုင်တဲ့မျိုးစတဲ့ စပ်မျိုးတွေထုတ်ပေးနေတဲ့အတွက်ကြောင့် တောင်သူတွေ အဆင်ပြေပါတယ်။ ဒါပေမယ့် တချို့တောင်သူတွေက စိုက်ခြံတွေကနေ စမ်းသပ်ထုတ်ပေးလိုက်တဲ့ စပ်မျိုးတွေက ဈေးအနည်းငယ်များတဲ့အတွက် မသုံးနိုင်ကြဘူး။ ဥပမာပြောရရင် အရင် ကိုယ်သုံးနေကျ ရန်ကုန်မနော်မျိုးဆို မျိုးတစ်အိတ်ကို ငွေကျပ် ၁၂၀၀၀ ပဲ ပေးရတယ်။ အခုစိုက်ခြံက ထုတ်တဲ့ ကျောက်စိမ်း ပဒေသာ၊ ရေချွေဝါ စတဲ့မျိုးတွေဆို တစ်အိတ်ကို ငွေကျပ် ၂၈၅၀၀ လောက်အထိ ပေးရတယ်။ ဒါပေမယ့် အထွက်နှုန်းကျရင်တော့ ကွာပါတယ်။ စပ်မျိုး တွေက ပိုထွက်ပါတယ်။ ဒီဒေသမှာက မနောသုခ၊ ရေမင်း၊ ရေကျောက်စိမ်း (ကျောက်စိမ်း ပဒေသာ) စတဲ့မျိုးတွေကို အစိုက်များပါတယ်။ အရင်က ရတနာတိုးကို စိုက်ကျတယ်။ ဒါပေမယ့် ဝယ်လက်မရှိတော့ မစိုက်ကြတော့ဘူး။ မနောသုခဆို ပေါ်ပေါ်ချင်းကို တင်း ၁၀၀ လျှင် ငွေကျပ် ၈၀၀၀၀၀ ဈေးလောက်ရောင်းရတယ်။ သက်ဆိုင်ရာဘက်ကလည်း မျိုးသစ် တွေထုတ် လုပ်ဖြန့်ဖြူးပေးသလို ထွက်ရှိလာတဲ့ သီးနှံတွေအပေါ်မှာလည်း ခိုင်မာတဲ့ ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးမယ်ဆိုရင်တော့ တောင်သူတွေ အနေနဲ့ အရင်ထက်ပိုပြီးအဆင်ပြေလာနိုင်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

တောင်သူများအနေဖြင့် စပ်မျိုးများမှာ အထွက်နှုန်းကောင်းသည် ဆိုသော်လည်း စိုက်ပျိုးရန်မျိုးဝယ်ယူသည့်အခါတွင် မိမိတို့စိုက်နေကျမျိုးများထက် ဈေးပိုနေသောကြောင့် အခက်တွေ့နေကြောင်း သိရသည်။

"ကျွန်တော်တို့ စိုက်ခြံတွေက ထုတ်တဲ့ စပ်မျိုးစပါးမျိုးတွေ ဈေးအနည်းငယ် ပိုနေတာကတော့ ပုံမှန်မျိုးတွေလို အလွယ်တကူ ထုတ်ရတာမဟုတ်ဘူး။ မျိုးထုတ်တဲ့ ကုန်ကျစရိတ်ကလည်း ပုံမှန်မျိုးတွေထက် ပိုကုန်တယ်။ ထုတ်ကုန်စရိတ်၊ အလုပ်သမားခတွေကအစ ပိုကုန်တယ်။ မျိုးထုတ်တဲ့အခါမှာလည်း မျိုးကွဲတွေ၊ မျိုးရောတွေ၊ မြက်သီးတွေ မပါဖို့ ပြန်သန့်ရတယ်။ မျိုးကွဲနုတ်ပယ်ပြီးမှ မျိုးအဖြစ် ပြန်သုံးတယ်။ မျိုးအဖြစ်ရောက်တဲ့ အချိန်မှာ ပေါင်းစေ့မပါရဘူး၊ မြက်သီးမပါရဘူး၊ အဖျင်းအမှော်မပါရဘူး။ ကျွန်တော်တို့မျိုးကို စိုက်တဲ့အခါ အပင်ရောဂါမပါအောင် ရွေးချယ်ပြီးမှ ထုတ်ရတယ်။ အဲဒီအချက်တွေကို သုံးကြိမ်လောက် ပြန်ပြီးလုပ်ရတယ်။ သာမန်မျိုး တွေဆိုရင် ပြန်မသန့်ကြတော့ စပါးအထွက်နှုန်းမှာ ကွာသွားတယ်။ ဒါပေမယ့် တောင်သူတချို့ကတော့ တခြားခရမ်းချဉ်စပ်မျိုး၊ နံနံပင်စပ်မျိုး၊ ပြောင်းစပ်မျိုး၊ ရုံးပတီစပ်မျိုး စတဲ့မျိုးတွေကို ဈေးကြီးပေးပြီး ဝယ်စိုက်တာတွေ ရှိပါတယ်။ အခုဆို ခရမ်းချဉ်တစ်စေ့ကို ငွေကျပ် ၁၀၀၀ ကျော်မျိုးတွေ ပေါ်လာပါပြီ။ အဲဒီအပေါ်မှာလည်း လိုက် စိုက်တဲ့ တောင်သူတွေ ရှိပါတယ်။ ဘာကြောင့်လဲဆိုရင်မျိုးစေ့ဖိုးဈေးများပေမယ့် အထွက်နှုန်းမှာ ရိုးရိုးမျိုးတွေနဲ့စာရင် အထွက်နှုန်းပိုတယ်။ နံနံဆိုရင်လည်း အထုပ် ၃၀ ဝယ်ပြီး စိုက်ပျိုးရင် သိန်း ၃၀ လောက် ပြန်ရတယ်။ ပြီးတော့ စပ်မျိုးနံနံက ရာသီမရွေး စိုက်လို့ရတယ်။ ဗမာနံနံက ဆောင်းတစ်ရာသီပဲ စိုက်လို့ရတယ်။ အဲလိုကွာခြားချက်တွေကြောင့် စပ်မျိုးတွေက ဈေးကြီးပေမယ့် တောင်သူအများစုကတော့ စိုက်ပျိုးလာကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးခြံတစ်ခြံမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

# တောင်ကိုရီးယားသို့ တင်ပို့နိုင်ရန် ခရမ်းချဉ်မျိုးစေ့ လိုင်စင်လျှောက်ထားမှုများရှိလာ

ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-လင်းလင်း(AMIA)



တောင်ကိုရီးယားနိုင်ငံကို မြန်မာ့ ခရမ်းချဉ် မျိုးစေ့တွေပို့ဖို့ လိုင်စင် လျှောက်ထားမှုတွေ ရှိလာတယ်လို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကနေ သိရပါတယ်။

ဒီလို လျှောက်ထားရာမှာလည်း အရည်အသွေးအပေါ်မူတည်ပြီးတော့ တစ်ကီလိုဂရမ်မှာဆိုရင် ကန်ဒေါ်လာ ၄၀၀၀နှုန်း၊ ၆၅ ကီလိုဂရမ်ကျော်မှာရင် တစ်ကီလိုကို ကန်ဒေါ်လာ ၂၇၀၀ နှုန်းနဲ့ တစ်လအတွင်းမှာ ၃ ဒသမ ၇၀ ကီလို ဂရမ် တင်ပို့မယ်လို့ သိရပါတယ်။

ခရမ်းချဉ် မျိုးစေ့ပိုင်းမှာ ကိုရီးယား ပို့တာ အောင်မြင်တယ်လို့ ပြောလို့ရတယ်။ ပြင်ဦးလွင်နဲ့ နောင်ချိုမြို့က ထွက်တဲ့ မျိုးစေ့ကို ပိုဝယ်တာ တွေ့ရပါတယ်။ အဲ့ဒီမြို့တွေမှာလည်း စိုက်ပျိုးရေးခြံနဲ့ စက်ရုံထောင်ပြီး ကုမ္ပဏီနှစ်ခုက လုပ်နေ တာတွေ ရှိတယ်လို့ စီးပွားရေးနဲ့ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောပါ တယ်။

လိုင်စင်လျှောက်ထားတဲ့ အခါမှာလည်း သက်ဆိုင်ရာ တင်ပို့မယ့် နိုင်ငံ အလိုက် စည်းကမ်းတွေ လိုက်နာရမှာ ဖြစ်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ပိုးမွှား ကင်းစင်ကြောင်း လက်မှတ်ပါရှိဖို့ လိုအပ် ပါတယ်။

အလားတူပဲ ကုမ္ပဏီတွေနဲ့အကျိုးတူ လုပ်ကိုင်ကြဖို့ တောင်သူတွေက မျှော်လင့် နေပါတယ်။ လိုင်စင်သက်တမ်းကိုတော့ နှစ်နှစ်၊ သုံးနှစ်၊ ငါးနှစ်အထိ ခွင့်ပြုပေးထားတယ်လို့ သိရပါတယ်။

ဒါ့အပြင် ရှမ်းပြည်တောင်ပိုင်း အင်းလေးထွက် ခရမ်းချဉ်မျိုးစေ့ကို စက်ရုံထောင် ပြီးတော့ ပြည်ပနိုင်ငံတွေကို တိုးချဲ့တင်ပို့နိုင်ဖို့ ကုမ္ပဏီတချို့က စိတ်ဝင်စားမှုတွေ ရှိနေပါတယ်။

# မေ ၂၃ ရက်၌ မိုးရာသီအတွက် စိုက်စရိတ်ချေးငွေ စတင်ထုတ်ချေးပေးသွားမည်

ဖြိုးလွင်အောင်(AMIA)

မိုးရာသီအတွက် စိုက်စရိတ်ချေးငွေများကို မေ ၂၃ ရက်၌ စတင်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အထွေထွေမန်နေဂျာ ဦးစိန်လှထွန်းက ပြောသည်။

ယခု ဘဏ္ဍာနှစ်စိုက်ပျိုးရာသီ၌ လယ်တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ ယာတစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ၁၀ ဧကအထိ တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဦးစိန်လှထွန်းက "ဒီလ ၂၃ ရက် နေ့လောက်မှာ ချေးပေးသွားမှာပါ။ ယာတစ်ဧကကို ငွေကျပ် ၅၀၀၀၀ အထိ တိုးချေးပေးသွားမယ်။ ပြီးတော့ ပြန်ဆပ်ရမယ့် ကာလက ပြီးခဲ့တဲ့ ဧပြီလက ပြည့်သွားပြီ။ အခု ချေးထားတဲ့ ချေးငွေတွေထဲက ၆၀ ရာခိုင်နှုန်းလောက်ပဲ ပြန်ရသေးတယ်"ဟု ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ချေးပေးထားသည့် ချေးငွေများကို အကြေပြန်မဆပ်သည့် တောင်သူများကိုတော့ ထပ်မံချေးပေးမည်မဟုတ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်က တောင်သူများကို ယာတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ လယ်တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ အထိ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ချေးငွေ ဘီလီယံ ၁၄၀၀ ထုတ်ချေးပေးခဲ့ပြီး လက်ရှိကာလအထိ ချေးငွေဘီလီယံ ၈၀၀ ခန့်သာ ပြန်လည်ရရှိသေးကြောင်း သိရသည်။

ယခုဘဏ္ဍာတစ်နှစ်လုံးတွင်တောင်သူလယ်သမားများကို စိုက်စရိတ် ချေးငွေအနေဖြင့် ဘီလီယံ ၁၉၈၀ ခန့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

# ရေသွင်း စားပြောင်းဖူးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ၊ ဈေးကွက်ကောင်းရန် စိုက်ပျိုးသူများ မျှော်လင့်နေ



**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ် ရေသွင်း၍ စားပြောင်းဖူးစိုက်ပျိုးကြသူများအနေဖြင့် အပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ အစောပိုင်းဈေးကွက်မိပြီး ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း စိုက်ပျိုးသူတောင်သူများထံမှ သိရသည်။

တပ်ကုန်းမြို့နယ်အတွင်းတွင် ယခင်က အစေ့ထုတ်ပြောင်းဖူးများကိုသာ အဓိက စိုက်ပျိုးကြသော်လည်း ယခုနောက်ပိုင်းတွင် ဈေးကွက်ကောင်းသည့် စားပြောင်းဖူးများကိုသာ စိုက်ပျိုးသူများလာသည်ကို တွေ့ရသည်။ စားပြောင်းဖူးများကို ပုံမှန်အားဖြင့် မိုးဖြိုင်ဖြိုင်ကျသည့်အချိန်မှသာ အဓိက စိုက်ပျိုးကြခြင်းဖြစ်သော်လည်း ဈေးကွက်အတွင်းသို့ ဆောလျင်စွာတင်ပို့နိုင်ရန်အတွက် ပုံမှန်အချိန်ထက်စောပြီး ထိုသို့ ရေသွင်းစိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း သိရသည်။

ရေသွင်း၍ စားပြောင်းဖူးစိုက်ပျိုးသူတစ်ဦးဖြစ်သည့် နေပြည်တော် တပ်ကုန်းမြို့နယ်မှ ဦးတင်ဦးက "ကျွန်တော်တို့အနေနဲ့ ဒီရေသွင်းစားပြောင်းတွေကို ပုံမှန်အားဖြင့် မိုးတွင်းကာလမှာ စိုက်ပျိုးလေ့ရှိပေမယ့် အခု ကျွန်တော်တို့ဒေသမှာ စားပြောင်းဖူးတွေကို တန်ခူးလလောက်ကတည်းကစပြီးတော့ ရေတွင်းတူးပြီး တစ်နိုင်တစ်ပိုင် ရေသွင်းစိုက်ပျိုးတာ ပိုပြီးကျယ်ပြန့်လာတယ်။ အခုလို စောစောရေသွင်းစိုက်ပျိုးလိုက်ခြင်းဖြင့် ဈေးကွက်လည်း စောစောမိပြီး ဈေးကောင်းလည်း ရရှိနိုင်ပါတယ်"ဟု ပြောသည်။

ရေသွင်း၍ စားပြောင်းကို စိုက်ပျိုးရာတွင် ကနဦး လက်မသုံးဆယ်ရှိသည့် စမ်းတုန်းနှင့် စမ်းဆွဲကာ ထယ်ကြောင်းပေးပြီး တစ်ပင်နှင့်တစ်ပင် ရှစ်လက်မ အကွာထား၍ စိုက်ပျိုးရကြောင်း၊ ထို့သို့ စိုက်ပြီး အသင့်ပြင်ဆင်ထားသည့်ရေငုတ်မှ ရေသွင်းရေတင်ရခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ စားပြောင်းများကို နွေပိုင်းတွင်စတင်စိုက်ပျိုးပြီး သုံးလနီးပါးတွင် စတင်ချိုးယူရခြင်းဖြစ်ကာ မိုးတွင်းကာလ စိုက်ပျိုးခြင်းမဟုတ်သဖြင့် အချိန်သုံးလခန့်ရှိလျှင် စတင်ချိုးယူနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီစားပြောင်းဖူးတွေကို နွေပိုင်းလောက်မှာ စတင်စိုက်ပျိုးတယ်။ သုံးလနီးပါးမှာ စတင်ချိုးယူရတယ်။ နွေပိုင်းစိုက်ပျိုးရတာက မိုးတွင်းထက်တော့ ပေါ်တာနည်းနည်းနောက်ကျတယ်။ နွေပိုင်းဆိုတော့ အောက်ခံတက်ကလည်း ဟာသွားတယ်။ မိုးတွင်းမှာစိုက်ရင်တော့ နှစ်လခွဲလောက်ဆိုရင် စတင်ချိုးယူလို့ရပါပြီ။ မိုးတွင်းကာလစိုက်ပျိုးတဲ့ စားပြောင်းက အောက်ခံတက်ကောင်းတော့ ပိုပြီးတော့ စောစောပေါ်တယ်။ ရေတင်စိုက်ပျိုးတဲ့ စားပြောင်းတွေကျတော့ နည်းနည်းတော့နောက်ကျတယ်"ဟု နွေပိုင်းနှင့် မိုးတွင်းစိုက်ပျိုးမှု ကွာခြားပုံကို စားပြောင်းစိုက်ပျိုးသူတစ်ဦးဖြစ်သည့် သပြေချောင်ကျေးရွာမှ ကိုခင်မောင်ညွန့်က ရှင်းပြသည်။

"ကျွန်တော်တို့ စားပြောင်းကို စိုက်ပျိုးတဲ့အခါ တစ်ဧကကို မျိုးစေ့အထုပ် လေးထုပ်လောက်စိုက်ရတယ်။ စားပြောင်းဖူးတွေကို စိုက်ပျိုးတဲ့အခါ အစေ့ထုပ်ဆိုပြီး စိုက်ပျိုးရေးကုမ္ပဏီတွေဆီကပဲ ကျွန်တော်တို့ဝယ်တယ်။ အစေ့တစ်ထုပ်ဆိုရင် အစေ့ပေါင်း ၃၀၀၀ ကျော် ၄၀၀၀ လောက်အထိတော့ ပါတယ်။ စားပြောင်းက လုပ်အားခတော့ နည်းနည်းကုန်တယ်။ ကျွန်တော်တို့ဆိုရင် တစ်ဧကခွဲကို ရှစ်ထုပ်လောက် စိုက်ထားတယ်။ စုစုပေါင်း ကုန်ကျစရိတ်က သုံးသိန်းခွဲလောက်ရှိသွားပါပြီ။ အရင်းအနှီးကတော့ ထယ်ထိုးခတွေ၊ ပေါင်းမြက်သင်ခတွေက နှစ်သိန်းခွဲလောက်တော့ ကုန်တယ်။ စားပြောင်းတစ်ဧကကို ရှစ်သိန်းဝန်းကျင်လောက်ရတယ်။ အခုဆို စားပြောင်းတစ်ဖူးဆို ကျပ် ၁၃၀၊ ၁၄၀ အထိ ရှိနေတော့ လက်ရှိဈေးနှုန်းမျိုးနဲ့ဆို ငွေကျပ် ၁၅ သိန်းလောက်အထိ ရလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု ၎င်း၏ စားပြောင်းဖူးစိုက်ပျိုးမှု အတွေ့အကြုံနှင့် ဈေးကွက်မျှော်လင့်ချက်တို့ကို ကိုခင်မောင်ညွန့်က ဆက်လက်ရှင်းပြသည်။

စားပြောင်းဖူးများ စတင်ပေါ်ချိန်တွင် စိုက်ပျိုးသည့်တောင်သူများအနေဖြင့် အနီးဝန်းကျင်ဈေးကွက်များသို့ တကူးတက သွားရောက်ရောင်းချရန်မလိုဘဲ ပွဲစားများကိုယ်တိုင် အခင်းထဲအထိ အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူကြကြောင်း သိရသည်။

စားပြောင်းဖူးပွဲစားများ ရောင်းဝယ်မှုနှင့်ပတ်သက်ပြီး တပ်ကုန်းမြို့နယ် သာယာအေးကျေးရွာမှ တောင်သူဦးကျော်ငြိမ်းက "ကျွန်တော်တို့ဆီမှာ ဒီစားပြောင်းဖူးလာဝယ်တဲ့ ပွဲစားဝယ်လက်တွေရှိတယ်။ ဝယ်လက်ပွဲစားတွေက စတင်ချိုးယူတော့မယ့်အချိန်နီးရင် ကျွန်တော်တို့အခင်းတွေဆီအထိ ရောက်လာကြတယ်။ ရောင်းမယ်လို့စပ်လိုက်ရင် သူတို့ကလည်း အကွက်တွေထဲအထိလိုက်ပြီး ကွင်းဆင်းတယ်။ ကျွန်တော်တို့ကိုယ်တိုင်လိုက်ပြီး ချိုးပေးစရာမလိုဘူး။ ပွဲစားတွေက တစ်ကေဆိုတစ်ကေ အပြတ်ဝယ်သွားကြတယ်"ဟု ပြောသည်။

**သတင်း-မောင်လွင်(တပ်ကုန်း)၊ ဓာတ်ပုံ-မောင်မွေး**

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကော်ဖီစေ့တန်ချိန် ၅၀ ကျော် ထိုင်းနိုင်ငံသို့ တင်ပို့မည်

**မေ ၂၁**

မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံဘက်သို့ အမေရိကန်ဒေါ်လာ ၂၅၀၀၀ ကျော် တန်ဖိုးရှိ ကော်ဖီစေ့တန်ချိန် ၅၀ ကျော်ကို ဇွန်လအတွင်း တင်ပို့သွားရန် ရှိကြောင်း ကော်ဖီကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

တင်ပို့သွားမည့် ကော်ဖီစေ့ အများစုမှာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ မိုးကုတ်နှင့် ရှမ်းပြည်နယ် နောင်ချို၊ ရွာငံနဲ့ ကလောတို့မှ ထွက်ရှိသည့် ကော်ဖီစေ့များဖြစ်ကာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀၀ မှ ၄၀၀၀ ခန့်အထိ ရောင်းဈေးရှိနေကြောင်း သိရသည်။

ကော်ဖီ ကုန်သည်တစ်ဦးဖြစ်သည့် ကိုဟန်ထွန်းမော်က "အရင်လကထက် ၁၀ တန်လောက် ပိုရောင်းနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဈေးကောင်းရဖို့နဲ့ ကော်ဖီအရည်အသွေးဆန်းစစ်ဖို့ မကြာခင် ထိုင်းဘက်က ကုန်သည်တွေနဲ့ တွေ့ဆုံဖို့ရှိနေပါတယ်"ဟု ပြောသည်။



မြန်မာနိုင်ငံတွင် ကော်ဖီပင်စိုက်ပျိုးထုတ်လုပ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ကျယ်ပြန့်လာသည့်အပြင် အရည်အသွေးပိုင်းမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုကောင်းမွန်လာ၍ ဈေးကွက်သစ်နိုင်ငံများကိုလည်း ရှာဖွေလျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်းမှ တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၇၀၀၀ ခန့် ထွက်ရှိနေပြီး ထွက်ရှိမှု၏ ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကာ လက်ရှိ မြန်မာ့ကော်ဖီကို တောင်ကိုရီးယား၊ ဂျပန်၊ တိုင်ပေ၊ အမေရိကန်၊ ဆွစ်ဇာလန်နှင့် ဂျာမနီနိုင်ငံများသို့ အများဆုံး တင်ပို့လျက်ရှိကြောင်း၊ မြန်မာနိုင်ငံကော်ဖီအသင်းကလည်း မြန်မာ့ကော်ဖီကို နိုင်ငံတကာကော်ဖီပွဲတော်များတွင် သွားရောက်ပြသမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သတင်း - ဇာသူလင်း (AMIA)**
**ဓာတ်ပုံ - ကေဇူး(AMIA)**

## ရှမ်းကြက်သွန်ဖြူများ ထိုင်းနိုင်ငံသို့ပို့ရန် ကုန်သည်များ အခင်းပြတ်လာရောက်ဝယ်ယူနေ

**တောင်ကြီး မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးဈေးကွက်မှာတော့ ကျိုင်းတုံနဲ့ တာချီလိတ်က ကုန်သည်တွေက ထိုင်းနိုင်ငံကို ကြက်သွန်ဖြူ တင်ပို့နိုင်ဖို့ အခင်းပြတ် လာရောက်ဝယ်ယူမှုတွေ ရှိနေတယ်လို့ မြို့ဦးသား ကြက်သွန်ဖြူဒိုင်က ဦးခင်မောင်ဝင်းက ပြောပါတယ်။

ကျိုင်းတုံ၊ တာချီလိတ်က ဝယ်လက်တွေ ဝယ်ယူနေလို့ အရောင်းအဝယ်လည်း သွက်နေပါတယ်။ ဒီနှစ်က ကြက်သွန်ဖြူအထွက်ကလည်း ပုံမှန်အတိုင်းသာရှိတာကြောင့် တဖြည်းဖြည်း ဈေးတက်လာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်လို့ သူက ပြောပါတယ်။ အခင်းပြတ်ဝယ်ယူရာမှာလည်း ဧကအလိုက် ကျပ် ၁၀ သိန်းမှ ၁၈ သိန်းကြား ပေးဝယ်နေပြီးတော့ ဒိုင်တွေနဲ့ချိတ်ဆက်ဝယ်ယူတာတွေ၊ တောင်သူစိုက်ခင်းတွေအထိ သွားရောက်ပြီးတော့ တွေ့ဆုံဝယ်ယူမှုတွေနဲ့ စရန်ချ၊ အရစ်ကျစနစ်နဲ့ပါ ဝယ်နေတယ်လို့ ဆိုပါတယ်။

တောင်ကြီးဈေးကွက်မှာတော့ ရှမ်းကြက်သွန်ဖြူတွေ အဝင်လှိုင်လာပါတယ်။ နယ်အစုံက ထွက်လာပြီဖြစ်လို့ ဈေးကွက်မှာ တစ်ပတ်ကို ပိဿာချိန်ထောင်နဲ့ချီပြီး ဝင်ရောက်မှုရှိနေပါတယ်။ လှောင်လက်တွေကလည်း ဝယ်ယူပြီး လှောင်နေသလို၊ ပြည်တွင်းစားသုံးဖို့လည်း ရန်ကုန်ဝယ်လက်တွေပါ သွားရောက်ဝယ်ယူနေပါတယ်။

အရင်နှစ်တွေကတော့ လွိုင်လင်ခရိုင် လဲချားမြို့နယ်ကထွက်တဲ့ ကြက်သွန်ဖြူတွေကိုသာ ထိုင်းနိုင်ငံက အဝယ်ရှိပေမယ့် ဒီနှစ်မှာတော့ တောင်ကြီးခရိုင်ကထွက်တဲ့ ကြက်သွန်ဖြူတွေကိုပါ အဝယ်ရှိလာတယ်လို့ သိရပါတယ်။ လက်ရှိ ကြက်သွန်ဖြူကတော့ အထွက်နောက်ကျပြီး ဒီလဆန်းမှာမှ ဈေးကွက်ကို စပြီးဝင်လာတာဖြစ်ပါတယ်။ ဒီတစ်ပတ် ရှမ်းကြက်သွန်ဖြူ ဈေးနှုန်းတွေကတော့ (လတ်ခြား) ကျပ် ၁၉၀၀၊ (ထူး-၁) ကျပ် ၂၀၀၀၊ (ထူး-၂)ကျပ် ၂၁၀၀၊ (ထူး-၃) ကျပ် ၂၄၀၀၊ (ထူး-၄) ကျပ် ၁၈၀၀ ဈေးနဲ့ လဲချားခရမ်းစွဲက တစ်ပိဿာကို ကျပ် ၃၀၀၀ မှ ၃၂၀၀ အထိ ဈေးရှိနေပါတယ်။

**သတင်း - ဇာသူလင်း (AMIA)ဓာတ်ပုံ - လင်းလင်း(AMIA)**

## ရေးမြို့နယ်တွင် ပင်လယ်ငါးဖမ်းဆီးရမိမှု လျော့နည်းလာလျက်ရှိ

**ရေး မေ ၂၁**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ယခုနှစ် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းရာသီ ပိတ်သိမ်းကုန်ဆုံးခဲ့ချိန်တွင် ယခုနှစ် ငါးဖမ်းဆီးရမိခဲ့မှုသည် ယခင် ၁၀ နှစ်တာကာလအတွင်း ငါးဖမ်းဆီးရမိမှုထက် လျော့နည်းကျဆင်းခဲ့သလို တစ်နှစ်ထက်တစ်နှစ် ငါးဖမ်းဆီးရမိမှုမှာ လျော့နည်းလာလျက်ရှိကြောင်း ရေးမြို့နယ် အဘော်ကျားတန်းရှိ ရေလုပ်ငန်းရှင်များထံမှ သိရသည်။

ယခင်နှစ်များက ငါးဖမ်းရာသီများတွင် ပုစွန်၊ ငါးနုံ၊ ငါးမှုန်၊ ငါးသလောက်များကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ပင်လယ်ပြင်မှ ငါးဖမ်းဆီးရမိမှု လျော့နည်းလာခြင်းမှာ ငါးသယံဇာတ နည်းပါးလာခြင်း၊ ကျွမ်းကျင်ရေလုပ်သား ရှားပါးလာခြင်းတို့အပြင် ရာသီဥတုအခြေအနေကလည်း ယခင်ကကဲ့သို့ မမှန်ကန်သဖြင့် ငါးဖမ်းဆီးရမိမှုနည်းပြီး ငါးကုန်ကြမ်းအဝင်မှာလည်း တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာခြင်းဖြစ်ကြောင်း ရေးမြို့နယ် အဘော်ကျားတန်းမှ ရေလုပ်ငန်းရှင် တစ်ဦးဖြစ်သူ ဦးကျင်သောင်းက ပြောသည်။

ရေးမြို့နယ်အတွင်းမှ ရေလုပ်ငန်းရှင်အများစုမှာ အဘော်ကျားတန်း၊ အစင်၊ ဇီးဖြူသောင်၊ ခမင်းဆိပ်၊ နှစ်ကရင်၊ နှစ်ကရုပ်၊ အံဒင်ငါးမျှားစခန်းနှင့် ကဗျာဝတို့တွင် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး လုပ်ငန်းတစ်ခုလျှင် အနည်းဆုံး ကျပ်သိန်း ၃၀၀၀ မှ သိန်း ၅၀၀၀ အထိရင်းနှီးမြှုပ်နှံထားကြကြောင်း၊ ယခု ငါးဖမ်းဆီးရမိမှု တစ်နှစ်ထက်တစ်နှစ် နည်းလာသဖြင့် လုပ်ငန်းရှင်များမှာ အလုပ်သမားစရိတ်ကျော်ရုံမျှသာရပြီး အမြတ်အစွန်း ကျဆင်းလာလျက်ရှိကြောင်း ရေလုပ်ငန်းရှင်များက ဆိုသည်။

ရေးမြို့နယ် ကမ်းခြေမှ ရေမိုင် ၁၀ မိုင်အတွင်း ကမ်းနီးငါးဖမ်းရေိယာနှင့် ၁၀ မိုင်အပြင်ဘက်တွင် စီးပွားရေးဇုန် ကမ်းဝေးငါးဖမ်းရေိယာ သတ်မှတ်ထားရာ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ်အတွင်း၌ ကမ်းဝေးငါးဖမ်းလှေ ၂၀၂ စင်းနှင့် ကမ်းနီးငါးဖမ်းလှေ ၃၇၂ စင်းကို ငါးဖမ်းဆီး ခွင့်ပြုထားပြီး အဆိုပါ ငါးဖမ်းလုပ်ငန်းများတွင် တရားဝင် ပင်လယ်ရေလုပ်သား ၄၃၇၂ ဦးတို့ လုပ်ငန်းခွင်ဝင်ရောက် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



# တောင်သူပညာပေးနွေစပါးစိုက်ခင်းစံကွက်ရိတ်သိမ်းပြီး စိုက်ပျိုးရေးဆိုင်ရာများ ပညာပေးဆွေးနွေး

**ရေတာရှည် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အင်ကျင်းကုန်းကျေးရွာရှိ တောင်သူပညာပေး SRI နွေစပါးစိုက်ခင်းကို မေ ၂၀ ရက်က စံကွက်တစ်ဧက ရိတ်သိမ်းရာ ၁၂၄ ဒသမ ၃ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကုန်းကြီးကျေးရွာအုပ်စုအတွင်းရှိ စပါးစိုက်ပျိုးသည့်တောင်သူများ လာရောက်လေ့လာကြည့်ရှုကြပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက ဒေသခံတောင်သူများအား ကုန်ကျစရိတ်နည်းနည်းဖြင့် ထွက်နှုန်းကောင်းမွန်သည့်စပါးမျိုးများ စိုက်ပျိုးနိုင်ရေး၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ဆေးဝါးအမျိုးမျိုးတို့ကို အကျိုးရှိစွာ စနစ်တကျသုံးစွဲနိုင်ရေးတို့အတွက် အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

**ကိုလွင်(ဆွာ)**



# ထောပတ်ပျိုးပင် ၅၀၀၀ ခန့်ကို စိုက်ပျိုးရာသီအတွင်း အခမဲ့ ပေးဝေသွားမည်

**တောင်ကြီး မေ ၂၁**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် ကျောက်တန်းရွာထွက် ထောပတ်ပျိုးပင် ၅၀၀၀ ခန့်ကို လာမည့်မိုးရာသီ စိုက်ပျိုးရာသီအတွင်း အခမဲ့ပေးဝေသွားရန် စီစဉ်လျက်ရှိကြောင်း ကျောက်တန်းရွာနေ ထောပတ်ခြံပိုင်ရှင် ဦးမန်းကျော်ထံမှ သိရသည်။

ဦးမန်းကျော်က ပျိုးပင်တစ်ပင်ကို အပြင်မှာဝယ်ရင် ရှစ်ထောင်ကျပ်ကနေ တစ်သောင်းခွဲကြားရှိပါတယ်။ "ကျွန်တော့်ခြံကနေ မိုးရာသီအချိန်တိုင်း ပေးဝေနိုင်ဖို့ လုပ်နေပါတယ်။ ပျိုးပင်ထဲထည့်မယ့် မြေဆီလွှာကနေစပြီးတော့ တောင်သူတွေဆီကို အခမဲ့ ပေးဝေနိုင်ဖို့ လုပ်သွားမယ်။ ထောပတ်သီး ပိုထွက်ရှိလာအောင် ကိုင်းကူးကိုင်းဆက်နည်းပညာနဲ့ လုပ်သွားဖို့လည်း ပြင်ပက ပညာရှင်တချို့ကို ဖိတ်ခေါ်သွားဖို့လည်းရှိတယ်"ဟုပြောသည်။

ထို့အပြင် နှစ်စဉ် မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် ကျင်းပလျက်ရှိသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲများတွင်လည်း ခြံထွက်ထောပတ်သီးများကို ပါဝင်ပြသသွားရန်ရှိကာ စိုက်ပျိုးချင်သည့်တောင်သူများက အကူအညီတောင်းလာလျှင်လည်း စိုက်ပျိုးပုံနည်းစနစ်များကို အခမဲ့ ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။



လက်ရှိအချိန်တွင် တောင်ကြီးခရိုင်အတွင်း၌ ထောပတ်သီးစိုက်ဧက ၄၀၀ မှ ၁၀၀၀ ကြား ရှိနေကြောင်း၊ ကျောက်တန်းကျေးရွာသည် ထောပတ်ပင်များ စိုက်ပျိုးရာတွင် ခြံများဖြင့်စိုက်ပျိုးရုံသာမကဘဲ နေအိမ် ခြံစည်းရိုးများတွင်ပါ စိုက်ပျိုးထားလေ့ရှိကြောင်း၊ လက်ရှိအချိန်တွင် ကျောက်တန်းရွာထွက် ထောပတ်သီးများမှာ ယခင်နှစ်များထက် ဈေးကွက်ပိုဝင်လာလျက်ရှိပြီး ပြည်တွင်းပြည်ပ ဈေးကွက်များသို့ပို့ရန် ဝယ်လက်များက လာရောက်ချိတ်ဆက်မှုများရှိနေကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့်လည်း အသီးတစ်ဖာလျှင် ငွေကျပ်ရှစ်ထောင်ကျော်အထိ ဈေးကောင်းရနေကြောင်း၊ ကျောက်တန်းရွာဒေသထွက် ထောပတ်သီးများကို ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ နေပြည်တော်၊ မကွေး၊ ပဲခူးတိုင်းဒေသကြီး ဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**သတင်း - ဇာသူလင်း** (AMIA)

**ဓာတ်ပုံ-လင်းလင်း**(AMIA)

# ပဲပုပ်ထွက်နှုန်းကျသော်လည်း ဈေးကောင်းရ၍ တောင်သူများအဆင်ပြေလျက်ရှိ

**မိုးညှင်း မေ ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အတွင်းရှိ ပဲပုပ်စိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင် လစဉ်ပုံမှန် မိုးမရရှိခြင်း၊ ကြွက်များကိုက်ဖြတ်စားသောက်ခြင်းတို့ကြောင့် ပဲပုပ်ထွက်နှုန်းကျဆင်းခဲ့သော်လည်း ပဲပုပ်ကုန်သည်ကြီးများ၏ အပြိုင်အဆိုင်ဝယ်ယူမှုကြောင့် ပဲဈေးကောင်းရနေသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပဲပုပ်ထွက်နှုန်းကျဆင်းခြင်းနှင့်ပတ်သက်၍ အင်ကြင်းကုန်းကျေးရွာမှ ပဲပုပ်လေးဧက စိုက်ပျိုးထားသည့် တောင်သူဦးတင်စိန်က "အရင်နှစ်တွေတုန်းက အပွင့်ပွင့်တဲ့အချိန်လောက်ဆို မိုးရွာတော့ အကိုင်းအခက်များပြီး အသီးပိုမိုထွက်ရှိတယ်။ အခုနှစ်က မိုးမရွာတော့ ပဲပုပ်အထွက်နည်းတယ်။ နောက်ပြီး ကြွက်က ခါတိုင်းနှစ်ထက်ပိုပေါတယ်။ ဒါကြောင့် ထွက်တဲ့နှုန်းက ပိုနည်းသွားတယ်။ အရင်နှစ်တွေတုန်းက တစ်ဧကကို တင်းနှစ်ဆယ်လောက် ထွက်တယ်။ ဒီနှစ်တော့ လေးဧကလုံးမှ တင်း ၆၀ ပဲရတယ်" ဟု ပြောသည်။

မိုးညှင်းမြို့နယ်အတွင်းရှိ ပဲပုပ်စိုက်တောင်သူအများစုသည် ရေဆင်း-၄ ခေါ် ပဲပုပ်မျိုးနှင့် သိပ္ပံပဲခေါ် ပဲပုပ်မျိုးတို့ကို စိုက်ပျိုးမှုများပြားပြီး ရေဆင်း-၄ မှာ စိုက်ပျိုးရသည့် အချိန်တိုတောင်းပြီး ဈေးကောင်းရရှိသဖြင့် တောင်သူများ ပိုမိုအလေးထား စိုက်ပျိုးကြသည်။ ပဲပုပ်ဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ်က တစ်တင်းလျှင် ကျပ် ၁၄၀၀၀ ဝန်းကျင်သာရှိသော်လည်း ယခုနှစ်တွင် အထွက်စောသည့်ပဲပုပ်များမှာ တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ခန့် ဈေးရနေကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သီဟိုဠ်စေ့ တန် ၁၇၀ ခန့်ကို မူဆယ်မှတစ်ဆင့် တရုတ်သို့ တင်ပို့ရောင်းချမည်

**ပုသိမ် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီးထွက် သီဟိုဠ်စေ့ တန် ၁၇၀ ခန့်ကို မူဆယ်ကနေ တရုတ်ပြည်မဘက်သို့ မကြာခင် တင်ပို့ရောင်းချ သွားမယ်လို့ ပုသိမ်မြို့ရှိ သီဟိုဠ်အဝယ်ဒိုင်ပိုင်ရှင် ဦးကျော်ကျော်က ပြောပါတယ်။

တစ်လအတွင်းပို့နိုင်ဖို့ တရုတ်ကုန်သည်တွေနဲ့ ချိတ်ထားပါတယ်။ အနိမ့်ဆုံးဈေးနဲ့ဆိုရင် တစ်ပိဿာကို ကျပ် ၄၅၀၀ က စရပါတယ်။ ကောင်းရင်တော့ ကျပ် တစ်သောင်းခွဲအထိ ရပါတယ်လို့ ဦးကျော်ကျော်က ပြောပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ သီဟိုဠ်စိုက်ဧက ၆၅၉၃၃ ခန့် ရှိနေပြီးတော့ မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်၊ လပွတ္တာ၊ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်နဲ့ ငပုတောမြို့နယ်တွေအတွင်းက ပင်လယ်ကမ်းခြေဒေသကျေးရွာတွေအပြင် ချောင်းသာ၊ ငွေဆောင် ဒေသတွေမှာပါ သီဟိုဠ်ကို စိုက်ပျိုးကြပါတယ်။

လက်ရှိ ပုသိမ်မြို့ပေါ်မှာ သီဟိုဠ်စေ့ကုန်ကြမ်းဝယ်ယူတဲ့ဒိုင် ခြောက်ဒိုင်၊ ခုနစ်ဒိုင်ခန့် ရှိနေပြီးတော့ သီဟိုဠ်စေ့ကုန်ကြမ်းတွေကို ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့နေပါတယ်။ ရန်ကုန် သီဟိုဠ်ခွဲစက်တွေမှာ ကုန်ချောအနေနဲ့ ထုတ်လုပ်၊ ထုပ်ပိုးပြီးတော့ ပြည်ပနိုင်ငံအချို့ကိုလည်း တင်ပို့ရောင်းချနေတယ်လို့ အဝယ်ဒိုင်တွေကနေတစ်ဆင့် သိရပါတယ်။



ဧရာဝတီတိုင်းဒေသကြီးရဲ့ ဒေသထွက်ကုန် ပြည်ပပို့ကုန်ဖြစ်တဲ့ သီဟိုဠ်စေ့ဟာ ရာသီသီးနှံအဖြစ်နဲ့ ဧပြီလမှာ ဈေးကွက်ထဲကို စတင်ဝင်ရောက်ပြီးတော့ မတ်လနဲ့ မေလပိုင်းဆိုရင် လှိုင်လှိုင်ပေါချိန် ဖြစ်ပါတယ်။ သီဟိုဠ်စေ့ဟာ မိုးမရွာခင်အချိန်အထိ ဈေးကွက်မှာအရောင်းအဝယ်ဖြစ်ပြီးတော့ ဇွန်လ မိုးဖြိုင်ဖြိုင်ရွာသွန်းချိန်မှာ မိုးမိရင် အသီးမှာရေဝင်လို့ မည်းသွားပြီးတော့ ဈေးကွက်မှာ အရောင်းအဝယ်မဖြစ်တော့ဘဲ သီဟိုဠ်ဈေးကွက်အေးသွားလေ့ရှိတယ်လို့ ဈေးကွက်အတွင်းက သိရပါတယ်။

လက်ရှိအချိန်မှာတော့ သီဟိုဠ်ကုန်ချောထုတ်လုပ်တဲ့ ခွဲစက်တွေဟာ ရန်ကုန်သာမက ဧရာဝတီတိုင်းဒေသကြီးက ပုသိမ်မြို့ပေါ်နဲ့ သာပေါင်းမြို့နယ်တွေမှာပါ ရှိနေပြီဖြစ်ပါတယ်။ ခွဲစက်တွေအနေနဲ့ ကုန်ကြမ်းတွေ ဝယ်ယူကာ နှစ်ပတ်လည် သိုလှောင်ထားပြီးတော့ ကုန်ချောထုတ်လုပ်ပြီး မူဆယ်ကနေတစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့ရောင်းချတယ်လို့ သိရပါတယ်။

**သတင်း - ဇာသူလင်း** (AMIA)

**ဓာတ်ပုံ-လင်းလင်း**(AMIA)

# သီးပင်စားပင်များကို ထင်းအဖြစ်ခုတ်ရောင်းနေ၍ သီးနှံများရှားပါးပြီး ဈေးမြင့်လာ

**ပြင်ဦးလွင် မေ ၂၁**

ပြင်ဦးလွင်-နောင်ချိုဒေသ၏ ဒေသတွင်း စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ထုံးဖုတ်ထုတ်လုပ်သည့်လုပ်ငန်း၌ ထင်းအမြောက်အမြား သုံးစွဲလျက်ရှိရာ လိုအပ်သောထင်းအတွက် ဒေသခံများ၏ နေအိမ်ခြံဝင်းအတွင်းမှ သီးပင်စားပင်များကို ဈေးကောင်း ပေးဝယ်ယူနေသလို ဒေသခံများကလည်း ခုတ်ရောင်းလျက်ရှိနေသဖြင့် ရာသီပေါ် သီးနှံများထွက်ချိန်တွင် အသီးများရှားပါးလာကာ သီးနှံဈေးနှုန်းများမြင့်လျက်ရှိကြောင်း သိရသည်။

"ရွာမှာ အရင်က ပိန္နဲပင်တွေ၊ တည်းပင်တွေ အများကြီးရှိခဲ့တယ်။ အပင်တွေက အိမ်တိုင်းမှာရှိကြတော့ အသီးတွေကလည်း ပေါတယ်။ သီးနှံရောင်းရင်လည်း ဈေးကဘာမှရကြတာမဟုတ်ဘူး။ နောက်ပိုင်းကျတော့ ထုံးထင်းတွေ ရှားလာတာနဲ့ ထုံးဖုတ်တဲ့သူတွေက ရွာထဲမှာရှိတဲ့ အပင်ကြီးတွေကို ဈေးကောင်းပေးပြီး ဝယ်လာကြတယ်။ ရွာကလူတွေလည်း အသီးကို ရောင်းစားလို့မရတဲ့အတူတူ အပင်ကိုပဲ ရောင်းကြတာ။ အဲဒီထဲမှာ ပိန္နဲပင်တွေ အများဆုံးပဲ။ ပိန္နဲပင်တွေက အပင်လည်းကြီး၊ ထင်းလည်းပိုရတော့ ဈေးပိုများတယ်။ ဒီလိုနဲ့ ပိန္နဲပင်တွေ ရှားသွားခဲ့တာပါ"ဟု နောင်ချိုမြို့နယ် ကျောက်ကြမ်းရွာမှ ပိန္နဲသီးရောင်းချနေသူတစ်ဦးက ပြောသည်။

ပြင်ဦးလွင်-နောင်ချိုဒေသသည် ရှမ်းကုန်းမြေမြင့်ပေါ်တွင် တည်ရှိပြီး ရာသီဥတု၊ ရေမြေသဘာဝနှင့် ကိုက်ညီသော မက်မန်း၊ ထောပတ်၊ သကြား၊ တည်း၊ ပိန္နဲစသည့် ရာသီပေါ်သီးနှံပင်များသည်လည်း ဒေသတွင်း၌ သဘာဝအလျောက် အများအပြား ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# ကိုယ့်အားကိုယ်ကိုး ရေထိန်းတံခါး လယ်သမားကြီးတစ်ဦးက စံပြအဖြစ်တည်ဆောက်

**ဝေါ မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကဒွတ်ကျေးရွာ၌ စပါးစိုက်လယ်သမားကြီးတစ်ဦးက ကိုယ့်အားကိုယ်ကိုး ရေထိန်းတံခါးတစ်ခုကို စံပြအဖြစ် တည်ဆောက်ခဲ့ကြောင်း သိရသည်။

စပါးစိုက်တောင်သူကြီးတစ်ဦးဖြစ်သည့် ဦးကျော်ဇောက အဆိုပါ ရေထိန်းတံခါးကို ငွေကျပ် သိန်း ၂၀ အကုန်ကျခံကာ ရေထွက်ပေါက်အကျယ် ၄ ပေခွဲ၊ အမြင့် ၄ ပေခွဲ၊ ရေတံခါးအမြင့် ပေ ၂၀၊ အလျားပေ ၂၀၊ ထု ၉ လက်မအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကဒွတ်ကျေးရွာရှိ လယ်မြေများသည် မြေနိမ့်ပိုင်း ရေလွှမ်းသောလယ်မြေများဖြစ်၍ ရေထိန်းတံခါးကို တည်ဆောက်လိုက်ခြင်းအားဖြင့် မိမိလယ်အတွက် ရေထိန်းညှိပေးနိုင်မည်ဖြစ်ပြီး ပြောင်းလဲလာသည့် သဘာဝရာသီဥတုဖြစ်စဉ်အပေါ် လိုက်လျောညီထွေ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မိမိလယ်ယာစိုက်ပျိုးရေး အထွက်တိုး ကောင်းမွန်ရေးအတွက် မိမိကိုယ်တိုင်ပြုပြင်ဖို့ စံပြအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တောင်သူဦးကျော်ဇောက ပြောကြားသည်။

**ကိုလွင်(ဆွာ)**



# ကျား / မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ပညာပေးဆွေးနွေးပွဲ ကျင်းပ

**ဒီမော့ဆို မေ ၂၁**

ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် IRC တို့ ပူးပေါင်း၍ ကျား / မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မေ ၁၉ ရက်က လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့ရှိ နှစ်ခြင်းအသင်းတော်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်က ပြည်နယ်အတွင်း အမျိုးသမီးနှင့် ကလေးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်ပြီး ပြည်သူလူထု၊ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ အတူတကွ လက်တွဲလုပ်ဆောင်နိုင်ရန်အတွက် အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှု အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှတစ်ဆင့် ရှေ့ဆက်၍လည်း အကြမ်းဖက်မှုပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးက လူမှုဝန်ထမ်းလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက Gender-Sex အကြောင်းနှင့် GBV အကြမ်းဖက်မှုဆိုင်ရာကိစ္စများ၊ GBV အကြမ်းဖက်မှုဆိုင်ရာ အမျိုးသမီးနှင့် ကလေးအမှုများတွင် ဖြစ်ရပ်စီမံခန့်ခွဲမှု၊ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန် / ဆက်)**

# ကျေးလက်နေပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**မိုင်းယု မေ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့နယ် ဝမ်တာကြန့်ကျေးရွာအုပ်စု ခါဆမ်မိန်းကျေးရွာမှ ဒေသခံ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်အောင်ဝင်းထွဋ်နှင့် ဒေါက်တာဒေါ်စုစုလှိုင်တို့ ဦးဆောင်သောအဖွဲ့ဝင်များက မေ ၁၉ ရက်က အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ခါဆမ်မိန်းကျေးရွာမှ ဒေသခံပြည်သူ စုစုပေါင်း ၃၈ ဦးအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။



ကျေးလက်နေပြည်သူများအနေဖြင့် မိသားစုအခြေနေများကြောင့် သော်လည်းကောင်း၊ ပြည်သူ့ဆေးရုံနှင့် ဝေးလံ၍သော်လည်းကောင်း ကျန်းမာရေးဆိုင်ရာ ရောဂါလက္ခဏာများ ဖြစ်ပေါ်နေသည့်တိုင် ဆေးရုံဆေးခန်းများတွင် လာရောက် မကုသနိုင်ခြင်းကြောင့် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျေးရွာများ အရောက် သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန် / ဆက်)**

## မှုခင်းသတင်းတိုများ

### မတော်တဆမှုဖြစ်သည့်ယာဉ်ပေါ်မှ တရားမဝင်ကျွန်းသစ်များ ဖမ်းမိ

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း ရန်ကုန်-နေပြည်တော်အမြန်လမ်းပေါ် မိုင်တိုင်အမှတ် (၉၁/၃)နှင့် (၉၁/၄)အကြား၌ မေ ၁၈ ရက်က မတော်တဆမှုဖြစ်သည့်ယာဉ်ပေါ်မှ တရားမဝင်သယ်လာသော ကျွန်းသစ်ခွဲသားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း (အမည်နေရပ်စုံစမ်းဆဲ) မောင်းနှင်လာသော Starex ယာဉ်အမှတ် 6L/---- သည် အဆိုပါနေရာတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးကို ဝင်တိုက်ခဲ့၍ မြို့ချောင်းအမြန်လမ်းရဲစခန်းမှူး ဒုရဲမှူးထွန်းထွန်းဦးနှင့် တပ်ဖွဲ့ဝင်များက လာရောက် စစ်ဆေးရာ ယာဉ်ပေါ်၌ တရားမဝင်ကျွန်းသစ်ခွဲသား အတို ၆၅၉ ချောင်း (အလေး ချိန် ၀ ဒသမ ၉၇ တန်)ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ ယာဉ်မောင်းသူအား မြို့ချောင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်ထားကာ ဖော်ထုတ်အရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

### ယာဉ်တိမ်းမှောက်၍ နှစ်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း၌ မေ ၁၉ ရက်က ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွား၍ နှစ်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိကြောင်း သိရသည်။ ဝန်းသိုမြို့မှ ထွက်ခွာလာသော အောင်ရတနာအဝေးပြေးမော်တော်ယာဉ်သည် ပင့်သာနှင့်ချပ်ကြီးကျေးရွာကြား လမ်းပေါ်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကာ ယာဉ်မှောက်မှုကြောင့် အမျိုးသမီးတစ်ဦး နေရာတွင်သေဆုံးပြီး ဒဏ်ရာရှိသူ ၁၆ ဦးကို ကျွန်းလှမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားစဉ် အမျိုးသမီးတစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

### အမြန်လမ်းပေါ်တွင် ခရီးသည်တင်ယာဉ်နှစ်စီးတိုက်မှုဖြစ်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် ဒိုက်ဦးမြို့နယ်အတွင်း၌ ခရီးသည်တင်ယာဉ်နှစ်စီးတိုက်မှု မေ ၁၉ ရက်က ဖြစ်ပွားခဲ့သည်။ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အောင်သူ မောင်းနှင်လာသော ရွှေနတ်သားခရီးသည် တင်ယာဉ်က ယာဉ်မောင်းအိပ်ငိုက်၍ ရှေ့မှ ယာဉ်မောင်း ဦးလှဝင်းအောင် မောင်းနှင်နေသော စိန်ကမ္ဘာ၊ ငွေကမ္ဘာ ခရီးသည်တင်ယာဉ်ကို နောက်မှ ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ခရီးသည် ခြောက်ဦးမှာ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ပြီး ရွှေနတ်သား ခရီးသည်တင်ယာဉ်မောင်းမှာ နေရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့၍ ၎င်းအား အမှုဖွင့်ထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

Myanmar Citizens Bank Ltd.

မြန်မာ့နိုင်ငံသားများဘဏ်လီမိတက်
M.C.B

JOB OPPORTUNITIES

MCB is on a transformation journey and has opportunities for individuals seeking a challenging career with growth and learning opportunities.

- Head of Legal/Compliance (Open to Expatriates, Locals)
- Company Secretary (Preferably Locals)
- Head of Consumer/Retail Banking (Preferably Locals)
- Head of Credit Operations/Administration (Open to Expatriates, Locals)
- Head of Corporate/Commercial (Business) Banking (Preferably Locals)
- Head of Marketing and Branding (Preferably Locals)
- Business/ Product Development and Financial Analyst (Open to Expatriates, Locals)
- Internal Audit Head (Preferably Locals)
- Head Service Quality/Process Reengineering and Transformation (Preferably Locals)
- Interpreters/ Translators (Locals)
- IT-Network Administration (Locals)
- IT-System Administration (Locals)
- IT-Database Administration (Locals)
- IT-Delivery Channel (Locals)
- IT-Application Development (Locals)
- IT-Security (Locals)

Candidates who are self motivated and driven for success are encouraged to apply.
Compensation will commensurate with skills and experience.
Please send your detailed resume to julymoe@mcb.com.mm
by Wednesday, 31 May 2017

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဟ/၃၈၉၅ DONGBEN သုံးဘီးဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ Good Brother Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ခ/၄၆၇၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဖယ/၈၃၆၂၆ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နီနီလတ် ၇/ရတန(နိုင်)၀၇၁၉၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်)**

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၉၆ နှင့်ဆက်နွှယ်သည့်**
**၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၈၆**

ဦးစိုးလွင် **နှင့်** ဒေါ်မိုးမိုးဝါ
**တရားနိုင်** **တရားရှုံး**

အမှတ် ၅၈၊ ပထမထပ် (ဝဲခန်း)၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်မိုးမိုးဝါ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် - ၅၉၆ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစိုးလွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇွန် ၇ ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် မေ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်နိုင်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် 9G/2608 Suzuki Corry ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင်ဦး ၁၃/ကလန(နိုင်)၀၂၁၄၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ (အောင်ပန်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၅/ပင်လုံရပ်၊ ဦးပိုင်အမှတ် ၇၈၊ မြေကွက်အမှတ် (၁၁/၁၈၆)၊ ဧရိယာ ၀ဒသမ၁၈၁ ဧက၊ ဦးမြင့်သိန်း(ခ)ချိန်တချင့် အမည်ပေါက်မြေငှားဂရန်မှာပျောက်ဆုံးသွားပါသဖြင့် ဒေါ်နန်းမြင့် အမည်ဖြင့် ပျောက်ဆုံးမြေငှားဂရန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်နန်းမြင့် ၁၃/တကန(နိုင်)၁၂၅၁၂၁**

**အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ယက္ကန်းကျောင်းလမ်း၊ အမှတ်(၃၃၃)နေ မိခင် ဒေါ်နန်းဆိုင်ဟိန်းနှင့် ဒေါ်နန်းမြအိမ် (သမီး)တို့မှ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးမြို့ ထံသို့ လွှဲအပ်ထားသော ၇-၃-၂၀၁၄ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၀/၂၀၁၄) အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

**ဒေါ်နန်းဆိုင်ဟိန်း၊**
**ဒေါ်နန်းမြအိမ်**

# 1 ကျပ် ရင်းလျှင် 3 ကျပ် ရနိုင်မည့်အခွင့်အရေး

LaVilla
NGWE SAUNG
PHASE-II

## WEEKEND HOME @ ငွေဆောင်

ငွေပိုသူများ ရင်းနှီးမြှုပ်နှံရန်

လုပ်ငန်းရှင်များ အနားယူရန်

ချစ်သူများ အပန်းဖြေရန်

SEA VIEW လုံးချင်းအိမ်ယာမြေ

( ၃၀၀ ) သိန်းခန့် ပေးရုံဖြင့်

APRIL - 2018 နေထိုင်ခွင့်ရမည်။

27,28- May- 2017
9:00 am to 9:00pm
Meliá Yangon Hotel
iGREEN မှရောင်းမည်။



## ရေကြောင်းရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၇ ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၆-၆-၂၀၁၇ ရက်

၄။ **ကုမ္ပဏီ၏အချက်အလက်တင်ပြရန် နောက်ဆုံးရက်** - ၂၇-၆-၂၀၁၇ ရက်

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈-၆-၂၀၁၇ရက် ၁၀း၀၀နာရီ

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး (နေပြည်တော်)၊ ရုံးအမှတ် (၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၅၇၄၊ ၀၉-၅၃၆၀၂၇၇ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ရေကြောင်းရဲတပ်ဖွဲ့**

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများအား DDPဂိုဒေါင်အရောက် မြန်မာကျပ်ငွေများဖြင့် ဝယ်ယူလိုပါသည်-

(A) **ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ရေအားစက်ရုံများဌာန**
Tender No-13/EPGE/17-18 (Spare Parts များ ဝယ်ယူခြင်း။)

၂။ Tender No-13 ၏ တင်ဒါပိတ်ရက်မှာ ၂၀-၆-၂၀၁၇ ဖြစ်ပြီး၊ တင်ဒါပိတ်ချိန်မှာ ၁၅း၀၀ နာရီ ဖြစ်ပါသည်။

၃။ Tender (၁)စောင်လျှင် ကျပ် ၁၀၀၀၀/-တိတိ ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ ကြော်ငြာသင်ပုန်းများတွင် တင်ဒါပုံစံများကြော်ငြာထားပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၈၁၀၄၂၇၉**

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ
(က) Turbine Rotor အသစ်အား သာကေတ ဓာတ်အားပေးစက်ရုံမှ ကျွန်းချောင်းဓာတ်အားပေးစက်ရုံသို့ သယ်ယူခြင်း
(ခ) Turbine Rotor အဟောင်းအား ကျွန်းချောင်းဓာတ်အားပေးစက်ရုံမှ သာကေတ ဓာတ်အားပေးစက်ရုံသို့ သယ်ယူခြင်းတို့အား ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၅-၆-၂၀၁၇ ရက်ဖြစ်ပြီး တင်ဒါပိတ်ချိန်မှာ ၁၂း၀၀ နာရီ ဖြစ်ပါသည်။

**ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ခွေးရူးပြန်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းအတွက်(Anti Rabies Vaccine)ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၆-၂၀၁၇ရက် မွန်းလွဲ ၂နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၃၁၁၈၀၊ ၀၆၇-၄၃၁၁၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်ရန် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်။
(၁) ပြည်နယ်ရုံးသစ် (၆၃'× ၂၄'× ၁၂') RC (၂)ထပ်ဆောက်လုပ်ခြင်း (ဟားခါးမြို့) (၁)ခု
(၂) မိုးလုံလေလုံအားကစားရုံသစ် (၁၂၀'× ၆၀'× ၁၆') တည်ဆောက်ခြင်း (မတူပီ-ရေဇွာမြို့) (၁)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၆-၂၀၁၇ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၂၀-၇-၂၀၁၇ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့် လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၇၀-၂၁၀၇၈၊ ၀၉-၂၄၅၁၀၄၈၊ ၀၉-၄၃၀၁၀၁၂၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ချင်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) ခရိုင်/မြို့နယ်စုပေါင်းရုံး (၂)ခု
(ခ) OSS ရုံး + ရုံးအစည်းအဝေးခန်းမ + ရုံးတိုးချဲ့ခြင်း(၃)ခု
(ဂ) ဝန်ထမ်းနေအိမ် (၃၆)ခု
(ဃ) (၂)ထပ်ရုံးအဆောက်အအုံ (၆)ခု
(င) ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး (၅၀)ရုံး
(စ) အခြားလုပ်ငန်းများ (၁၁)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၅-၂၀၁၇ ရက်နေ့မှ ၂၁-၆-၂၀၁၇ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်းနောက်ဆုံးထား၍ တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၂၁၂၁၂၉၈/၀၈၁-၂၁၂၁၀၁၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး
## ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရက်စွဲ ၂၀၁၇ ခုနှစ် မေ ၂ ရက်

၁။ တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ထားဝယ်မြို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အောက်ပါအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-
(က) တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး
(ခ) ညွှန်ကြားရေးမှူးနေအိမ်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၇ ရက် ၁၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၅-၆-၂၀၁၇ ရက် ၄ နာရီတိတိ
(ခ) **တင်ဒါစတင်တင်သွင်းရမည့်ရက်** - ၁၂-၆-၂၀၁၇ ရက် ၁၀ နာရီ
**တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၆-၆-၂၀၁၇ ရက် ၄ နာရီတိတိ
(ဂ) **တင်ဒါဖွင့်ဖောက်ကြေညာမည့်ရက်** - ၁၉-၆-၂၀၁၇ရက် မွန်းလွဲ ၂နာရီ
(ဃ) **ဆောင်ရွက်မည့်နေရာ** - တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ထားဝယ်မြို့

၃။ အသေးစိတ်သိလိုပါက တိုင်းဒေသကြီးဥပဒေချုပ်ရုံး ဖုန်း- ၀၅၉-၂၃၆၆၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ လူကိုယ်တိုင်လာရောက်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**တိုင်းဒေသကြီးဥပဒေချုပ်ရုံး**
**ထားဝယ်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေပြီး ကြာရှည်စွာ မပျောက်မပျက်တည်မြဲနေနိုင်သည့် အော်ဂဲနစ်ဓာတုဒြပ်ပစ္စည်းများဆိုင်ရာ စတော့ဟုမ်းကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်မှု ဦးစွာအဆင်ပြေလွယ်ကူစေမည့် နည်းပညာထောက်ပံ့မှုစီမံကိန်းတွင် အမျိုးသားအဆင့်စီမံကိန်းညှိနှိုင်းရေးမှူးတစ်ဦး ခေါ်ယူခန့်ထားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

၂။ အဆိုပါစီမံကိန်းကာလမှာ (၂)နှစ်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများကို စီမံအုပ်ချုပ်ဆောင်ရွက်နိုင်ရန်အတွက်ပူးတွဲပါအရည်အချင်းနှင့်ပြည့်မီသူ အမျိုးသားအဆင့်စီမံကိန်းညှိနှိုင်းရေးမှူးတစ်ဦး လစ်လပ်လျက်ရှိပါသည်။ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အသေးစိတ်အချက်အလက်များနှင့်အတူ ၂၀၁၇ ခုနှစ် ဇွန် ၂ ရက် နောက်ဆုံးထား၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် ၅၃၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

(က) **သတ်မှတ်အရည်အချင်း (Project Coordinator)**
(၁) ဓာတုအင်ဂျင်နီယာ၊ ကုန်ထုတ်ဓာတုဗေဒ၊ ဓာတုဗေဒ၊ ပတ်ဝန်းကျင်နှင့်ဆိုင်သော ဘာသာရပ်တစ်ခုခုတွင် မဟာသိပ္ပံဘွဲ့ရရှိသူ ဖြစ်ရမည်။
(၂) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပါက ပိုမိုကောင်းမွန်သည်။
(၃) စည်းမျဉ်းစည်းကမ်းဗဟုသုတ၊ အဖွဲ့အစည်းဆိုင်ရာ စီမံဆောင်ရွက်နိုင်မှု (သို့မဟုတ်) မြန်မာနိုင်ငံရှိ အခြားသော ဥပဒေဆိုင်ရာကိစ္စရပ်များ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်ဖြစ်ပါက ပို၍ကောင်းသည်)နှင့်ဆိုင်သော ဗဟုသုတများရှိရမည်။
(၄) မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများနှင့်ဆက်စပ်သော ဗဟုသုတရှိသူဖြစ်ရမည်။
(၅) အလားတူ အမျိုးသားအဆင့်စီမံကိန်းညှိနှိုင်းရေးမှူး ရာထူးတွင် အတွေ့အကြုံရှိသူ ဖြစ်ရမည်။
(၆) စာရွက်စာတမ်းများ ပြုစုရာတွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားပြောဆိုနိုင်ရမည်။
(၇) ကွန်ပျူတာ (Microsoft) ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။
(၈) ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
(၉) မြန်မာ-ကမ္ဘာ့ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့(United Nation Industrial Development Organization - UNIDO) အဖွဲ့အစည်းနှစ်ခုလုံးနှင့် Team Work လုပ်ကိုင်နိုင်စွမ်းရည်ရှိရမည်။
(၁၀) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
(၁၁) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(၁၂) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူဖြစ်ရမည်။

(ခ) **တာဝန်ထမ်းဆောင်ရမည့်နေရာ** - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် ၅၃၊ နေပြည်တော်
(ဂ) **တာဝန်ထမ်းဆောင်ရမည့်ကာလ** - ၁ နှစ်
(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(င) အမျိုးသားအဆင့် စီမံကိန်းညှိနှိုင်းရေးမှူး၏ တာဝန်ဝတ္တရားများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၃၁၃၂၁ တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ** - ဦးမင်းမော်
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် ၅၃၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၃၂၀၊ ဖက်စ်-၀၆၇-၄၃၁၃၂၁
E-mail-mingmaoforester@gmail.com

- ဦးဇော်ထွန်းအောင်
လက်ထောက်ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် ၅၃၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၃၂၁၊ ဖက်စ်-၀၆၇-၄၃၁၃၂၁
E-mail-zawtunaung1122@gmail.com

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများနှင့်လုပ်ငန်းများအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူ၊ လုပ်ငန်းအပ်နှံလိုပါသည်-
(က) ထရန်စဖော်မာများဝယ်ယူရန်
(ခ) ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများအား Lot အလိုက်ဝယ်ယူရန်
(ဂ) ဓာတ်အားလိုင်းပစ္စည်းများအား Lot အလိုက်ဝယ်ယူရန်
(ဃ) JICA ODA Loan ပိုငွေမှ Additional Work အဖြစ် ရှမ်းပြည်နယ်၊ (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)တို့တွင် ဆောင်ရွက်မည့်လုပ်ငန်းများအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း၊

**တင်ဒါစတင်ရောင်းမည့်ရက်** - ၂၄-၅-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၆-၆-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ် စစ်တွေခရိုင် လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော တည်ဆောက်ရေးပစ္စည်းများနှင့် လမ်းခင်းပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၆-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၆-၂၀၁၇ ရက် မွန်းတည့် (၁၂း၀၀) နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၆-၂၀၁၇ ရက် တနင်္ဂနွေနေ့ မွန်းလွဲ (၁၃း၀၀) နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး သတ္တဌာနလမ်း၊ စစ်တွေမြို့

တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို စစ်တွေခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး (၀၄၃-၂၁၀၆၅)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၃-၂၁၀၆၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ်-** IT (C/RB) / PROCUREMENT / REINFORCED STEEL BAR / 2017-2018

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော သံချောင်းလုံး (Reinforced Steel Bar)အရွယ်စုံ မက်ထရစ်တန် (၅၀၀၀)ကို ရန်ကုန်မြို့ရှိ တံတားလေးသိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၅-၂၀၁၇ရက် (ရုံးချိန်အတွင်း)

၃။ **သံချောင်းလုံး နမူနာနောက်ဆုံးပေးပို့ရမည့်ရက်** - ၃၁-၅-၂၀၁၇ ရက် (၁၆း၀၀)နာရီ

၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၅-၂၀၁၇ ရက် (၁၆း၀၀)နာရီ

၅။ **တင်ဒါဖွင့်မည့်ရက်** - ၁၃-၆-၂၀၁၇ ရက် (တင်ဒါဖွင့်လှစ်မည့် အချိန်အား အကြောင်းကြားပါမည်။)

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၉-၈၆၃၄၅၃၄**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားသုံးငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | Currency | တင်ဒါပိတ်မည့် နေ့ရက်/အချိန် |
|---|---|---|---|
| 1. | LED Solar Lantern | နိုင်ငံခြားသုံးငွေ (US$) | ၂၂-၆-၂၀၁၇ ၁၃း၀၀ နာရီ |
| 2. | Spare Parts for Buoy Vessel Hsaddan | ကျပ်ငွေ (Kyats) | ၆-၆-၂၀၁၇ ၁၃း၀၀ နာရီ |
| 3. | Spare Parts for Buoy Vessel Sinpyaung | | |
| 4. | Spare Parts for Dredger Vessel " Ramanya and Areindamar " | | |
| 5. | Spare Parts for River Tug " Natthar-2" | | |
| 6. | ဒီဇယ်ဆီ(H.S.D)၊ ပရီမီယံဒီဇယ်ဆီ(P.H.S.D) နှင့် ဓာတ်ဆီ (Octane-92) | | |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်းသစ်(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ Toll Gate အနီး)ဆိပ်ကမ်းမြို့နယ်တွင် ၂၃-၅-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက တယ်လီဖုန်းအမှတ် ၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## အမည်ပြောင်း

ဦးဇော်မင်းသန့် ၅/မမတ(နိုင်)၀၀၀၂၂၆၏သား နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ OIAC (ကိုယ်ပိုင်အထက်တန်းကျောင်း)၊ Grade - 7 (A) မှ မောင်ဘုန်းမြင့်မြတ်အား မောင်ဘုန်းမြတ်မင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဘုန်းမြတ်မင်းသန့်**

## အမည်မှန်

မန္တလေး (ရတနာပုံတက္ကသိုလ်) ဥပဒေနောက်ဆုံးနှစ် တက်ရောက်ပညာသင်ကြားနေသော မစုရတနာကြီး၏ အမည်မှန်မှာ မဆုရတနာကြီး ၉/ပမန(နိုင်)၂၁၆၄၉၀ ဖြစ်ပါကြောင်း။

**မဆုရတနာကြီး**

## အမည်ပြောင်း

ဦးမြင့်နိုင်ထွန်း (လ/ထ အင်ဂျင်နီယာ လျှပ်စစ်) ၉/စကတ(နိုင်)၀၆၄၈၈၆၏သား အထက(၈) နေပြည်တော် ဒုတိယတန်းမှ မောင်ကျော်စိုးပြေအား မောင်ကျော်ဇေယျဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကျော်ဇေယျ**

## အမည်ပြောင်းနှင့်အမည်မှန်

ဦးကျော်ဇင်ဦး-ဒေါ်သန်းသန်းခိုင်တို့၏သား မြိတ်မြို့ အထက(ခွဲ)တောရကျောင်း ပထမတန်းမှ မောင်တာရာလင်းအား မောင်ရဲမာန်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် KGတန်းမှ မမေဆုးကျော်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မမိုးဟေမာန်ဦး ဖြစ်ပါကြောင်း။

**မောင်ရဲမာန်ဦး၊ မမိုးဟေမာန်ဦး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်ရှိ မြေကွက်အမှတ် (ပ-၃၂၆)၊ ဧရိယာ ၀ဒသမ၀၈၂၈ဧက ဦးနိုင်မင်းထွန်း ၉/ပမန(နိုင်)၁၆၇၅၃၄ (ဘ)ဦးသန်းလှိုင် အမည်ပေါက် ပါမစ်မြေကွက်ကို ဦးအောင်ကိုမင်း ၉/ပမန(နိုင်)၂၄၉၉၃၆ (ဘ) ဦးလှထွန်းမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်းတရားရုံး ကျမ်းကျိန်ဆိုချက်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မှုရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မှုရင်း၊ ရဲစခန်းထောက်ခံချက်မှုရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မှုရင်းတင်ပြပြီး ၄င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (မ-၄၁၇၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးနိုင်နိုင် အမည်ပေါက် အငှားဂရန် မြေကွက်အား ဦးနိုင်နိုင် ၉/ပမန(နိုင်)၁၇၅၉၂၅ (ဘ) ဦးကျော်အေးမှ ဦးနိုင်နိုင် အမည်ပေါက် မြေငှားစာချုပ်မူရင်း မှတ်ပုံတင်၊ အိမ်ထောင်စုဇယားများတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ် ၇၇၊ ဧရိယာ ၀ ဒသမ ၄၅၂ဧကရှိ ဦးသက်လင်း အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးသက်လင်း ၁၂/အလန(နိုင်)၀၃၃၉၇၃ (ဘ) ဦးရန်အောင်မှ မြေငှားစာချုပ်မူရင်း၊ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားများတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

**ကယားပြည်နယ်အစိုးရအဖွဲ့**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**
**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ကယားပြည်နယ်အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း (၁၅)လမ်း၊ ကွန်ကရစ်တံတား (၁၃)စင်း၊ Box Culvert (၉၈)ခု၊ ပညာရေးလုပ်ငန်း (၁)ခု၊ ရေရရှိရေးလုပ်ငန်း (အုတ်ရေကန်) (၂) ခုနှင့် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း (၅)ခု တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါစတင်ရောင်းချ တင်သွင်းရမည့်ရက်** - ၂၂-၅-၂၀၁၇ ရက် (တနင်္လာနေ့)(ရုံးချိန်အတွင်း)
(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၂၂-၆-၂၀၁၇ ရက် (ကြာသပတေးနေ့) ၁၆း၃၀ နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါရောင်းချ/ တင်သွင်းရမည့်နေရာ** - ကယားပြည်နယ်၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ လွိုင်ကော်မြို့

အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေး၊ သီဟလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃-၂၁၆၄၄၊ ၀၉-၅၆၀၁၁၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ထီးချိုင့်မြို့နယ်၊ အင်ကြင်းကုန်းစခန်းဝင်းအတွင်း ဝန်ထမ်း(၂) ခန်းတွဲနေအိမ် (၄၀×၃၀×၁၂)ပေ RC တစ်ထပ်

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၂-၅-၂၀၁၇ ရက်မှ ၂၃-၆-၂၀၁၇ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၃-၆-၂၀၁၇ ရက် (၁၆း၀၀) နာရီ
(ဂ) **တင်ဒါရွေးချယ်မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့

၃။ တင်ဒါလျှောက်လွှာများကို စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနသို့ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး ဖုန်း-၀၇၁-၂၃၆၃၇၊ ၀၇၁-၂၆၅၂၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး၊ မော်လမြိုင်မြို့တွင် (၆)ခန်းတွဲ (၃)ထပ်(၁၄၄'×၂၄')ဝန်ထမ်းအိမ်ရာ RC တစ်လုံးတည်ဆောက်ရေး လုပ်ငန်းအတွက် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် အောက်ပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၅-၂၀၁၇ရက် ၀၉း၀၀ နာရီမှ ၉-၆-၂၀၁၇ရက် ၁၆း၀၀နာရီထိ
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၆-၂၀၁၇ရက် ၁၆း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၁၅-၆-၂၀၁၇ရက် ၁၀း၀၀နာရီ
(ဃ) **တင်ဒါရောင်းချမည့်နေရာ** - အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊အထက(၃)အနီး မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့

၂။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၅၇-၂၇၀၅၄၊ ၀၅၇-၂၄၄၂၅၊ ၀၅၇-၂၁၂၂၈၊ ၀၉-၉၆၄၇၁၉၅၂၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

**ဂျပန်လူမျိုးသီးသန့်နိုင်ငံခြားသားများအတွက်**
**အဆင့်မြင့် Condo၊ တိုက်ခန်း၊ လုံးချင်းအိမ်များ**
**အမြန်ဆုံးငှားရမ်းလိုပါသည်။**
**ပိုင်ရှင်ကိုယ်တိုင်သာ တိုက်ရိုက်ဆက်သွယ်ပါ။**
**9:00AM~4:30PM ရုံးချိန်အတွင်းသာ ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၀၆၆၀၉၀၁၊ ၀၉-၇၇၅၀၅၄၄၁၆**

## ဘူမိအင်ဂျင်နီယာ နည်းပညာသင်တန်းအပတ်စဉ်(၁၈) သင်တန်းဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ ဘူမိအင်ဂျင်နီယာကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့်ပူးပေါင်း၍ တည်ဆောက်ရေးလုပ်ငန်းခွင်များတွင် လိုအပ်လျက်ရှိသော ဘူမိအင်ဂျင်နီယာနည်းပညာ သင်တန်းအပတ်စဉ် (၁၈)ကို လာမည့် ၂၀၁၇ ခုနှစ် ဇွန် ၉ ရက် (သောကြာနေ့)တွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ (ရုံးချုပ်၊ ရန်ကင်းမြို့နယ်)တွင် ဖွင့်လှစ်သင်ကြားပို့ချမည် ဖြစ်ပါသဖြင့် တက်ရောက်လိုသော သင်တန်းသူ သင်တန်းသားများသည် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းရုံး (အခန်းအမှတ် ၃၀၃၊ တတိယထပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၅၁၃၁၀၊ ၀၉-၄၃၁၁၈၂၁၇၊ ၀၉-၄၂၀၆၀၃၉၄၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းအပ်နှံနိုင်ပါသည်။ B.Sc (Geology), AGTI (or) B.Tech (or) B.E (Civil and Mining) ဘွဲ့ရသူများ တက်ရောက်သင်ကြားနိုင်ပါသည်။

# မြန်မာ့ကျောက်မျက်လက်မှုဒီဇိုင်းပြိုင်ပွဲဝင်ရောက်ရေးဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှကြီးမှူးကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာနေ့ အတွက် ကျောက်ကပ်ပန်းရီ၊ ကျောက်စိမ်း/ကျောက်မျက်ပန်းပုနှင့်လက်ဝတ်ရတနာ ဒီဇိုင်း (**Jewellery Design**) ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့်ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များ ပါဝင်သည့် **Form** ပုံစံအား မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(နေပြည်တော်)၊မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ (ကမ္ဘာအေး)နှင့်ကျောက်မျက်လုပ်ငန်းရှင်များအသင်း(မန္တလေး/မိုးကုတ်/မြစ်ကြီးနား/ဖားကန့်/စစ်ကိုင်း/ရန်ကုန်)ရုံးများတွင် သွားရောက်ထုတ်ယူပြီး (၇.၆.၂၀၁၇)ရက်နေ့ နောက်ဆုံးထား စာရင်းပေးသွင်းကြပါရန်နှင့်ယှဉ်ပြိုင်မည့်ပြိုင်ပွဲဝင်ပန်းရီ၊ ပန်းပု ရတနာပစ္စည်းများအား (၁၅.၇.၂၀၁၇)ရက်နေ့အရောက် မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ (ကမ္ဘာအေး)၊ ရန်ကုန်မြို့သို့ လာရောက်ပေးပို့ရမည် ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

၂။ ပြိုင်ပွဲတစ်မျိုးစီတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု နှင့် နစ်သိမ့်ဆုများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

**ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**မဟာဗန္ဓုလအငှားအိမ်ရာ နေထိုင်ခွင့်ရရှိသူများအား**
## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မဟာဗန္ဓုလအငှားအိမ်ရာ တိုက်ခန်းများတွင် မဲပေါက်၍ နေထိုင်ခွင့်ရရှိသူများအနက် တည်ဆောက်ပြီးနေထိုင်ရန်အသင့်ဖြစ်သော တိုက်(၁၈) လုံးကို ပထမအဆင့်အနေဖြင့် ၂၀၁၇ ခုနှစ် ဧပြီလအတွင်းက နေရာချထားပေးပြီးဖြစ်ပါသည်။ ယခုအခါ ထပ်မံပြင်ဆင်ပြီးဖြစ်သော အောက်ဖော်ပြပါ တိုက် ၂၂လုံးကို ထပ်မံခွင့်ပြုနေရာချထားပေးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နေထိုင်ရန်အသင့်ဖြစ်သော တိုက် ၂၂လုံးတွင် နေထိုင်ခွင့်ရရှိသူများသည် တိုက်ခန်းမဲပေါက်သည့်စာရွက်၊ မှတ်ပုံတင်မူရင်း/မိတ္တူ(၄)စုံ၊ သန်းခေါင်စာရင်းမူရင်း/မိတ္တူ(၄)စုံ၊ မိသားစုဓာတ်ပုံ(၄"×၆")(၄) ပုံနှင့်အတူ ၂၂-၅-၂၀၁၇ရက်မှ ၂၆-၅-၂၀၁၇ ရက်အတွင်း ဒဂုံအရှေ့စက်မှုဇုန်စီမံခန့်ခွဲရေးရုံး(ကနောင်ခန်းမ) အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားပါသည်။

**နေထိုင်ရန်အသင့်ဖြစ်သော ဒုတိယအဆင့်တိုက် ၂၂ လုံး**
၃၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊
၂၇၊ ၃၂၊ ၃၃၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၆၊ ၄၈

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၈၃၆၈၁၁**

# NCX Myanmar Co.,Ltd.

**NCX Myanmar Co.,Ltd. (Honda Motor Cycle Myeik Showroom)**
**တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအမြန်အလိုရှိသည်။**

1. **Branch Manager** **Male (1)Post**
   - Any Graduate အသက်(၃၀)မှ (၄၀)ကြား။
   - Branch တစ်ခုလုံးကို စီမံခန့်ခွဲနိုင်ရမည်။
   - Management Skill ကောင်းမွန်ရမည်။
   - လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
   - Computer, Internet-email အသုံးပြုနိုင်ရမည်။
2. **Sales Supervisor** **Male(1)Post**
   - Any Graduate အသက်(၂၅)နှစ်မှ (၃၀)ကြား
   - အရောင်းလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
   - Leadership Skills ကောင်းမွန်ရမည်။
   - Computer, Internet-email အသုံးပြုနိုင်ရမည်။
3. **Head Mechanic** **Male (1)Post**
   - BE, B.Tech (Mechanic) အောင်မြင်ပြီးသူ
   - မော်တော်ဆိုင်ကယ်ပြင်ဆင်ခြင်းလုပ်ငန်း အတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိရမည်။
   - မိမိ၏အဖွဲ့အား ဦးဆောင်နိုင်ရမည်။
4. **Mechanic** **Male(1)Post**
   - အခြေခံပညာအထက်တန်းအဆင့်
   - မော်တော်ဆိုင်ကယ်ပြင်ဆင်ခြင်းလုပ်ငန်း အတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက်၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာတို့နှင့်အတူ အမှတ် ၂၄၊ ကန်ဖျားလမ်းမကြီး Honda Showroom၊ မြိတ်မြို့သို့လာရောက်လျှောက်ထားနိုင်ပါသည်။ info-myk@ncxmyanmar.com သို့ E-mail ဖြင့်ပို့၍လည်းလျှောက်ထားနိုင်ပါသည်။ ဖုန်း-၀၅၉-၄၂၄၉၁၊ ၀၉-၄၅၀၈၉၈၈၃၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မြေနဲလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် ၁၅၁၃(ဘုန်းကြီးကန်)၊ ဦးပိုင်အမှတ် ၁၀က၊ မြေဧရိယာ ၂ ဒသမ ၃၆ ဧက၊ မြေအမျိုးအစား-စက်မှု/စီးပွား(၁၀)နှစ် မြေငှားဂရန်၊ ဟိုတယ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း**
## အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက် ပိုင်ရှင်များဖြစ်ကြသော ဦးအောင်မင်းထင် ၇/ပခမ(နိုင်)၀၀၄၅၃၀ နှင့် ဦးမျိုးကြည်စိုး ၁၂/ကမရ(နိုင်)၀၀၁၃၄၉ တို့မှ မိမိတို့တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးသန်းဦး | ဦးသန့်ဇော် |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁) |

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၀၄၁၁၀၀၃**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**မဟာဗန္ဓုလအငှားအိမ်ရာ၊ ပထမအဆင့် တိုက် ၁၈ လုံး**
**နေထိုင်ခွင့်ရသူများသိရှိရန်အကြောင်းကြားခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မဟာဗန္ဓုလအငှားအိမ်ရာ၊ ပထမအဆင့် တိုက် ၁၈ လုံး (၂၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၁၃၊ ၁၄၊ ၂၅၊ ၂၉၊ ၃၁၊ ၃၄၊ ၃၅၊ ၃၆၊ ၄၅၊ ၄၇၊ ၄၉၊ ၅၀) တွင် တိုက်ခန်းမဲပေါက်သူများအနေဖြင့် အိမ်ခန်းပေါ် တက်ရောက်နေထိုင်နိုင်ရေးအတွက် လာရောက်ဆက်သွယ်ရန် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာခဲ့ရာ တိုက်ခန်း ၄၃၂ ခန်းအနက် ၃၆၅ခန်းမှာလာရောက်ဆက်သွယ်ခဲ့ပြီးဖြစ်သော်လည်း အခန်း ၆၇ခန်းမှာ ယနေ့တိုင်လာရောက် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ လာရောက် ဆက်သွယ်ရန် ကျန်ရှိသူများအနေဖြင့် မဟာဗန္ဓုလအငှားအိမ်ရာစခန်းရုံးသို့ ၃၀-၆-၂၀၁၇ ရက် နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ရန် အကြောင်းကြားပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက အခန်းငှားရမ်းနေထိုင်ရန် စိတ်ဝင်စားခြင်း မရှိဟု သတ်မှတ်၍ ငှားရမ်းနေထိုင်ခွင့်ကို ပယ်ဖျက်၍ အခြားနေထိုင်လိုသူများကို စိစစ်နေရာချထားပေးသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

**မဟာဗန္ဓုလအငှားအိမ်ရာ**
**အိမ်ခန်းနေရာချထားရေးနှင့်ကြီးကြပ်မှုကော်မတီ**
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၈၃၆၈၁၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်း-၂၀)**
**ကျိုက်မရောမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၄**

မရှာဟီဒါဘီ **နှင့်** မောင်သိန်းဦး(ခ)အာနီဒင်(ခ)ချိုလေး

**တရားလို** **တရားပြိုင်**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ နောင်လုံရပ်နေ(ဘ) ဦးအဒူရှကူး၏သား မောင်သိန်းဦး(ခ) အာနီဒင်(ခ)ချိုလေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက အကြွေးမဟာရ်ရွှေ ၁ကျပ်သား သို့မဟုတ် ကာလတန်ဖိုးငွေ ၉သိန်းနှင့် စားစရိတ်ငွေ ၅၁သိန်း ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဇွန် ၈ ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင် က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းသိန်း)**
**မြို့နယ်တရားသူကြီး**
**ကျိုက်မရောမြို့နယ်တရားရုံး**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ မြဟသ်ာလမ်း၊ အုပ်စု (၁၁)၊ အကွက်အမှတ် (၉၄)၊ ဦးပိုင်အမှတ် ၄၂/၇၀၊ မြေဧရိယာ ၀ဒသမ၈၁၈ဧကရှိမြေကွက်နှင့် အိမ်အမှတ် (၁၀)သည် ဖခင် ဦးဘစန်း ၁၀/မလမ(နိုင်)၀၅၁၂၉၄နှင့် မိခင် ဒေါ်သိန်းတီ ၁၀/မလမ (နိုင်)၀၄၉၄၂၈တို့မှ အမည်ပေါက် ပိုင်ဆိုင်ခြင်းဖြစ်ပါသည်။ ဖခင် ဦးဘစန်းနှင့် မိခင် ဒေါ်သိန်းတီတို့ (၁၃-၅-၁၉၉၇)ရက်တွင် ကွယ်လွန်ခဲ့၍ ၎င်းတို့၏သားသမီး ငါးဦးဖြစ်သော (၁)ဒေါ်အေးမိစန်း ၁၀/မလမ(နိုင်)၀၈၆၄၃၄၊ (၂) ဦးမျိုးသိန်း ၆/ထဝန(နိုင်)၀၃၈၈၄၇၊ (၃) ဒေါ်မူမူလွင် ၁၀/မလမ(နိုင်)၀၈၆၇၃၁၊ (၄) ဦးဖေမောင်သန်း ၁၀/မလမ(နိုင်) ၀၅၀၅၄၇၊ (၅) ဒေါ်မီမီလှိုင် ၁၀/မလမ(နိုင်)၀၄၉၄၆၈တို့မှာ အမွေဆက်ခံခွင့်ရသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်မြေနှင့်အကျိုးဆက်စပ်ခွင့်အားလုံးကိုသော်လည်းကောင်း၊ မြေတစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ အမွေဆက်ခံပိုင်ခွင့်ရှိသူ အဆိုပါမောင်နှမ (၅)ဦး၏ ခွင့်ပြုချက်၊ သဘောတူခြင်းတစ်စုံတစ်ရာမရှိဘဲ တစ်ဦးတစ်ယောက်မျှ ပိုင်းခြားခြင်း၊ အကျိုးဖျက်ဆီးခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်စုံတစ်ရာပြုလုပ်ဆောင်ရွက်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုအေး (စဉ်-၇၁၆၀) LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် L/၁၂၊ မြို့ရှောင်လမ်း၊ မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၂၅၁၁၇၃၂၉၂**

### ဖခင်အမည်မှန်

မြို့သစ်မြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း(ခ)ဦးနေလင်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ ဝက်လွတ်ကျေးရွာ အထက(ခွဲ)ကျောင်း နဝမတန်း(အောင်)မှ မမြနန်းမွန်၏ ဖခင်အမည်မှန်မှာ ဦးတင့်လွင် ၈/ရနခ(နိုင်)၁၁၆၃၂၉ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးခွန်မောင်ဆန်း၏သမီး ကျိုင်းတုံမြို့၊ အထက(၂)၊ ဒုတိယတန်းအောင်မှ မနန်းဟွမ်ဟိန်းအား နန်းလဝန်းဖြူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**နန်းလဝန်းဖြူ**

### အမည်မှန်

ဦးသက်ဝင်းအောင်၏သား ကျိုင်းတုံမြို့၊ အလက (၄)၊ တတိယတန်းအောင်မှ မောင်ဖွဲ့မြင့်မြတ်၏အမည်မှန်မှာ မောင်ငြိမ်းချမ်းဇေယံ ဖြစ်ပါကြောင်း။ **မောင်ငြိမ်းချမ်းဇေယံ**

### ဖခင်အမည်မှန်

တာချီလိတ်မြို့၊ ဆန်ဆိုင်း (ခ) ရပ်ကွက်၊ အိမ်အမှတ် (၄/၂၃)နေ မောင်ထက်လင်းဦး(ခ)ဂိုဘီသာ ၁၃/နစန(နိုင်)၀၇၀၄၂၃ ၏ ဖခင်အမည်မှန်မှာ ဦးမဟာနန္ဒာ(ခ)ဦးမဟာနန္ဒ ဖြစ်ပါကြောင်း။ **ဦးမဟာနန္ဒာ(ခ)ဦးမဟာနန္ဒ**

### မွေးသက္ကရာဇ်နှင့်အမည်မှန်

တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ နောင်ဘိုကျေးရွာအုပ်စု၊ နောင်ဘိုကျေးရွာနေ (ဘ)စောရိုမူး၏သမီး နော်ဖောဟေရီလေး၏ အမည်မှန်မှာ နော်ဖောဟေရီလင်း ၇/ကကန(နိုင်)၀၈၃၅၀၀ ဖြစ်ကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၁-၁၉၉၅ ဖြစ်ပါသည်။

**နော်ဖောဟေရီလင်း**

### ပတ်စ်ပို့ပျောက်

ကျွန်မ မဂျာဒိမ် ၁/မကန(နိုင်) ၁၈၈၉၄၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၀၀၀၅၇၇၃**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ပြည့်စုံအောင် ၁/မကန(နိုင်)၂၂၄၃၃၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၄၀၁၇၆၆**

### ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက (ခတ်ချို)၊ အဌမတန်း(B)အောင်မှ မဇင်ဇင်မော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ၁/ဝမန(နိုင်)၀၀၉၁၃၇ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့နယ်၊ အလက (ပြည်ထောင်)၊ အဌမတန်းအောင်မှ မောင်ဇင်မျိုးထက်၏ ဖခင်အမည်မှန်မှာ ဦးသုခ ၁/ကဆန(နိုင်)၀၀၅၅၉၆ ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက် မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ် ၇၆၊ ဧရိယာ ၀ဒသမ၄၅၂ဧကရှိ ဦးသက်လင်း အမည်ပေါက် အငှားဂရန် မြေကွက်အား ဦးသက်လင်း ၁၂/အလန(နိုင်)၀၃၃၉၇၃ (ဘ)ဦးရန်အောင်မှ မြေငှားစာချုပ်မူရင်း၊ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားများ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

# မင်္ဂလာဆည်ခံပွဲအခမ်းအနားကျေးဇူးတင်လွှာ

မြစ်ကြီးနားမြို့နေ
(ဦးညွန့်အေး)-ဒေါ်ခင်နွဲ့ဝင်း(အထက်တန်းပြ)တို့၏သားလတ်

**ဗိုလ်ကြီးညီညီဝင်း**
**M.B.,B.S(DSMA),M.Med.Sc(Internal Medicine)**
**တပ်မတော်ဆေးရုံ၊ ခုတင်-၃၀၀(မြစ်ကြီးနားမြို့)**

**နှင့်**

နေပြည်တော်နေ
ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး [ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)]-ဒေါ်ဥမ္မာမြင့်
တို့၏တစ်ဦးတည်းသောသမီး

**မရွှေရည်ဖူးအောင်**
**B.A(English),MBA(YUE),Diploma in English(SEAMEO CHAT)**
**Post-Graduate Diploma in Social Work (YU)**

တို့၏ ၂၁-၅-၂၀၁၇ရက်တွင် နေပြည်တော် HOTEL MAX၌ ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာဆည်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မင်္ဂလာဆည်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတသရေစည်သူဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးတို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ စစ်ဘက် နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဆည်ခံပွဲသို့ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မစုလင်းရှိန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မဇူးဇူးချမ်းမြေ့၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဖူးမွန်မွန်ကျော်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးဖြိုးသီဟဇော်နှင့် ဗိုလ်ကြီးအာကာစိုး၊ မင်္ဂလာသတို့သမီးအရံ မဖူးပွင့်သင်းနှင့် မစုမွန်ရည်အောင်တို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ပြည့်ဝေလျှံ စိန်ရွှေရတနာဆိုင်အားလည်းကောင်း၊ မေတ္တာဖြင့် LED Display Screen ကူညီပေးပါသော Naung Yoe Technologies Co.,Ltd. အားလည်းကောင်း၊ ၂၀-၅-၂၀၁၇ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဋ္ဌေးအားလည်းကောင်း၊ ဤမင်္ဂလာဆည်ခံပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေ မိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးညီညီဝင်း-မရွှေရည်ဖူးအောင်**

## ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၌ သံဃာတော်များ လက်ခံမည်။

၁။ ဓမ္မာစရိယဘွဲ့(သို့မဟုတ်)သာမဏေကျော်ဘွဲ့ တစ်ဘွဲ့ဘွဲ့ရရှိပြီး
၂။ ပညာရပ်တစ်ခုခုကို ဆက်လက် သင်ယူလိုသည့်
၃။ အသက် (၂၇)နှစ်အတွင်းရှိ ရှင်ရဟန်းများ အေးချမ်းစွာ သီတင်းသုံးနေထိုင်လိုပါက
၄။ ဘွဲ့လက်မှတ်မိတ္တူ နှင့် အာမခံ ပုဂ္ဂိုလ် တစ်ဦးဦး၏ ထောက်ခံစာနှင့် အတူ ယနေ့မှစ၍ ဇွန်-၉- ရက်နေ့အထိ လာရောက် လျှောက်ထားနိုင်ပါပြီဘုရား။

ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ မြောက်-ဒဂုံ။ ဖုန်း- ၀၉ ၄၄၄ ၇၀၀ ၁၁၅

# နှစ် (၃၀)ပြည့် ပုလဲရတုမင်္ဂလာ ဆုတောင်းလွှာ

ဖေဖေ ဦးဝင်းသော် (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-မေမေ ဒေါ်သီတာဦး (အလယ်တန်းပြ-ငြိမ်း)တို့၏ ၂၂-၅-၂၀၁၇ ရက်တွင် ကျရောက်သော နှစ် (၃၀)ပြည့် ပုလဲရတုမင်္ဂလာ ရက်မြတ်မှသည် နှစ် (၁၂၀)တိုင် ချစ်သော မိသားစုနှင့်အတူ နိုင်ငံအကျိုး သာသနာအကျိုး ကျန်းမာပျော်ရွှင်စွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ချစ်သားသမီးများ-**
**မောင်ဖြိုးဟိန်းကျော် (PhD Thesis)-မဝင့်ဖူးသော် (M.E Civil)**
**မဖူးပွင့်သော် (B.A Business Management, UK)**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(၃) ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မယွန်းစန္ဒီမိုးအား မမေမိုးစန္ဒီဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေမိုးစန္ဒီ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊အထက(၂)မှ န၀မတန်းအောင်မြင်ခဲ့သော မတင်နီလာဝင်း၏ ဖခင်အမည်မှန်မှာ ဦးတင်ထွေး ၈/မကန(နိုင်)၂၀၆၉၆၇ ဖြစ်ပါကြောင်း။ **ဦးတင်ထွေး**

## မိဘအမည်မှန်

မြိတ်မြို့၊ အခြေခံပညာ အလယ်တန်းကျောင်း(ဗဟို)မှ အဋ္ဌမတန်း အောင်မြင်ခဲ့သော မသူဇာအေး၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမတ်အာမီနှင့်ဒေါ်ချိုချိုမြင့်ဖြစ်ပါကြောင်း။ **ဦးမတ်အာမီ-ဒေါ်ချိုချိုမြင့်**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ ရှမ်းစုရွာမကျေးရွာ (အလက-ခွဲ)မှ အဋ္ဌမတန်းအောင်မြင်သော မောင်တင်မောင်ချို၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၉/ပဘန(နိုင်)၀၉၅၄၄၄ဖြစ်ပါကြောင်း။ **ဦးသန်းထွန်း**

## ဖခင်အမည်မှန်

ပြည်မြို့ အထက(၁) အဋ္ဌမတန်းBတွင် ပညာသင်ကြားနေသော မောင်သူရထွဋ်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ဖြစ်ပါသည်။ **ဦးအောင်အောင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ထူး ၉/ကပတ(နိုင်)၁၇၃၃၀၁၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၉၀၉၂၅**

## အမည်ပြောင်း

မြိတ်မြို့၊ အထက (၂)မှ ဦးရဲကျော်၏သမီး ပထမတန်းအောင် မထက်ထက်ဝင်းကျော်အား ယနေ့မှစ၍ မထက်ထက်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မထက်ထက်ဝင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ စခန်းကြီးရွာ၊ အထက (ခွဲ)၊ န၀မတန်း (အောင်)မှ မနှင်းနန္ဒာလွင်၏ဖခင်အမည်မှန်မှာ ဦးညိုလွင် ၅/မရန(နိုင်)၃၃၀၂၈၂ဖြစ်ပါကြောင်း။ **ဦးညိုလွင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)**
**တောင်တွင်းကြီးမြို့နယ်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၁**

ဒေါ်သျှိန်းသဉ္ဇာအောင် **နှင့်** ဦးရန်ပိုင်စိုး
**တရားလို** **တရားပြိုင်**

တောင်တွင်းကြီးမြို့၊ ခြေမြန်တပ်၊ အမှတ် (၁၀၃)နေ (ဘ)ဦးသိန်းကြည်၏သား ဦးရန်ပိုင်စိုး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သျှိန်းသဉ္ဇာအောင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇွန် ၂ ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူသည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်ယုယုအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တောင်တွင်းကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ မြေကွက်အမှတ် ၄၁၆၀၊ ဧရိယာ၀ဒသမ၀၅၅ဧကရှိ ဒေါ်သန်းသန်းနိုင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်လှဆန်း ၅/ရဥန(နိုင်)၀၇၆၁၂၆(ဘ)ဦးမင်းဝင်မှ မြေပေးမိန့်မူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း၊ ကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၄၇**

| တရားလိုများ | | တရားပြိုင်များ |
|---|---|---|
| ၁။ ဒေါ်အေမီဝင်း | နှင့် | ၁။ ဒေါ်လှလှ |
| ၂။ ဦးချစ်စန်းမောင် | | ၂။ ဒေါ်တင်တင်လှ |
| ၃။ ဦးအောင်ဇော်မြင့်ဝင်း | | ၃။ ဒေါ်တင်တင်ထွေး |
| ၄။ ဒေါ်ကြည်ကြည်ဝင်း | | ၄။ ဒေါ်တင်တင်ရွှေ |
| ၅။ မခင်ရတနာ | | ၅။ ဒေါ်ငယ်ငယ်ထွေး |
| ၆။ ကောင်းခန့်ဗိုလ် | | ၆။ ဒေါ်စုမွန်လှိုင် |
| ၇။ ယွန်းမြတ်နဒီ(အရွယ်မရောက်သေးသူ) [(၁)မှ(၆)တရားလိုများ၏အခွင့်ရကိုယ်စားလှယ်နှင့်(၇)တရားလို၏ နီးစပ်ရာမိတ်ဆွေ ဦးရွှေဝင်း] | | ၇။ ဒေါ်နုစီမာ |
| | | ၈။ ဦးဝင်းနိုင် |
| | | ၉။ ရွှေလရောင်ဆည်းဇာနိုင် ] အရွယ်မရောက်သေးသူ |
| | | ၁၀။ ငွေလရောင်ဆည်းဇာနိုင် ] (တရားပြိုင် ၉၊ ၁၀တို့၏ အုပ်ထိန်းသူ ဦးဝင်းနိုင်) |

ဒေါ်တင်တင်ထွေး၊ ဒေါ်ငယ်ငယ်ထွေး၊ အမှတ် ၂၃၀/၅၉၊ ရွှေဝါမြေလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိသူ)များသိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မေ၃၁ ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ထွန်းသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## (၁၂)ကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစု ဆရာကန်တော့ပွဲ ဖိတ်ကြားလွှာ

၁။ ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီမှုအသင်းက ကြီးမှူးကျင်းပသော (၁၂)ကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစု သက်ကြီးဝါကြီး ဆရာကန်တော့ပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

(က) **နေ့ရက်** - ၂၈-၅-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
(ခ) **အချိန်** - နံနက် ၉ နာရီ
(ဂ) **နေရာ** - ကုန်သွယ်လယ်ယာဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်

၂။ သို့ပါ၍ ကုန်သွယ်လယ်ယာ၌ ရာထူးအသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအနေဖြင့် သက်ကြီး ဝါကြီး ဆရာကြီးများအား တွေ့ဆုံဂါရဝပြုနိုင်ရန်အတွက် ဆရာကန်တော့ပွဲသို့ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက အကျိုးအကြောင်းဖော်ပြပြီး ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | လျှောက်ထားသူ၏ | | လျှောက်ထားမြေကွက်၏ | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | အမည် | နေရပ်လိပ်စာ | အမှတ် | အမည် | ဦးပိုင်အမှတ် | ဧရိယာ | |
| ၁ | ဦးအောင်ကြည် ဒေါ်အေးအေးနိုင် | အမှတ်(၈)ရပ်ကွက် ဇေယျဝတီ(၂)လမ်း ပုသိမ်မြို့ | ၁၁၈ | ကသဲစု | ၁၁၁ | ၀.၀၇၂ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၂ | ဦးအောင်ကြည် | အမှတ်(၈)ရပ်ကွက် ဇေယျဝတီ(၂)လမ်း ပုသိမ်မြို့ | ၁၁၈ | ကသဲစု | ၁၁၀ | ၀.၀၂၁ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၃ | ဒေါ်စန်းစန်းနွဲ့ | အမှတ်(၈)ရပ်ကွက် ချဉ်ပေါင်ကုန်း ပုသိမ်မြို့နယ် | ၁၁၅ | ကျောက်စရစ် ကုန်းအရှေ့ကွင်း | ၇/၁ | ၀.၁၃၂ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၄ | ဒေါ်ဝင့်သူအောင် | အိမ်အမှတ်(J-၁၃) လမ်းသွယ်(၃)လမ်း ပုသိမ်မြို့ | ၅၂ | ကင်မလင်း ကျွန်းကွင်း | J-၁၃၊ J-၁၄၊ | ၀.၀၄၁ ၀.၀၀၅ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၅ | ဒေါ်လှဲ့လှဲ့ဝင်း | အမှတ်(၁၅)ရပ်ကွက် ကုန်းကြီးကျေးရွာ | ၁၆၃-C | မြက်တို ဘူတာရုံ | B-၃၇ | ၀.၀၈၂ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၆ | ဦးတင်ဆန်း | အမှတ်(၂)ရပ်ကွက် သမတ(၂)လမ်း | ၆၁ | ကွင်းလမ်း | ၄၅ | ၀.၀၅၅ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၇ | ဦးထွန်းထွန်းနိုင် | အမှတ်(၁၅)ရပ်ကွက် မြက်တိုတိုးချဲ့လမ်း | ၁၆၃-B | ထန်းကုန်း | M-၁၀၆ | ၀.၀၅၅ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၈ | ဒေါ်ဝါဝါဖေါ | အမှတ်(၁၅)ရပ်ကွက် ပုန်းညက်လမ်း | ၁၆၃-ဃ | မြက်တို ဘူတာရုံ | A-၂၁ | ၀.၀၈၃ | မြေပေးမိန့် လျှောက်ထားခြင်း |

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

MYANMAR GOLF FEDERATION

MYANMAR GOLF TOUR

PROFESSIONAL GOLFERS ASSOCIATION MYANMAR

# MYANMAR GOLF TOUR 2017

Presented by

# MZM

MYANMAR ZWE MANN Co., Ltd.

၂၅ - ၂၈၊ မေလ၊ ၂၀၁၇

ရွှေနတ်တောင်ဂေါက်ကွင်း၊ မော်လမြိုင်။

Organized by MYANMAR GOLF FEDERATION


## အမည်မှန်

ပြင်ဦးလွင်မြို့၊ အနီးစခန်း(အထက)၊ အဋ္ဌမတန်း (C) တွင် ဖြေဆိုအောင်မြင်ခဲ့သော (ဘ) ဦးရာရီဒီး ၁/ခဘဒ(နိုင်) ၀၀၃၉၈၉၏ သမီးဖြစ်သူ အမည်မှန်မှာ မတာဖီဟွာ ဖြစ်ပါသည်။

**မတာဖီဟွာ**

## အမည်ပြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ အထက (၃) နဝမတန်း(E) မှအောင်မြင်သော (ဘ) ဦးတင်ဆွေဦး၏သမီး မဇာနည်ဝင်း၏ အမည်မှန်မှာ မဇာနည်ဝင်းပြည့် ၉/ပမန(နိုင်)၂၇၃၀၅၈ ဖြစ်ပါကြောင်း။

**မဇာနည်ဝင်းပြည့်**

## မွေးသက္ကရာဇ်အမှန်

လယ်ဝေးမြို့၊ အထက (၁)၊ စတုတ္ထတန်းအောင်မြင်သူ(ဘ)ဦးမင်းမင်းဖြိုး၏သမီး မကနုတ်သွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၆-၂၀၀၇ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

အလကစံဝါအောင်မှ အဋ္ဌမတန်းအောင်မြင်သူ မောင်ရဲကျော်ထက်၏ မိဘအမည်မှန်မှာ ဦးကျော်နိုင်ဦး - ဒေါ်ခင်ဆွေဦး ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်ဦး-ဒေါ်ခင်ဆွေဦး**

## အမည်မှန်

ဦးကျော်လှိုင်၏သမီး မုံရွာမြို့၊ နယ်မြေအမှတ် (၁၂)၊ ၂၇ လမ်း၊ စစ်မှုထမ်းရပ်ကွက်နေ ဒေါ်ပူစူးမ၏ အမည်မှန်မှာ ဒေါ်နွဲ့ယဉ်ဝင်း ၁/မညန(နိုင်)၁၁၅၄၇၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ အလက(နန္ဒဝန်) နဝမတန်းမှ မောင်ကျော်နိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၅/မရန(နိုင်)၁၅၅၆၆၈ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ ဘိုးပိုက်ဆံ(၂)ရပ်ကွက်နေ ဦးဖားဘော်-ဒေါ်ရွှေမယ်တို့၏သမီး နော်မာတာ ၇/ကတခ(နိုင်)၀၆၁၉၇၁၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၃-၁၉၇၃ ဖြစ်ပါသည်။


တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် Professional အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိနိုင်မည့်" Only One School in Myanmar "

IT

System Creator Course

PC Design Creator Course

IT Office Management Course

Create Your Future Together !

ဂျပန် IT ကုမ္ပဏီတစ်ခုဖြစ်သော Metro Group မှ တည်ထောင်ထားပြီး ဂျပန်နိုင်ငံ၏ ITနည်းပညာရပ်များနှင့် ဂျပန်ဘာသာကို တွဲဖက်၍ သင်ကြားပေးသည့် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော သင်တန်းကျောင်း!!!!

METRO IT & Japanese Language Centre

System Creator Course ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ ( Seminar )

နေ့ရက် : 28 - 05 - 2017 ( Sunday )

အချိန် : 1:00 pm to 3:00 pm

နေရာ : Metro IT & Japanese Language Centre

System Creator Course (2017 July Intake)

ကျောင်းအပ်လက်ခံနေပါပြီ။



စိတ်ပါဝင်စားသူမည်သူမဆိုဖုန်းဖြင့်ကြိုတင်၍ စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

Seminar တက်ရောက်သော ကျောင်းသားကျောင်းသူများသာ တက်ရောက်နိုင်မည့် Free Trial Lecture ကိုလည်းစီစဉ်ထားရှိပါသည်။

Metro ကျောင်းနှင့် သင်ကြားရေးဆိုင်ရာများကို အသေးစိတ် သိရှိလိုပါက Metro IT & Japanese Language Centre သို့ လာရောက်၍လည်း ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

နယ်အဝေးမှကျောင်းသားနှင့် မိဘများမှ သိရှိလိုသည့် အကြောင်းအရာများကို ရုံးချိန်အတွင်း (နံနက် ၈း၃၀ မှ ညနေ ၁၇း၃၀ထိ) ဖုန်းဖြင့်လည်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

Room No(A,B,C,D) တတိယထပ်၊ Kyaw Business Tower Condo၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

Faecebook => metrogroupmyanmar Website => http://metro-myanmar.com/mic Mail => mminfo@metro-myanmar.com

09-976334160

01-372691


ပညာစိမ်းရန် စာအုပ်တိုက်
ပညာချွန်
၅၊၆၊၇ တန်းများအတွက် သင်ရိုးကုန်၊ အဖြေစုံ
ထူးထူးခြားခြားရှင်းကွက်များအား
အသစ်စက်စက် ထုတ်ဝေလိုက်ပါသည်။
ရှင်းလင်းချက်များအား 2 Color ဖြင့်ပုံနှိပ်ထားသည့်
ထူး ထူး ခြား ခြား ရှင်း ကွက် များ
၄၊၅၊၆၊၇၊၈၊၉၊၁၀၊
၊ သင်ရိုးကုန် ၊ အဖြေစုံ ၊
အင်္ဂလိပ်စာ ဦးစိန်ဝင်း
(ငြိမ်းချမ်းဆေးခန်း)
NEW
NEW
NEW
GRADE-6 ENGLISH
GRADE - 7, ENGLISH
အမြို့မြို့အနယ်နယ်မှ
စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
အမှတ်(၂၂၈)၊ အနော်ရထာလမ်း နှင့် ၃၉လမ်း(အထက်) ထောင့်ချိုး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁- ၂၅၃ ၁၄၃၊ ၀၁-၃၇၉၀၄၀၂၊ ၀၉-၅၁၃၆၇၄၆၊ ၀၉-၄၅၅၁၆၀၁၅၀


BLUE DIAMOND CEMENT
ဘလူးဒိုင်းမွန်းဘိလပ်မြေ
BLUE DIAMOND CEMENT
STRENGTH FOREVER
PORTLAND CEMENT
NET WEIGHT
50 Kg
ဘလူးဒိုင်းမွန်းဘိလပ်မြေကို ကိုရီးယားမှ ထိပ်တန်းအင်ဂျင်နီယာများနှင့်
ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့်
မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။
WWW.BLUEDIAMONDCEMENT.COM
09-777-777-688
WWW.FACEBOOK.COM/BLUEDIAMONDCEMENT


Healthcare Call Center
သိလိုသမျှ ကျန်းမာရေး 7887 ဖုန်းဆက်မေး
၂၄ နာရီ ဝန်ဆောင်မှု
Healthcare Call Center
7887
MPT
အထွေထွေရောဂါဝေဒနာများ၊ အထူးကုဆရာဝန်ကြီးများနှင့်ဆေးရုံဆေးခန်းလမ်းညွှန်၊ မျိုးဆက်ပွားကျန်းမာရေး၊
အလှအပနှင့်နေထိုင်မှုပုံစံများ၊ ရင်တွင်းခံစားချက်များစသည့် ကျန်းမာရေးအသိပညာဗဟုသုတများနှင့်ပတ်သက်၍
MPT မိုဘိုင်းလ်ဖုန်းဖြင့် Hotline နံပါတ် 7887 သို့ ခေါ်ဆိုပြီး ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါပြီ။
www.healthcare.com.mm

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးစိုးမြင့် အသက်(၆၂)နှစ်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ဝန်ကြီးရုံး၊ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးစိုးမြင့်သည် ၁၇-၅-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြဝင်း-ဒေါ်ခင်မြဝင်း**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)**
**အဆောက်အအုံ အထူးအဖွဲ့(၂)**
**အဆောက်အအုံဦးစီးဌာန၊ ရန်ကုန်မြို့**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်မောင်အေး

**လက်ထောက်ညွှန်ကြားရေးမှူး(၁)**
**စက်မှုတိုင်း(၃)**
**ဆည်/ရေ ဦးစီးဌာန**
**ပြည်မြို့**
**အသက်(၅၉)နှစ်**

ပြည်မြို့၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု) ဦးမြင့်မောင်အေးသည် ၂၀-၅-၂၀၁၇ရက် (စနေနေ့) တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူး(စက်မှုတိုင်း-၂)နှင့်**
**အရာထမ်း၊ အမှုထမ်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်မောင်အေး

**လက်ထောက်ညွှန်ကြားရေးမှူး(၁)၊ စက်မှုတိုင်း(၃)**
**ဆည်/ရေဦးစီးဌာန၊ ပြည်မြို့**
**အသက်(၅၉)နှစ်**

ပြည်မြို့၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု) ဦးမြင့်မောင်အေးသည် ၂၀-၅-၂၀၁၇ရက် (စနေနေ့) တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ**
**ဦးကျော်သိန်း ဒုတိယညွှန်ကြားရေးမှူး (စက်မှုတိုင်း-၃)**
**ဦးသိန်းထွေး ဒုတိယညွှန်ကြားရေးမှူး (စက်မှုတိုင်း-၄)**
**ဦးခင်မောင်ဝေ ဒုတိယညွှန်ကြားရေးမှူး (စက်မှုတိုင်း-၂)**
**ဦးစိန်ငွေးဦး လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုတိုင်း-၁)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်မောင်အေး (မိတ္ထီလာ)

**လက်ထောက်ညွှန်ကြားရေးမှူး**
**ဆည်မြောင်းဦးစီးဌာန(စက်မှု)၊ ပြည်မြို့**
**အသက်(၅၉)နှစ်**

သူငယ်ချင်း မြင့်မောင်အေး ၂၀-၅-၂၀၁၇ရက်တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လင်းအောင်လှ၊ သန့်ဇင်၊ ဝင်းထိန်၊ ငွေးလွင်၊ လှဝင်း**
**အေးအေးဝင်း၊ နီနီရှိန်၊ ငယ်ရှိန်၊ အေးနွဲ့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်မောင်အေး (မိတ္ထီလာ)

**လက်ထောက်ညွှန်ကြားရေးမှူး**
**ဆည်မြောင်းဦးစီးဌာန(စက်မှု)၊ ပြည်မြို့**
**အသက်(၅၉)နှစ်**

သူငယ်ချင်း မြင့်မောင်အေး ၂၀-၅-၂၀၁၇ရက်တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မိတ္ထီလာဒေသကောလိပ်၊**
**၁၉၇၇-၁၉၇၈ (1st Batch) မှ သူငယ်ချင်းများ**

---

## ဦးငွေးအောင်(ခ)ဦးပါစီ (မုဒုံ)

**Max Myanmar Co.,Ltd**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက် ၂၀၁၊ အခန်း ၁၃နေ ဦးမောင်မောင်ခင် (အကြီးတန်းအုပ်ချုပ်ရေးအရာရှိ၊ ငြိမ်း၊ MOGE )-(ဒေါ်မြင့်မြင့်ခင်)တို့၏သားသမက်၊ ဦးထွန်းငွေ(ဆောက်လုပ်ရေးအင်ဂျင်နီယာ)-ဒေါ်ခင်ဆွေဦး(အင်းစိန်)၊ ဦးဆန်နီ (Myint & Associated Limited)၊ ဒေါ်မေခိုင်ဦး၊ ဒေါ်နီနီခင်(MOGE/ထွေစီ) နေပြည်တော်၊ ဦးစိုးဝင်း (ပြည်သူ့လွှတ်တော်)-ဒေါ်အေးအေးသန့်(MOGE/ ထွေစီ)နေပြည်တော်တို့၏ ညီ/မောင်၊ ဒေါ်ချိုနွယ်ဖူး (တိုင်းစိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းငွေစာရင်းရုံးခွဲ၊ နေပြည်တော်ကောင်စီ)၏ခင်ပွန်း၊ မောင်ကျော်ဇင်ထွန်း-မဇွန်ပန်းဖွေး(LL.B)၊ မောင်ဇော်လင်းထိုက်(ရေကြောင်းတက္ကသိုလ်) - ဒေါ်ချယ်ရီထွန်း(Myanmar DCR)၊ မောင်မြတ်သူထွန်း[PC Myanmar (HK)Ltd]တို့၏ဦးလေး၊ မယုယုလွင်(BE Mechatronics) WYTU၊ မောင်ခိုင်ထွန်း(ဆင်တဲစက်မှုသင်တန်းကျောင်း)၏ဖခင်သည် ၂၁-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၅-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်သင်းသင်းဆက်

**B.Sc (Hons) (Zoo) 1995 Batch, DMA, MBA,**
**(Director) (Zifam Pyrex Myanmar Co., Ltd.)**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောင်းလမ်း၊ အမှတ် ၃နေ ဦးကျော်နိုင်စိုး BE,Civil (95, Sept)၏ချစ်လှစွာသောဇနီး ဒေါ်သင်းသင်းဆက်သည် ၁၉-၅- ၂၀၁၇ရက်(သောကြာနေ့) ၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**YIT, Civil (95,Sept) မှ သူငယ်ချင်းများ**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဒေါ်တင်လှ (မြစ်ကျိုး)

**အသက်(၈၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးတိုက်နယ်နေ (ဦးမောင်ခင်-ဒေါ်မြစိန်)တို့၏သမီး၊ (ဦးမြသန်း-ဒေါ်မြကြည်)၊ (ဦးသိန်းဟန်)-ဒေါ်တင်ကြည်၊ ဦးသန်းဝေ-(ဒေါ်စိန်အေး)၊ (ဒေါ်သန်းမြင့်)တို့၏ညီမ၊ (ဦးသိန်းမြင့်)-ဒေါ်ကြည်ကြည်အေး၊ ဦးအုန်းမြင့်(ဥပဒေချုပ်၊ ပဲခူးတိုင်းဒေသကြီး)-(ဒေါ်ခင်သီနွယ်)၊ ဦးမှတ်-(ဒေါ်သန်းစိန်)၊ ဒေါ်ခင်ဝင်း(ဗိုလ်မှူးကြင်စိုး)-ဒေါ်ခင်သန်းဝင်း၊ [ဦးစိုးသိမ်း(ခ)မောင်ဝံသ]-ဒေါ်မြင့်မြင့်တို့၏အစ်မ၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက် (ပေါက်မြိုင်)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၃၃၈နေ (ဦးကြီးရှန်)၏ဇနီးသည် ၂၁-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၅-၂၀၁၇ရက် (စနေနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းတင်

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၇-B)၊ ကျော်သူ ၂၅လမ်း၊ (၉)ရပ်ကွက်နေ ဦးသိန်းသန်း၏ဇနီး၊ ဦးသိန်းကျော်-ဒေါ်နုနု[တရုတ်(တိုင်ပေ)]၊ မအေးအေး(ခ)မအန်နီ၊ ဦးမောင်မောင်လွင်-မသီတာ၊ ဦးမောင်မောင်ခင်-ဒေါ်ခင်သက်ထား၊ ဦးမောင်မောင်တင်-ဒေါ်သူဇာသန်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၀-၅-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရင်ကြွေ (ဗိုလ်ချုပ်အောင်ဆန်းဈေး)

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ပိုက်လုံးလမ်း၊ အမှတ် ၇၀ (F.4)နေ (ဦးမြမောင်-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးဆန်နီ)၏ဇနီး၊ ဦးထွန်းအောင်ကျော်-ဒေါ်မြမြသိန်း၊ ဒေါ်တင်အေးကြည်၊ ဦးဝင်းထိန်-ဒေါ်ခင်အေးချို၊ ဦးနေဝင်း-(ဒေါ်အေးမိစံ)၊ (ဦးဇော်ဝင်း)-ဒေါ်စန္ဒာအောင်၊ ဦးညွှန့်ဝင်းနှင့်ဇနီး၊ ဦးစိန်မြဦး၊ ဦးစိန်လှ၊ ဒေါ်မြင့်မြင့်မော်၊ ဦးသိန်းဝင်း၊ ဦးသိန်းလွင်တို့၏အစ်မ၊ ဦးနန္ဒအောင်၊ ဒေါ်မြကေသွယ်တို့၏မိခင်သည် ၂၀-၅-၂၀၁၇ရက် (စနေနေ့) ညနေ ၃း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်မောင်အေး

**လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)**
**အသက်(၅၉)နှစ်**

ပြည်မြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း (၃)၊ စက်မှုအလုပ်ရုံ အဆင့်(ခ)မှ ဦးမြင့်မောင်အေး (လက်ထောက်ညွှန်ကြားရေးမှူး-စက်မှု)သည် ၂၀-၅-၂၀၁၇ရက် နံနက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(စက်မှု)နှင့်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်မောင်အေး

**လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)**
**အသက်(၅၉)နှစ်**

ပြည်မြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း (၃)၊ စက်မှုအလုပ်ရုံ အဆင့်(ခ)မှ ဦးမြင့်မောင်အေး (လက်ထောက်ညွှန်ကြားရေးမှူး-စက်မှု)သည် ၂၀-၅-၂၀၁၇ရက် နံနက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(စက်မှု)နှင့်ဝန်ထမ်းများ**
**စက်မှုတိုင်း(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ရန်ကုန်မြို့**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်မောင်အေး

**လက်ထောက်ညွှန်ကြားရေးမှူး(၁)**
**စက်မှုတိုင်း(၃)**
**ဆည်/ရေ ဦးစီးဌာန**
**ပြည်မြို့**
**အသက်(၅၉)နှစ်**

ပြည်မြို့၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု) ဦးမြင့်မောင်အေးသည် ၂၀-၅-၂၀၁၇ရက် (စနေနေ့) တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူး(စက်မှုတိုင်း-၃) နှင့်**
**အရာထမ်း၊ အမှုထမ်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမြင့်မောင်အေး

**လက်ထောက်ညွှန်ကြားရေးမှူး(၁)**
**စက်မှုတိုင်း(၃)**
**ဆည်/ရေ ဦးစီးဌာန**
**ပြည်မြို့**
**အသက်(၅၉)နှစ်**

ပြည်မြို့၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု) ဦးမြင့်မောင်အေးသည် ၂၀-၅-၂၀၁၇ရက် (စနေနေ့) တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လက်ထောက်ညွှန်ကြားရေးမှူး-၂**
**စက်မှုတိုင်း(၃)နှင့်**
**အရာထမ်း၊ အမှုထမ်းများ**

---

## ဦးကျော်ဖေ

**(မာန်အောင်/ကျောက်ဖြူ)**
**ပြည်တွင်းအခွန်ဦးစီးမှူး(ငြိမ်း)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ငြိမ်းလမ်း၊(၆)ရပ်ကွက်၊ တိုက် ၂၃၉၊ အခန်း ၁၁နေ (ဦးဖိုးထွန်း-ဒေါ်မြစိန်ဦး)တို့၏သား၊ ဒေါ်သိန်းယဉ်၏ခင်ပွန်း၊ (ဒေါ်မြစိန်)၏မောင်၊ (ဦးမောင်ဖြူ)၏အစ်ကို၊ ဒေါ်ထက်ထက်ကျော်၏ ဖခင်သည် ၁၉-၅-၂၀၁၇ရက် ညနေ ၆း၃၀နာရီတွင် ရွှေပုပ္ပါးဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၅-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းလှိုင်

**(ဒုံးပျံ အိုင်အိုဒင်းဆား)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ် ၁၃၂-B၊ ၇လွှာနေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဦးဇော်မင်း (B.A၊ History)၊ ဦးဇော်ဝင်း-ဒေါ်ခင်စန်းမြင့်၊ ဦးဇော်လွင်-ဒေါ်မိမိထူး၊ ဒေါ်ခင်သန်းဝင်း-ဦးမျိုးမင်း၊ ဦးဇော်နိုင်-ဒေါ်စုမြတ်နိုး၊ ဦးဇော်ထွန်းတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၂၀-၅-၂၀၁၇ရက် (စနေနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးဝင်းနွယ် (မြင်းမူ)

**လက်ထောက်ညွှန်ကြားရေးမှူး**
**တောင်ငူခရိုင်(လဝက)**
**အသက်(၆၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၁၈၊ ၄လွှာ(ဝဲ)နေ (ဦးနွဲ့ယဉ် - ဒေါ်ခွက်)တို့၏သား၊ (ဦးစိန်ထွန်း)-ဒေါ်အေးကြည်တို့၏သားသမက်၊ဦးမြင့်အောင်-ဒေါ်စန်းစန်းဝင်း၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ကြည်တို့၏ ညီ/မောင်၊ ဦးသက်တင်-ဒေါ်နုနုခင်၊ ဒေါ်သန်းသန်းဝင်း၊ ဦးနိုင်အောင်-ဒေါ်မျိုးသူဇာနိုင်၊ ဦးမျိုးနိုင်-ဒေါ်ခင်စန်းလှိုင်တို့၏မောင်/အစ်ကို၊ ဒေါ်စိုးစိုးဝင်း (အထက-၃၊ ပုဇွန်တောင်)၏ ခင်ပွန်း၊ မောင်မိုးကျော်စိုး B.E (ME)၊ မောင်မိုးဇော်စိုး B.E (Civil) Victoria University College တို့၏ချစ်လှစွာသောဖခင်သည် ၂၂-၅-၂၀၁၇ရက် နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးငွေးအောင်(ပါစီ) (မုဒုံ)

**B.Ag (၁၉၈၁)**
**အသက်(၅၃)နှစ်**

မုဒုံမြို့၊ အရဟံလမ်း၊ အမှတ် ၂၀နေ (ဦးချစ်သန်း)-ဒေါ်မြကြည်တို့၏သား၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၃)ရပ်ကွက်၊ ၁၂လုံးတန်း၊ တိုက် ၂၀၁၊ အခန်း ၁၃နေ ဦးမောင်မောင်ခင် - (ဒေါ်မြင့်မြင့်ခင်) တို့၏သားသမက်၊ ဒေါ်ချိုနွယ်ဖူး (နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းစိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းငွေစာရင်းရုံးခွဲ)၏ခင်ပွန်း၊ မယုယုလွင် (BE Mechatronic)၊ မောင်ခိုင်ထွန်း(ဆင်တဲစက်မှုသင်တန်းကျောင်း)တို့၏ ဖခင်သည် ၂၁-၅-၂၀၁၇ရက် နံနက် ၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ရန်ကင်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစောလွင်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း(အလယ်)၊ အမှတ် ၁၃၉နေ (ဦးထွန်းခင်-ဒေါ်သန်းတင်)တို့၏သား၊ (ဒေါ်ရီရီ)၏ခင်ပွန်း၊ ဦးသန်းထွဋ်-ဒေါ်ယဉ်သီတာလတ်(M.O.G.E)၊ ဒေါ်ရီရီလွင်(အမက-၁၈၊ မူလွန် သာကေတ)၊ ဦးမင်းထွဋ်(ပြည့်စုံထက်မြင့်ကုမ္ပဏီ၊ ပုလဲထုတ်လုပ်ရေး)-ဒေါ်လဲ့လဲ့ခိုင်-ဒေါ်ကြည်ကြည်လွင်(Shwe FM Radio)၊ ဦးတင်ထွဋ်(Shwe Than Lwin Trading)-ဒေါ်ခင်သီတာငွေး၊ ဦးအောင်ဇော်(Shwe Than Lwin Trading)-ဒေါ်နီလာဝင်း၊ (ဦးအောင်မော်)-ဒေါ်ဆွေဆွေလင်း(Shwe FM Radio)တို့၏ဖခင်၊ မယဉ်မေဦး၊ မောင်ဝေဖြိုးအောင်၊ မောင်မင်းခန့်စည်သူ၊ မယွန်းနဒီဇော်၊ မောင်ဝင်းဘုန်းပြည့်၊ မမေပြည့်စုံသာတို့၏အဘိုးသည် ၂၁-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၁း၃၅နာရီတွင် ပန်းလှိုင် စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၅-၂၀၁၇ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးကျင်

**အသက်(၇၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝါးပုံကုန်းကျေးရွာနေ (ဦးကျော်ဖေ-ဒေါ်လှတင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ(ဦးသိန်းဝင်း)-ဒေါ်မီမီသန့်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၃၀၁နေ ဒေါ်သီသီသန့်(တပ်/မိုးကာဖျင်၊ ငြိမ်း)၊ ဦးတင်မောင်သန့်(Moon Sun ဆီဆိုင်)-ဒေါ်သန်းသန်းအေး(ခ)ပေါက်ပေါက်၊ ဦးသိန်းထွဋ်သန့်-ဒေါ်သီသီခိုင်(ခေတ္တ-ကနေဒါ)၊ ဦးသွင်အောင်သန့်-ဒေါ်သဇင်မွန်(ခေတ္တ-USA)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ (ဗိုလ်ကြီးကြည်လွင်၊ ငြိမ်း)၏ဇနီးသည် ၁၉-၅-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅- ၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၅-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက်တွင် အမှတ် ၃၀၁၊ (၂၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ ရွှေပေါက်ကံမြို့သစ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးမြင့်သူ (သာယာဝတီအသင်း)

**အသက်(၅၇)နှစ်**

သာယာဝတီမြို့နေ (ဦးမောင်မောင်ကျင်-ဒေါ်တင်ကြည်)တို့၏သား၊ (ဒေါက်တာဦးဇော်ဝင်း)-ဒေါ်တင်တင်လှတို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ တိုက် ၃၀၁-ခ၊ အခန်း ၁၀/ခနေ ဒေါ်ဥမ္မာဇော်ဝင်း(ယုဇနပလာဇာ)၏ခင်ပွန်း၊ ဦးဘိုဘို-ဒေါ်ခင်သန်းနွယ်အေးတို့၏မောင်၊ (ဦးကျော်မျိုးဝင်း)-ဒေါ်ခင်လေးမူတို့၏အစ်ကို၊ ပြည့်စုံမင်းဟိန်း၏ဘကြီး၊ ဒေါ်နီလာဇော်ဝင်း၊ ဦးမျိုးဇော်ဝင်းတို့၏အစ်ကိုသည် ၂၁-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရင်ကြွေ

**(ဗိုလ်ချုပ်အောင်ဆန်းဈေး)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ပိုက်လုံးလမ်း၊ အမှတ် ၇၀ (F.4)နေ(ဦးမြမောင်-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးဆန်နီ)၏ဇနီး၊ ဒေါ်တူးတူးမေ၊ ဦးရဲမြင့်လတ်-ဒေါ်စိုးစိုးမေတို့၏အစ်မ၊ ဦးနန္ဒအောင်၊ ဒေါ်မြကေသွယ်တို့၏မိခင်သည် ၂၀-၅-၂၀၁၇ရက် (စနေနေ့)ညနေ ၃း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးဝင်းလွင်(ခ) ဦးကျင်းဟုန် (မြိတ်)

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း ၈လမ်း၊ အမှတ်(၆-ခ)၊ ပထမထပ်နေ(ဦးစွီးယာ-ဒေါ်အုန်းကြည်)တို့၏သား၊ (ဦးစိန်ရွှေ)-ဒေါ်ရွှေကြည်တို့၏သားသမက်၊ ဒေါ်မြတ်မြတ်သင်း၏ခင်ပွန်း၊ မောင်အောင်ကျော်မြတ်၊ မောင်ရဲနိုင်မြတ်တို့၏ဖခင်သည်၂၀-၅-၂၀၁၇ရက်(စနေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်နွယ်နီထွန်း

**(ယန္တရားတပ်ခွဲ-တောင်)**
**(လမ်းဦးစီး)(ငြိမ်း)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပေ ၅၀လမ်း၊ လှည်းတန်း၊ အမှတ် ၄၂၊ ငါးလွှာ(ဘီ)နေ (ဦးစိန်ထွန်း-ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ ဦးမြင့်ဆွေ(ယန္တရားတပ်ခွဲ-တောင်)၏ချစ်လှစွာသောဇနီး၊ ဦးအောင်ဇော်မင်း(ဆည်/ရေ)-ဒေါ်အေးမြင့်မြင့်ဟန် (ဆည်/ရေ) တို့၏အစ်မ၊ မောင်လှိုင်ဝင်းထွန်း (Fortune International Co.,Ltd.)-မနုနုဝါရီချို (M.E.C)၊ မောင်ပြည့်စုံ (A.G.D Bank)၊ မောင်သီဟထွန်း-မမေဦးလှိုင်တို့၏မိခင်သည် ၂၀-၅-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၁၇ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးသီဟထွန်း

**(သင်္ချာ၊ ဒဂုံတက္ကသိုလ်)**
**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊အမှတ် ၈၊ တိုက်(A)၊ အခန်း ၁၀၂၊ သစ္စာလမ်းမကြီး၊ (၁၄)ရပ်ကွက်နေ (ဦးထွန်းလွင်-ဒေါ်သန်းကြည်)တို့၏မြေး၊ ဦးထွန်းထွန်း - (ဒေါ်တင်တင်ဝင်း)တို့၏ သား၊ ဒေါ်ဇင်မာအောင်၏ခင်ပွန်း၊ မောင်သန့်သီဟဇော်၏ဖခင်၊ ကိုကျော်ဝေယံလတ်၏အစ်ကိုသည် ၂၁-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၅-၂၀၁၇ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# မောင်တောမြို့ သာယာလှပရေး မြို့နယ်စည်ပင်မှ ငွေကျပ်သိန်းပေါင်း ၂၆၀၀ ကျော် သုံးစွဲမည်



မောင်တောမြို့ပေါ်ပြည်သူများ အားထားအသုံးပြုနေသော မြကန်သာဆည်ကိုတွေ့ရစဉ်

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

**မောင်တော မေ ၂၁**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့ သာယာလှပရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြို့ပေါ်နေပြည်သူများ အားထားအသုံးပြုနေသော မြကန်သာဆည် Conduit အသစ်တပ်ဆင်ခြင်းလုပ်ငန်းအပါအဝင် မြို့ဖွံ့ဖြိုးစည်ပင်ရေးလုပ်ငန်း ၂၀ ဆောင်ရွက်ရန်လျာထားပြီး စုစုပေါင်း ငွေကျပ် ၂၆၄၆၄၅၀၀၀ ကို သုံးစွဲသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**အတတ်နိုင်ဆုံးလုပ်ဆောင်**

"ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကတော့ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကိုယ့်ဝင်ငွေပေါ် ကိုယ်ရပ်တည်ပြီး အဓိကထားဆောင်ရွက်ရတဲ့အဖွဲ့ ဖြစ်ပါတယ်။ မြို့ပြသန့်ရှင်းသာယာလှပရေး၊ လမ်းတံတား၊ ရေပေးဝေရေး စတဲ့မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဘဏ္ဍာနှစ်အလိုက် ငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာ ကွန်ကရစ်လမ်းသုံးလမ်း၊ ကတ္တရာလမ်းနှစ်လမ်း၊ တံတားနှစ်စင်း၊ တခြားရေပေးဝေရေးလုပ်ငန်း စတဲ့အပိုင်းတွေကို ဆောင်ရွက်ခဲ့သလို မြို့သန့်ရှင်းသာယာရေးအတွက် အမှိုက်သိမ်းဆောင်ရွက်မှုအပိုင်းကအစ လစ်ဟင်းမှုမရှိအောင် အတတ်နိုင်ဆုံး လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒီနှစ်မှာလည်း ယခင်နှစ်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး မြို့သာယာလှပအောင် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ထပ်မံတိုးချဲ့လုပ်ဆောင်သွားဖို့ ရှိပါတယ်"ဟု မောင်တောမြို့နယ်

*စာမျက်နှာ ၈ ကော်လံ ၁*

# ဂျပန်နိုင်ငံ တိုကျိုမြို့ ဇုန် (၆) လက်ဝှေ့ပြိုင်ပွဲတွင် စောဂေါ်မူဒို(မြန်မာ)က ဝီရာဝပ်ဆစ်ကန်းပါး(ထိုင်း)ကို ပထမအချီမှာပင် အလဲထိုးအနိုင်ယူ



ဂျပန်နိုင်ငံမှ ရိုးရာလက်ဝှေ့ကျော် စိန်ခေါ်ပွဲတွင် စောဂေါ်မူဒို(မြန်မာ)နှင့် ဝီရာဝပ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်

**သတင်း- မင်းခေတ် ၊ ဓာတ်ပုံ- မိုးမခ**

**ရန်ကုန် မေ ၂၁**

ဂျပန်နိုင်ငံ တိုကျိုမြို့တိုကျိုတာဝါ မီဒီယာစင်တာ၌ ယနေ့ ညနေ ၃ နာရီတွင်ကျင်းပသည့် ZONE - 6 Myanmar Lethwei and Kickboxing Event လက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲစဉ်များကို အဓိကပွဲစဉ်များအဖြစ် ထည့်သွင်းကျင်းပရာ စောဂေါ်မူဒို(မြန်မာ)က မွေထိုင်းလက်ဝှေ့ကျော် ဝီရာဝပ်ဆစ်ကန်းပါး(ထိုင်း)ကို ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

**အမှတ်စဉ်ရေတွက်**

အဓိကပွဲစဉ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်သည့် စောဂေါ်မူဒို(မြန်မာ)နှင့် မွေထိုင်းလက်ဝှေ့ကျော် ဝီရာဝပ်ဆစ်ကန်းပါး(ထိုင်း)တို့ပွဲတွင် ပွဲစသည်နှင့် စောဂေါ်မူဒိုက ဘယ်ညာတွဲလုံးများကို စွဲသုံးကာ ခြေကန်ချက်များဖြင့် တစ်ဟုန်ထိုးတိုက်ခိုက်သဖြင့် အထနှေးသော မွေထိုင်းလက်ဝှေ့ကျော် ဝီရာဝပ်(ထိုင်း) အငိုက်မိကာ အမှတ်စဉ်ရေတွက်ခံလိုက်ရသည်။ အမှတ်စဉ်ရေပြီး ပြန်အလွှတ်တွင်လည်း အစာကိုမြင်ထားသည့်

*စာမျက်နှာ ၇ ကော်လံ ၄*



## ချယ်လ်ဆီးတို့ ပရီမီယာလိဂ်ဖလား ခြောက်ကြိမ်မြောက်ဆွတ်ခူး

စာမျက်နှာ-၁၂

## Pre SEA Game အကြို ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ မြန်မာပိုက်ကျော်ခြင်းအသင်းက ရွှေ(၂)၊ ငွေ(၁)၊ ကြေး(၁)ရရှိ

စာမျက်နှာ-၁၄

